BETTER IN POLITICS:

# A FEMALE POLITICIAN'S GUIDE

## towards KNOWLEDGE AND EMPOWERMENT

# မာတိကာ


အမှာစကား ၄

**အပိုင်း ၁ - ကျွမ်းကျင်မှုမြင့်မားစေရန် အရည်အသွေးမြှင့်တင်ခြင်း ၅**

**အခန်း(က) ကျွန်မ သိသည် ၅**

၁ ။ နိုင်ငံရေးဆိုသည်ကို ကျွန်မသိသည် ၅

၂ ။ မြန်မာ့နိုင်ငံရေးစနစ်ကို ကျွန်မ နားလည်သဘောပေါက်သည် ၈

၃ ။ ကျား-မ ရေးရာ တန်းတူညီမျှဆိုသည်ကို ကျွန်မသိသည် ၁၂

၄။ နိုင်ငံရေးသမားတစ်ဦးအဖြစ်ဆောင်ရွက်စဉ် မည်ကဲ့သို့ပြုမူနေထိုင်ရမည်ဆိုသည်ကို ကျွန်မ နားလည်သဘောပေါက်သည် ၁၉

၅။ ကျွန်မသည် လမ်းသစ်ကို လျှောက်လှမ်းသူတစ်ယောက်ဖြစ်သည်၊ ရှေ့ဆောင်လမ်းပြ လုပ်ကိုင်သည်၊ အခြားသူများထံမှ အကူအညီများကိုလည်း ရယူနိုင်သည် ၂၃

**အခန်း (ခ) ကျွန်မလုပ်နိုင်သည် ၂၅**

၁ ။ လူအများရှေ့တွင်မိန့်ခွန်းပြောခြင်းနှင့် အချေအတင်ဆွေးနွေးခြင်းတို့ကို ကျွန်မလုပ်နိုင်သည် ၂၅

၂။ အခြားသူများပြောသည်ကို ကျွန်မ နားထောင်ပေးနိုင်သည်။ ညှိနှိုင်းမှုများလုပ်ဆောင်နိုင်ပြီး နိုင်ငံရေးသဘောတူညီချက်များရရှိအောင်လုပ်ကိုင်နိုင်သည် ၂၆

၃။ မဟာဗျူဟာချမှတ်သည့် အဆင့်မြင့်ဆွေးနွေးပွဲများ/အစည်းဝေးများတွင် (အဆင့်တိုင်း ကျွန်မပါဝင် ဆွေးနွေးနိုင်သည်) ၃၁

၄။ ကျွန်မသည် ပါတီနှင့်အဖွဲ့အစည်းနယ်နိမိတ်များကိုကျော်လွန်ပြီးမဟာမိတ်များ ၃၂

ဖွဲ့စည်းလုပ်ကိုင်နိုင်သည်။အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့်လည်း မိတ်ဖက်ပြုလုပ်နိုင်သည် ၃၄

၅။ မိမိ၏ပါတီ၊အဖွဲ့အစည်းအတွင်း ဦးဆောင်မှုအခန်းကဏ္ဍရယူခြင်းကို အဟန့်အတား ၃၆

ဖြစ်စေသည့် အတားအဆီး များကိုဖော်ထုတ်နိုင်ခြင်း ၃၈

၆ ။ လိုအပ်သည့်သတင်းအချက်အလက်ကို ကျွန်မ ရယူ ရှာဖွေနိုင်သည် ၃၈

၇ ။ ကျွန်မသည် ကိန်းဂဏန်းများကိုသဘောပေါက်နားလည်ပြီးအဓိပ္ပါယ်ဖွင့်ဆိုနိုင်သည် ၄၀

**အခန်း (ဂ) နိုင်ငံရေးကို ကျွန်မ ကောင်းစွာလုပ်ကိုင်နိုင်သည် ၄၂**

၁။ နိုင်ငံရေးကို ကျွန်မ ကောင်းစွာလုပ်ကိုင်နိုင်သည် ၄၅

၂။ ကျွန်မသည် မိမိပါတီနှင့် မိမိ၏မဲ ဆန္ဒရှင်ပြည်သူများအတွက်ကောင်းစွာ အမှုထမ်းနိုင်သည် ၄၇

၃။ ကျွန်မသည် အခြားသူများနှင့်ကောင်းစွာပူးပေါင်းဆောင်ရွက်နိုင်သည် ၄၂
၄။ ကျွန်မသည် မီဒီယာများနှင့်ကောင်းစွာပူးပေါင်းဆောင်ရွက်နိုင်သည် ၄၅
၅။ ကျွန်မသည်စည်းရုံးလှုပ်ရှားမှုများကိုကောင်းစွာလုပ်ဆောင်နိုင်သည် ၄၇

အပိုင်း (၂) အသိပညာ၊ ဗဟုသုတသိမှုကိုစွမ်းရည် မြှင့်တင်ခြင်း ၄၉
၁ ။ ကျား-မ ရေးရာအမြင်အရတုန့်ပြန်ထားသောမူဝါဒများ (Gender Responsive Policy) ချမှတ်ရာတွင် သိသင့်သည့် အချက်များ ၄၉
၂။ ကျား-မ ရေးရာအမြင်ပေါင်းစပ်ထည့်သွင်းလုပ်ဆောင်ခြင်း (Gender mainstreaming) တွင်ရှိသိသင့်သည့် အချက်များ ၅၂
၃ ။ ကျား-မရေးရာအမြင်အရတုန့်ပြန်ထားသော ဘဏ္ဍာရေးခွဲဝေလျာထားသတ်မှတ်မှု (Gender Responsive Budgeting - GRB) အကြောင်းသိသင့်သည့်အချက်များ ၅၆
၄။ အမျိုးသမီးနိုင်ငံရေးသမားများအတွက် "ကိုတာစနစ်" အကြောင်း သိသင့်သည့် အချက်များ ၆၀
၅။ အမျိုးသမီးများအားနည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူ စာချုပ် (CEDAW)မှသိသင့်သည့်အချက်များ ၆၁
၅.၁။ စီဒေါသဘောတူစာချုပ် (စီဒေါကွန်ဗင်းရှင်း)
၅.၂။ စီဒေါအစီရင်ခံစာတင်သွင်းခြင်းလုပ်ငန်းစဉ် ၆၁
၆။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များနှင့် ပတ်သက်၍ သိသင့်သည့် အချက်များ ၆၅
၇။ အမျိုးသမီးများ ပူးပေါင်းပါဝင်မှုအတွက် သိသင့်သည့် အချက်များ ၆၆
၇.၁။ ပါတီတွင်း အမျိုးသမီးအဖွဲ့များ (Women’s Wings – WW) ၆၈
၇.၂။ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ (Women’s Caucus) ၆၈
၈။ မြန်မာနိုင်ငံ၏ နိုင်ငံရေး အခြေအနေနှင့် ပတ်သက်၍ သိသင့်သည့်အချက်များ ၇၀
၈.၁။ မြန်မာနိုင်ငံ၏ စံတန်ဖိုးများ ၇၀
၈.၂။ ဖက်ဒရယ်စနစ် (Federalism) ၇၂
၈.၃။ ပထဝီနိုင်ငံရေး ၇၂
၈.၄။ လွှတ်တော်အဆင့်တွင် စီဒေါအကောင်အထည်ဖော် ဆောင်ရွက်မှု ၇၄
၉။ ဒီမိုကရေစီ၏ စံတန်ဖိုးများနှင့် ကျင့်သုံးမှုများအကြောင်း သိသင့်သည့်အချက်များ ၇၅

# အမှာစကား

ဒီမိုကရေစီစနစ်ကျင့်သုံးသည့် နိုင်ငံအားလုံးနီးပါးတွင် နိုင်ငံရေးသမားတစ်ဦး အလွန်ဖြစ်လိုကြပါသည်။ နိုင်ငံရေး သဘောသဘာဝကို နားလည်သူတို့က နိုင်ငံရေးသမားတစ်ဦး၏ အွတ္တိမရည်မှန်းချက်သည် နိုင်ငံသူနိုင်ငံသားတို့၏ အကျိုးစီးပွား၊ လူမှုအသိုင်းအဝိုင်း၏ အကျိုးစီးပွားမှသည် နိုင်ငံ၏ အကျိုးစီးပွားအထိ သယ်ပိုးထမ်းဆောင်သွားရန် ဖြစ်သည်ဟုသဘောပေါက်ရှုမြင်တတ်ကြပါသည်။ သို့ရာတွင် နိုင်ငံသူနိုင်ငံသားများကို ကိုယ်စားပြုနေသည့် နိုင်ငံရေးသမားတစ်ဦး၏လုပ်ငန်းဆောင်တာများသည် မည်မျှတာဝန်များပြားကြီးမားသည်၊ မည်မျှအချိန်ပေးရသည်၊ မည်မျှပင်ပန်းသည်ဆိုသည်ကို မဲဆန္ဒရှင် သာမန်နိုင်ငံသူနိုင်ငံသားများအနေဖြင့် မသိရှိသဘောမပေါက်တတ်ကြပါ။ ကမ္ဘာတဝှန်းလုံးတွင် အမျိုးသမီးနိုင်ငံရေးသမားတို့၏ ဘဝသည် အကြောင်းအချက်ပေါင်းများစွာကြောင့် ကျွန်ုပ်တို့တွေးထင်ထားသည်ထက်ပင်ပို၍ ခက်ခဲကြမ်းတမ်းပါသည်။

ယခုစာစဉ်သည် အမျိုးသမီးနိုင်ငံရေးသမားတစ်ဦးအတွက် "စွမ်းဆောင်ရည်မြင့်တင်ရေးလမ်းညွှန်" ဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ အမျိုးသမီးနိုင်ငံရေးသမာ းတစ်ဦးအနေဖြင့် မိမိကိုယ်မိမိနှင့်မိမိ၏ အလုပ်အပေါ် ယုံကြည်ချက် ပိုမိုမြင့်မားလာစေရန်၊ နိုင်ငံရေး၏ သဘောသဘာဝနှင့် နိုင်ငံရေးသမားတစ်ဦးဖြစ်ရခြင်း၏ အရေးပါသော အခြေခံ သဘောသဘာဝများကို သိရှိနားလည်လာစေရန်၊ အမျိုးသမီးနိုင်ငံရေးသမားများ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရတတ်သည့် အဟန့်အတားများကိုပါသိရှိနားလည်လာစေရန်ဖြစ်ပါသည်။ ထို့အပြင်လည်း၊ ယခု လမ်းညွှန်သည် အမျိုးသမီးနိုင်ငံရေးသမားတစ်ဦးအနေဖြင့် နိုင်ငံရေးခရီးလမ်းလျှောက်လှမ်းရာတွင် အသုံးဝင်မည့် အချက်များ၊ မိမိရွေးချယ်သည့်လမ်းကြောင်းအတွက် စိတ်ဓါတ်ခွန်အားများရရှိကာ အပြုသဘောဆောင်သောစိတ်ဖြင့် ရှုမြင်လာစေရန် ကူညီပေးသွားဖို့ ရည်ရွယ်ပါသည်။

လမ်းညွှန်ချက်များ၏ ပထမပိုင်းတွင် စာဖတ်သူအနေနှင့် မိမိကိုယ်တိုင် စစ်ဆေးကြည့်နိုင်သည့် အချက်များအား စာရင်းပြုစုဖော်ပြထားပြီး ဒုတိယပိုင်းတွင် ကျား-မ ရေးရာနှင့်နိုင်ငံရေးဆိုင်ရာ အသိပညာများကို ကျစ်ကျစ်လစ်လစ်ဖြင့် လိုတိုရှင်းဖော်ပြထားပါသည်။

# tydkif;1 - uRrf;usif;jrif;rIap&ef t&nftaoG;jrifhcif;

## tcef;(u) uRefodnf

### ၁ ။ နိုင်ငံရေးဆိုသည်ကို ကျွန်မသိသည်

"နိုင်ငံရေးဆိုသည်မှာဘာလဲ" ဟူသည်နှင့်ပတ်သက်သည့်သဘောပေါက်နားလည်မှု အမျိုးမျိုးရှိပါသည်။ အခြေခံ အကျဆုံး အဆင့်တွင် နိုင်ငံရေးဆိုသည်မှာ လူအများအနေနှင့်သူတို့နေထိုင်ရာလူမှုအသိုင်းအဝိုင်းနှင့်စပ်ဆိုင်သည့် ဆုံးဖြတ်ချက်များမည်သို့ချမှတ်ကြခြင်းဆိုသည်ပင်ဖြစ်ပါသည်။□. အရွယ်အစားကြီးမားသည့် လူမှုအသိုင်းအဝိုင်းများတွင်မူ ဆုံးဖြတ်ချက်ချသည့်လုပ်ငန်းစဉ်တို့တွင်လူတိုင်းအချိန်ပြည့်ပါဝင်ရန်မဖြစ်နိုင်ပါ။ ထို့ကြောင့် လူမှုအသိုင်းအဝိုင်းတို့သည် လူတိုင်းအတွက်အကျုံးဝင်မည့် စည်းကမ်းဥပဒေများကို ချမှတ်ကြ ရပါသည်။ အထက်ဖော်ပြပါ စည်းမျဉ်း၊ စည်းကမ်းများအရ နိုင်ငံရေးဟူသည် "မည်သူက မည်သည့်အရာကို မည်သည့်အချိန်တွင် မည်သို့ရရှိသည်" (ယှဉ်ပြိုင်ခြင်း) စသည်တို့ကို ဆုံးဖြတ်သတ်မှတ်ပေးရန်ဖြစ်သည့်အပြင် လူမှုအသိုင်းအဝိုင်းအတွင်း ဘုံသဘောတူညီချက်များရရှိရန် ပူးပေါင်းဆောင်ရွက်မှုနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်မှုများရရှိရန် အသုံးပြုသည့် နည်းလမ်းတစ်ခုဖြစ်ပါသည်။ နိုင်ငံရေးဟူသည် ရှောင်လွှဲမရသည့်ယှဉ်ပြိုင်မှု သို့မဟုတ် လိုအပ်ချက်အရ ပူးပေါင်းဆောင်ရွက်မှု ဟုရှုမြင်ကြသည့်အပြင် အချို့က နိုင်ငံရေးဟူသည် တရားမျှတ သည့် လူမှုအသိုင်းအဝိုင်း တခုကိုတည်ဆောက်ခြင်းဟူ၍ ရှုမြင်ကြပါသည်။ နိုင်ငံရေးသည် တရားမျှတမှုနှင့် အခွင့်အရေးများဖြင့် ဆက်စပ်မှု ရှိနေသည်ဟု ရှုမြင်ကြသည်။ ဤရှုမြင်ချက်အရ တရားမျှတမှုနှင့် သာတူညီမျှ ရှိစေရန်တို့အတွက် လူမှုအသိုင်း အဝိုင်းများသည် စည်းမျဉ်းဥပဒေများကိုချမှတ်ကြပါသည်။

ဒီမိုကရေစီစနစ်တွင် နိုင်ငံရေးကိစ္စများကို နိုင်ငံရေးပါတီများမှတဆင့် လုပ်ဆောင်ကြပါသည်။ နိုင်ငံရေးပါတီ ဆိုသည်မှာ နိုင်ငံရေးအယူအဆ၊ ခံယူချက်၊ ယုံကြည်ချက်တို့တူညီရာလူတစ်စုတို့ စုဝေးဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်ပါသည်။ ပါတီဝင်တို့သည် အကျိုးစီးပွား၊ ဖြစ်တည်မှု၊ ခံယူချက် အစရှိသည်တို့တူညီကြပြီး နိုင်ငံရေးရည်မှန်းချက်များပြည့်မီရေးအတွက် အတူတကွပူးပေါင်းလုပ်ဆောင်ကြပါသည်။ နိုင်ငံရေးပါတီများသည် ဒေသန္တရနှင့် နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲများတွင်ပါဝင်ယှဉ်ပြိုင်ကြကာ အစိုးရဖွဲ့စည်းနိုင်အောင် ကြိုးစား အားထုတ်ကြပါသည်။ ဒီမိုကရေစီစနစ်ကျင့်သုံးသည့်လူ့အဖွဲ့အစည်းတစ်ခုတွင် နိုင်ငံရေးပါတီများ၏ အဓိက တာဝန်များမှာ နိုင်ငံရေးအမြင်အယူအဆများဖြစ်ပေါ်လာအောင် ဖန်တီးခြင်း၊ ရွေးကောက်ခံကိုယ်စားလှယ်များနှင့် နိုင်ငံရေးသမားများကို ရွေးချယ်ပေးခြင်း၊ ပန်းတိုင်များ၊ မူဝါဒများပါဝင်သည့် နိုင်ငံရေးရည်မှန်းချက်များ ချမှတ်ခြင်း၊ အစုအဖွဲ့တစ်ခု၏ ရှုထောင့်အမြင်များ၊ လိုအပ်ချက်များ၊ စိုးရိမ်ပူပင်မှုများကို နားထောင်ပေးပြီး လူမှုအသိုင်း အဝိုင်းကြီးအတွင်းပြန်လည်ဝေမျှခြင်း၊ နိုင်ငံသူနိုင်ငံသားများကို နိုင်ငံရေးစနစ်အတွင်း ချိတ်ဆက်ပါဝင်စေခြင်းနှင့် အကယ်၍ ရွေးကောက်တင်မြှောက်ခံရပါက ရရှိလာသည့် နိုင်ငံရေးအာဏာနှင့် လုပ်ပိုင်ခွင့်ကို ကောင်စီများ၊ လွှတ်တော်နှင့် အစိုးရအဖွဲ့တို့တွင် အသုံးပြုခြင်း စသည်တို့ဖြစ်ကြပါသည်။□

ကမ္ဘာ့နိုင်ငံတိုင်းလိုလိုတွင်ပင် နိုင်ငံရေးသည် မတူကွဲပြားသော လူပုဂ္ဂိုလ်အမျိုးမျိုးတို့ကို ဆွဲဆောင်ထားနိုင်ပါသည်။ မဲဆန္ဒရှင် တိုင်းသူပြည်သားတို့၏ နေထိုင်မှုအဆင့်အတန်းတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊ လူများစုအတွက် လုပသောအနာဂတ်များရရှိအောင် ဖန်တီးပေးခြင်းဖြင့် မိမိနေထိုင်ကြီးပြင်းရာလူမှု အသိုင်းအဝိုင်း၊ ဒေသ၊ နိုင်ငံတို့၏ အကျိုးစီးပွားကို အမှန်တကယ်သယ်ပိုးထမ်းရွက်လိုကြသည့် နိုင်ငံရေးသမားများ ရှိနေကြပါသည်။ ထို့အပြင် ဘယ်သူသေသေငတေမာရင်ပြီးရော စိတ်ထားမျိုးရှိကြသည့် နိုင်ငံရေးကို အကြောင်းပြုကာ ကိုယ်ကျိုးစီးပွားရှာတတ်ကြသည့် ဘနဖူးသိုက် တူးမည့်နိုင်ငံရေးသမားများလည်း ရှိနေတတ်ကြ ပါသည်။ မက်မောစ

ရာထွေနှင့်အာဏာတို့နောက်ကို လိုက်နေကြသော နိုင်ငံရေးသမားများလည်း ရှိနေကြပါသည်။ ဤအချက်များကြောင့်ပင် နိုင်ငံရေးသမားစစ်စစ်များအတွက် နိုင်ငံရေးဆိုသည်မှာ ငြီးငွေ့စိတ်ညစ်ညူးဘွယ်ရာ ဖြစ်နေတတ်ပါသည်။

ယခုလမ်းညွှန်စာစောင်ကိုဖတ်ရှုသူအနေဖြင့် နိုင်ငံရေးဆိုသည်မှာ လက်တွေ့ဘဝတွင်မည်သို့ရှိနေတတ်ကြောင်း ကိုယ်ပိုင်အတွေ့အကြုံရှိပြီးသူဖြစ်နေနိုင်ပါသည်။ သို့ရာတွင် နိုင်ငံရေးကဏ္ဍတွင်ပါဝင်ပတ်သက်နေသမျှ ကာလ ပတ်လုံး မျှော်လင့်မထားသောပြဿနာများ ကြုံတွေ့ရနိုင်သည်ကိုပါ သိထားဖို့လိုအပ်ပါသည်။

---

ပြန်လည်စဉ်းစားသုံးသပ်ရန်- မိမိ ဘာကြောင့် နိုင်ငံရေးသမားဖြစ်လာခဲ့ပါသလဲ?
နိုင်ငံရေးသမားတစ်ဦး၏ဘဝသည် ခက်ခဲကြမ်းတမ်းပင်ပန်းပါသည်၊ နေထွက်ကနေနေဝင်အထိ မနားမနေ တကုတ်ကုတ်လုပ်ကိုင်နေရပြီး၊ တခါတရံ မိမိလုပ်ကိုင်နေသည်များကိုပင် ဖြစ်မှဖြစ်နိုင်ပါ့မလားဟု သံသယဝင်မိ သည့် အချိန်အခိုက်အတန့်တွေလည်းရှိခဲ့နိုင်ပါသည်။ ထိုအခါမျိုးတွင် လုပ်ကိုင်နေသည်များကို ခေတ္တရပ်ကာ မိမိကိုယ်မိမိ ပြန်လည်သုံးသပ်ကြည့်ရန်တိုက်တွန်းပါသည်။
မိမိအဘယ်အတွက်ကြောင့်နိုင်ငံရေးသမားဖြစ်လာခဲ့ရပါသနည်း?
နိုင်ငံရေးသမားဖြစ်လာအောင်အဘယ်တွန်းအားတွေကစေ့ဆော်ပေးပါသနည်း?
မိမိ၏ရည်မှန်းချက်ပန်းတိုင်က အဘယ်အရာဖြစ်သနည်း။ နိုင်ငံရေးက မိမိကို ပြောင်းလဲစေခဲ့ပါသလား?
ပြောင်းလဲစေခဲ့သည်ဆိုလျှင် ဘယ်လိုပြောင်းလဲခဲ့ပါသနည်း?
ထိုပြောင်းလဲမှု အတွက်မိမိပျော်ရွှင်မိပါသလား?
မိမိ၏ အကောင်းဆုံးအောင်မြင်မှုက ဘာပါလဲ? မိမိစိတ်ပျက်မိသော အရာရှိပါသလား?

---

အခြားသူများ၏ နိုင်ငံရေးတွင်စိတ်ပါဝင်စားမှုကို မေးခွန်းထုတ်မည့်အစား မိမိ၏အလုပ်ကိုအကောင်း ဆုံးဖြစ်အောင် မည်ကဲ့သို့လုပ်ကိုင်သွားမည်ဆိုသည့်အပေါ်တွင်သာ အာရုံစိုက်ထားသင့်ပါသည်။ စိတ်စွမ်းအင်ကြီးမားပြီး လိုချင်သည့်ပန်းတိုင်မရောက်ရောက်အောင် ကြိုးကိုင်ချယ်လှယ်သွားတတ်သူများနှင့် အဆင်ပြေအောင် မည်ကဲ့သို့ ဆက်ဆံနေထိုင်သွားရမည်ဆိုသည်ကိုလည်း လေ့လာသင်ယူရပါမည်။ နိုင်ငံရေးတွင် အမြဲတမ်းပင် နောက်ကွယ်တွင်တိတ်တဆိတ်ဆောင်ရွက်ခြင်းများ၊ အကွက်ချကြံစည်မှုများ ရှိနေနိုင်ပါသည်။ ထိုအချက်ကို သဘောပေါက်နားလည်လက်ခံထားရပါမည်။ မကြာခဏဆိုသလိုပင် အဆိုပါဖြစ်ရပ်များသည် ပါတီစုံစနစ်အတွက် မရှိမဖြစ်လိုအပ်သော နစ်ဖက်ညှိနှိုင်းသဘောတူညီမှုများနှင့် ဆက်သွယ်ဆက်နွယ် နေတတ်ပါသည်။ နိုင်ငံရေးလောကတွင် လူတိုင်းလူတိုင်းသည် စေ့စပ်ညှိနှိုင်းမှုများပြုလုပ်သည့်အခါ သူတို့အတွက်၊ သူတို့ကိုယ်စားပြုပါတီများအတွက် ဖြစ်နိုင်ချေရှိသော အကောင်းဆုံးရလဒ်ရရှိရန် ကြိုးစားတတ်ကြပါသည်။ သခ်နုပတ္တိဉာဏ်ရွှင်ပြီး ဒူပေနာပေ ခံနိုင်ရည်ရှိမှုသည် ကြင်နာသနားတတ်မှုထက်ပို၍ ခရီးရောက်နိုင်ပါသည်။ ဤအချက်သည် အမျိုးသမီးအချို့အတွက် ခက်ခဲနိုင်ပါသည်၊ အကြောင်းမှာ လူမှုဆက်ဆံရေးနယ်ပယ်တွင် အမျိုးသမီးနှင့်အမျိုးသားတို့ ကျင့်သုံးကြပုံနည်းလမ်းများမတူညီသဖြင့် ဖြစ်ပါသည်။ အကြောင်းအရာတစ်ခု၊ဖြစ်ရပ်တစ်ခုပေါ်တွင် အမျိုးသမီးများနှင့် အမျိုးသားများ တုံ့ပြန်ပုံ မတူညီနိုင်ကြဟု ယေဘုယျအားဖြင့် သတ်မှတ်မျှော်လင့်ထားကြခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ ဥပမာအားဖြင့် အချို့သော လူမှုအဖွဲ့အစည်းများတွင် အမျိုးသမီးများထံမှသိမ်မွေ့မှုကိုမျှော်လင့်နေချိန်ဝယ် အမျိုးသားများကတော့ ပွင့်ပွင့် လင်းလင်းပြောဆိုဆက်ဆံနိုင်နေကြသည်ကို တွေ့ရတတ်ပါသည်။

- နိုင်ငံရေးကို ကြမ်းတမ်းသောကစားပွဲတစ်ခုအဖြစ် နားလည်သဘောပေါက်ထားပြီး၊ ထိုအတွက်နောက်တွန့်သွားခြင်းမရှိစေရန်လေ့လာသင်ယူနေသည်။

## ၂ ။ မြန်မာ့နိုင်ငံရေးစနစ်ကို ကျွန်ုပ်မ နားလည်သဘောပေါက်သည်

### ၂.၁ မြန်မာနိုင်ငံ၏အစိုးရအဖွဲ့ ဖွဲ့စည်းပုံစနစ်

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့အပြီး ပါလီမန်ဒီမိုကရေစီစနစ်ကိုကျင့်သုံးခဲ့သည်မှာ ၁၉၆၂ ခုနှစ်အထိ ဖြစ်ပါသည်။ ၁၉၆၂ ခုနှစ်တွင် တပ်မတော်ကအာဏာသိမ်းကာ အုပ်ချုပ်ခဲ့ပါသည်။ ၁၉၈၈ ခုနှစ်တွင် ဒီမိုကရေစီတောင်းဆိုသောလူထုအုံကြွမှုကြီးဖြစ်ပွားခဲ့ပြီး ဒီမိုကရေစီတောင်းဆိုသော လူထုလှုပ်ရှားမှုတစ်ရပ် အစပျိုးခဲ့ပါသည်။ ၁၉၉၀ ခုနှစ်တွင် အထွေထွေရွေးကောက်ပွဲကျင်းပခဲ့ပြီး နိုင်ငံရေးပါတီ ၉၃ ပါတီမှ ကိုယ်စားလှယ် ၂၂၉၇ ဦးတို့က မဲဆန္ဒနယ် ၄၉၂ နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပါသည်။ အဆိုပါရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်အရွေးခံသည့် ကိုယ်စားလှယ်စုစုပေါင်း၏ ၂.၆၈ ရာခိုင်နှုန်းသည်သာ အမျိုးသမီးများဖြစ်ကြပါသည်။

၂၀၀၈ ခုနှစ်တွင်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ရပ်ကိုရေးဆွဲအတည်ပြုနိုင်ခဲ့ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၆၉ (က) တွင် "နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဖြစ်စေ၊ သက်ဆိုင်ရာဥပဒေများနှင့်ဖြစ်စေ မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်" ဟူ၍ပြဋ္ဌာန်းထားပါသည်။ အပိုဒ် ၃၆၉ (ခ) တွင် "သက်ဆိုင်ရာ မဲဆန္ဒရှင် များသည် လွှတ်တော်တစ်ရပ်ရပ်မှလွှတ်တော်ကိုယ်စားလှယ်ကို ဥပဒေနှင့်အညီတာဝန်မှ ပြန်လည်ရုပ်သိမ်း ပိုင်ခွင့်ရှိသည်" ဟူ၍ပြဋ္ဌာန်းထားပါသည်။□

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ၊ မြန်မာနိုင်ငံတွင် ပြည်ထောင်စုအဆင့် လွှတ်တော်နှစ်ရပ်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတို့အတွက် ဆိုင်ရာလွှတ်တော်များဟူ၍ရှိနေပါသည်။ ပြည်ထောင်စုအဆင့်တွင် ပြည်ထောင်စုလွှတ်တော်သည် ရွေးကောက်ခံကိုယ်စားလှယ် ၃၃၀ ဦး၊ တပ်မတော်သားကိုယ်စားလှယ် ၁၁၀ ဦး ၊ စုစုပေါင်းကိုယ်စားလှယ် ၄၄၀ ဦးတို့ပါဝင်သည့် ပြည်သူ့လွှတ်တော်၊ ရွေးကောက်ခံကိုယ်စားလှယ် ၁၆၈ ဦးနှင့် တပ်မတော်သားကိုယ်စားလှယ် ၅၆ဦး၊ စုစုပေါင်း ကိုယ်စားလှယ် ၂၂၄ ဦး ဖြင့် ဖွဲ့စည်းထားသည့် အမျိုးသားလွှတ်တော် တို့ရှိပါသည်။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့သည် ယေဘုယျအားဖြင့် အဆင့်တူများဖြစ်ကြပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်တစ်ရပ်၏ ၇၅ ရာခိုင်နှုန်းသည် ရွေးကောက်တင်မြှောက်ခံ ကိုယ်စားလှယ်များဖြစ်ရမည်ဖြစ်ပြီး ကျန် ၂၅ ရာခိုင်နှုန်းသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရွေးချယ်ခန့်အပ်သည့် တပ်မတော်သားကိုယ်စား လှယ်များဖြစ်ကြပါသည်။ ဖွဲ့စည်းပုံအရ ပြည်နယ်နှင့် တိုင်းဒေသကြီးတစ်ခုစီတွင် လွှတ်တော်တစ်ရပ်သာပါဝင်သည့် လွှတ်တော်များကို ဖွဲ့စည်းခွင့်ပေးထားသဖြင့် ထိုအဆင့်တွင် လွှတ်တော် စုစုပေါင်း ၁၄ ခုရှိနေပါသည်။ ဤပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် လွှတ်တော်များ တွင် တပ်မတော်သားများပါဝင်မှုအချိုးအစားမှာ လွှတ်တော်ကိုယ်စားလှယ်အရေအတွက် စုစုပေါင်း၏ ၂၅ ရာခိုင်နှုန်း ဖြစ်ပါသည်။ □

ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်အစိုးရအဖွဲ့တွင် တစ်စိတ်တစ်ပိုင်းရွေးကောက်ခံလွှတ်တော်တစ်ရပ်၊ ဝန်ကြီးချုပ်ဦးဆောင်ကာ သက်ဆိုင်ရာဌာနဝန်ကြီးများပါဝင်ဖွဲ့စည်းထားသည့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များ ရှိနေပါသည်။

ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်တွင် တစ်မြို့နယ်လျှင်နှစ်ဦးနှုန်းဖြင့် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များအပြင် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး လူဦးရေစုစုပေါင်း၏ ၀.၁ ရာခိုင်နှုန်း ထက်ပို၍များသော (သို့သော် ပြည်နယ်တခုအဖြစ်သတ်မှတ်ပေးခြင်းမခံရသော) တိုင်းရင်းသားများအထဲမှ ရွေးကောက်တင်မြှောက်သည့် ကိုယ်စားလှယ်များပါဝင်ဖွဲ့စည်းထားပါသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အထက်ဖော်ပြပါ ရွေးကောက်ခံကိုယ်စားလှယ်များအရေအတွက်၏ သုံးပုံတစ်ပုံနှင့်ညီမျှသော တပ်မတော်သားကိုယ်စားလှယ်များကို ရွေးချယ်စေလွှတ်ခွင့်ရှိပါသည်။ (တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များ၏ အရေအတွက်သည် လွှတ်တော်တစ်ရပ်၏ကိုယ်စား လှယ်စုစုပေါင်း၏ လေးပုံတစ်ပုံ ဖြစ်ပါသည်) ဤပမာဏသည်

ပြည်ထောင်စုအဆင့်လွှတ်တော်များနှင့် အတူတူဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များအထဲမှ လွှတ်တော်သဘာပတိ၊ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများကိုရွေးချယ်တင်မြှောက်ပါသည်။ မြို့နယ်ကိုအခြေခံသည့် မဲဆန္ဒနယ်သတ်မှတ်ခြင်းစနစ်ကြောင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးလျှင် သက်ဆိုင်သည့်မဲဆန္ဒနယ်မြေများ ကွဲပြားခြားနားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများအကြား အတိအကျဖော်ပြထားခြင်းအားနည်းသော အာဏာခွဲဝေမှုကိုဖြစ်ပေါ်စေသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အထူးပြုဖော်ပြထား သောကဏ္ဍရှစ်ရပ်ပါရှိပြီး၊ ကဏ္ဍအများအပြားကိုပင် "ပြည်ထောင်စုက ပြဋ္ဌာန်းလိုက်သည့်ဥပဒေများအတိုင်း" အနာဂတ်ကာလတွင် အဓိပ္ပါယ်သတ်မှတ်ဖွင့်ဆိုရမည်ဟုဖော်ပြထားသည်။

အချို့သောကဏ္ဍများ၊ ဥပမာ စိုက်ပျိုးရေးကဏ္ဍတွင်၊ တာဝန်ခွဲဝေသတ်မှတ်ဖော်ပြခြင်းသည် အဓိပ္ပါယ်ကျယ်ပြန့်စွာဖွင့်ဆိုနိုင်သလို အချို့သောကဏ္ဍများတွင်မူ တာဝန်ခွဲဝေမှုကိုအဓိပ္ပါယ်ဖွင့်ဆိုရာတွင် ကျဉ်းမြောင်းပြီးအကန့်အသတ်များရှိနေသည်. ဥပမာအားဖြင့် "စွမ်းအင်၊လျှပ်စစ်၊သတ္တုတူးဖော်ရေးနှင့် သစ်တော" ကဏ္ဍများတွင် တာဝန်ခံ မှုများသည် နိုင်ငံတော်ဓါတ်အားလိုင်းစနစ်ကွန်ယက်၏ပြင်ပတွင်ရှိနေသည့် လျှပ်စစ်ထုတ်လုပ်မှု၊ ဆားထုတ်လုပ်မှုအတွက် စည်းမျဉ်းစည်းကမ်းများ၊ ပြည်တွင်းတွင် ကျောက်မျက်ရတနာများသွေးခြင်းလုပ်ငန်း (သို့သော်တွင်းထွက် ကျောက်မျက်ရတနာများ မပါဝင်ပါ)၊ လောင်စာထင်းအဖြစ်အသုံးပြုသည့် သစ်တောများစသည်တို့အတွက်ဟု အဓိပ္ပါယ်သတ်မှတ်ဖော်ပြထားပါသည်။ ထို့အတူပင်လူမှုကဏ္ဍတွင်လည်း တိုင်းရင်းဆေးဝါးဆိုင်ရာကဏ္ဍအချို့၊ လူမှုဖူလုံရေး၊ ရေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေး စသည်တို့ကိုသာ ဖော်ပြထားပြီး အရေးကြီးသည့် ကျန်းမာရေးနှင့်ပညာရေးကဏ္ဍများကို ချန်လှပ်ထားခဲ့ကြောင်း တွေ့ရပါသည်။□

## ၂.၂ မြန်မာနိုင်ငံရွေးကောက်ပုံစနစ်နှင့် အကျိုးသက်ရောက်မှုများ

မြန်မာ့ရွေးကောက်ပုံစနစ်သည် ကျား-မရေးရာကဏ္ဍတွင် ဘက်လိုက်မှုကင်းစင်နေသည်မဟုတ်ပါ။ လက်ရှိကျင့်သုံးနေသောစနစ်သည် အမျိုးသမီးမည်မျှ လွှတ်တော်ကိုယ်စားလှယ်အဖြစ်ရွေးကောက်ခံနိုင်သည့် ဆိုသောအချက်အပေါ် ကြီးမားသောသက်ရောက်မှုရှိနေ သည်။အခြေခံအားဖြင့် ရွေးကောက်တင်မြှောက်သည့်ပုံစံ နှစ်မျိုး ရှိပါသည်။ ပထမတစ်ခုမှာ မဲဆန္ဒနယ်တစ်ခုစီမှ ကိုယ်စားလှယ်များကို အချိုးကျစနစ်ဖြင့်ရွေးချယ် တင်မြှောက်ခြင်း (PR စနစ်) နှင့် ဒုတိယတစ်ခုမှာ မဲဆန္ဒနယ်တစ်ခုတွင် မဲဆန္ဒလက်မှတ်အများဆုံးရရှိသည့် ကိုယ်စားလှယ်တစ်ဦးကိုသာအနိုင်ပေးခြင်း (FPTP စနစ်) ဖြစ်သည်။ ဤစနစ်များအရ အချိုးကျရွေးကောက် တင်မြှောက်သည့် စနစ်များ (PR စနစ်) ကိုကျင့်သုံးသည့်နိုင်ငံများတွင် အမျိုးသမီးများ လွှတ်တော်ကိုယ်စားလှယ် အဖြစ် ရွေးကောက်တင် မြှောက်ခံရရန် ပိုမိုအခွင့်အလမ်းသာနေသည်ကို တွေ့ရပါသည်။□

အချိုးကျစနစ်ဖြင့်ရွေးချယ် တင်မြှောက်ခြင်း (PR စနစ်) ကျင့်သုံးသောနိုင်ငံတွင် နိုင်ငံရေးပါတီများသည် ကိုယ်စားလှယ်လောင်းများအမည်စာရင်းကို မဲဆန္ဒနယ်တစ်ခုချင်းစီအတွက်ပြုစုရသည်။ အချို့နိုင်ငံများတွင် မဲဆန္ဒရှင်များက မိမိတို့ကြိုက်နှစ်သက်သော ပါတီကိုရွေးချယ်ပြီး ၎င်းတို့ဆန္ဒမဲပေးလိုသည့် ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတစ်ခုလုံးကိုရွေးပေးကြသည်။ အမည်စာရင်းတွင် တစ်ဦးတစ်ယောက်တည်းကို သတ်မှတ်ဖော်ပြထားခြင်းမရှိပါ။ အချို့နိုင်ငံများတွင်မူ မဲဆန္ဒရှင်များသည် မိမိတို့ကြိုက်နှစ်သက်သော ကိုယ်စားလှယ်လောင်းတစ်ဦးကိုရွေးချယ်ကြပါသည်။ ထိုသို့ရွေးချယ်ခြင်းအားဖြင့် ကိုယ်စားလှယ်လောင်းသာမက ပါတီ တစ်ခုလုံးပါ အကျိုးများစေသည်။ အချိုးကျစနစ်ဖြင့်ရွေးချယ် တင်မြှောက်ခြင်း (PR စနစ်) ကျင့်သုံးခြင်းခြင့် နိုင်ငံရေးပါတီများသည် မဲဆန္ဒနယ်တစ်ခုချင်းစီအတွက် ကိုယ်စားလှယ်လောင်းအများအပြားကို တင်သွင်းနိုင်သည့်အခွင့်အလမ်းရှိသောကြောင့် မဲဆန္ဒရှင်များနှစ်သက်သဘောကျနိုင်လောက်သည့် ကိုယ်စားလှယ်လောင်းများ (ငယ်ရွယ်သူ၊ အသက်ကြီးသူ၊ အမျိုးသမီး၊ အမျိုးသား) ကိုစုံစုံလင်လင်ရွေးချယ်နိုင်ခြေလည်းရှိပါသည်။ ထို့ကြောင့် အချိုးကျ စနစ်ဖြင့်ရွေးချယ်

တင်မြှောက်ခြင်း (PR စနစ်) သည် အမျိုးသမီးများ ကိုယ်စားလှယ်လောင်းများအဖြစ် အရွေးချယ် ခံရနိုင်ခြေကို ပို၍လွယ်ကူစေပါသည်။

ဗြိတိန်နိုင်ငံသည် "ဆန္ဒမဲအများဆုံးရရှိသောသူကိုအနိုင်ပေးသည့်စနစ်" (FPTP စနစ်) ကိုကျင့်သုံးသောကြောင့် အဆိုပါစနစ်အရ နိုင်ငံရေးပါတီတစ်ခုစီသည် မဲဆန္ဒနယ်တစ်ခုချင်းစီအတွက် ကိုယ်စားလှယ်လောင်းတစ်ဦးကို သာရွေးချယ်ပေးကြရပါသည်။ သို့ရာတွင် နိုင်ငံတွင်းရှိအလွန်သေးငယ်သော မဲဆန္ဒနယ်များတွင်မူ အချိုးကျစနစ် (PR စနစ်) ကို အသုံးပြုပါသည်။ ဤစနစ်သည် အခြားသောစနစ်များထက် ကိုယ်စားလှယ်လောင်းတစ်ဦးတည်း အပေါ်တွင်သာ ပုံထားသကဲ့သို့ဖြစ်ပါသည်။ ပါတီ၏အနိုင်/အရှုံးသည် အဆိုပါ ကိုယ်စားလှယ်လောင်း (အမျိုးသား/ အမျိုးသမီး) က သက်ဆိုင်ရာမဲဆန္ဒနယ်တွင် ရွေးကောက်ခံရမှု အပေါ်တွင်သာ မူတည်ပါသည်။

ထိုအချင်းအရာသည် အမျိုးသမီးများအတွက် ကိုယ်စားလှယ်တစ်ဦးဖြစ်ရန်များစွာ ခက်ခဲစေသည်။ ပထမဦးစွာ နိုင်ငံရေးလောကထဲသို့ဝင်ရောက်ရန်စဉ်းစားနေသည့်အမျိုးသမီးသည် သူမမဲဆန္ဒနယ်အတွက် သူမသည်သာ အသင့်လျော်ဆုံးကိုယ်စားလှယ်ဖြစ်ကြောင်း သူမကိုယ်တိုင် ယုံကြည်မှုရှိရပါမည်။ ထို့နောက် သူမ၏ပါတီရှိ ရွေးချယ်ရေးကော်မတီအား သူမသာလျှင် ပါတီအတွက် အသင့်လျော်ဆုံးသော ကိုယ်စားလှယ်လောင်း ဖြစ်ကြောင်း လက်ခံလာအောင်ပြောဆိုရပါမည်။ အဆိုပါလုပ်ဆောင်ချက်သည် များသောအားဖြင့် ခက်ခဲပါသည်။ ပါတီ၏ ကိုယ်စားလှယ်လောင်းရွေးချယ်ရေးကော်မတီသည် စွန့်စားမှုယူရခြင်းကို မနှစ်သက်ကြပါ။ အကယ်၍ ပါတီသည် ယခင်က အမျိုးသားကိုယ်စားလှယ်များကို ရွေးကောက်ခံထားရပြီးဖြစ်ပါက အမျိုးသား ကိုယ်စားလှယ်လောင်းများကိုသာ ရွေးချယ်ခြင်းသည် အနာဂါတ်အတွက် ကောင်းမွန်သော ဗျူဟာတစ်ရပ်ဟု တွေးမိစေမည် ဖြစ်ပါသည်။ အမျိုးသမီးတစ်ဦးသည် ပါတီ၏ရွေးချယ်ရေးကော်မတီအား လက်ခံလာအောင်ပြောဆို စည်းရုံးနိုင်ခဲ့ပါကလည်း သူမအနေဖြင့် မဲဆန္ဒရှင်များလက်ခံလာအောင် စည်းရုံးရန်လိုအပ်နေသေးပါသည်။ အချို့သော မဲဆန္ဒရှင်များသည် ရှေးရိုးစွဲများဖြစ်နေတတ်ကြပြီး အမျိုးသားများကိုသာ ပိုမိုလက်ခံလိုစိတ် များရှိနေတတ်ကြပါသည်။ ထို့ကြောင့် "ဆန္ဒမဲအများဆုံးရရှိသောသူကိုအနိုင်ပေးသည့်စနစ်" (FPTP စနစ်) ကဲ့သို့သော ဗြိတိသျှတို့ကျင့်သုံးသည့် ရွေးကောက်ပွဲစနစ်ကိုကျင့်သုံးသောနိုင်ငံများတွင် အမျိုးသမီးကိုယ်စားလှယ် အရေအတွက်မှာ အချိုးကျစနစ်ဖြင့် ရွေးချယ်တင်မြှောက်ခြင်း (PR စနစ်) စနစ်ကျင့်သုံးသောနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် နည်းပါးပါသည်။

ဥပမာ- ကိုယ်စားလှယ်လောင်းရွေးချယ်ရေးကော်မတီ၏ဘက်လိုက်မှု

အစ်စဘဲလ်ဟာဒ်မန် က ၎င်း၏ "Why We Get the Wrong Politicians?" (ငါတို့ ဘာ့ကြောင့် အလွဲအမှားနိုင်ငံရေးသမားတွေရနေကြတာလဲ?) ဟူသောစာအုပ်တွင် ဗြိတိန်နိုင်ငံ၏ ကိုယ်စားလှယ်လောင်းရွေးချယ်သည့် ဖြစ်စဉ်ကိုရေးသားထားသည်။

"ဒေသခံပါတီတွေက ဘာအချက်တွေကို ကြည့်ပြီး အလားအလာရှိတဲ့ ကိုယ်စားလှယ်လောင်းတွေကို ရွေးကြတာလဲ? သူတို့အားလုံးက အပြီးသတ်ရွေးချယ်တဲ့အစည်းဝေးတွေမှာ ကိုယ်စားလှယ်လောင်းတွေကို မေးခွန်းတွေမေးမယ်၊ ကိုယ်စားလှယ်လောင်းအကြောင်းရေးထားတဲ့ လက်ကမ်းစာစောင်တွေကိုဖတ်မယ်၊ ဒါပေမယ့် ရွေးချယ်ရေးအဖွဲ့ဝင် အတော်များများဟာ သူတို့စိတ်ထဲမှာ နကိုတည်းကိုက ဘယ်သူ့ကိုရွေးမလဲဆိုတာ စိတ်ပိုင်းဖြတ်ထားကြပြီးသားပါ။ ကိုယ်တိုင်တောင် သတိမမူမိကြတဲ့ ဘက်လိုက်တဲ့ စိတ်အခြေခံများဟာ လူတွေကို အပြင်ဘန်းမြင်တွေ့ရတဲ့ အပေါ်ကိုပဲမူတည်ပြီး သုံးသပ်ဆုံးဖြတ်ချက် ချတာတွေကိုဖြစ်စေတယ်။ Tory ရဲ့ လုပ်ဖော်ကိုင်ဖက်ဖြစ်ပြီး အမျိုးသမီးကိုယ်စားလှယ်တွေတိုးမြင့်ဖို့ လှုံ့ဆော်စည်းရုံးတဲ့ကမ်ပိန်းကို ဆယ်စုနှစ်တစ်ခုကျော်ကျော်လုပ်ဆောင် အန်းဂျန်ကင် (Anne Jenkin) ကိုယ်စားလှယ်လောင်းရွေးချယ်တဲ့ ဖြစ်ရပ်တစ်ခုကို အခုလိုပြောပြပါတယ်။ ဒေသခံပါတီတစ်ခုက အမျိုးသမီးကိုယ်စားလှယ်လောင်း ၃ ဦးကို ရွေးချယ်တဲ့အစည်းဝေးမှာတွေ့ရှိထားပြီး သူတို့ဟာလည်း အတော်လေး သင့်တော်ထက်မြက်ကြတာ တွေ့ရပါတယ်။ ဒါပေမယ့် စတုတ္ထမြောက်ဝင်လာသူ အမျိုးသားတစ်ဦးကိုတွေ့လျှင် တွေ့ချင်းပဲ "ငါတို့ကိုယ်စားလှယ်တော့တွေ့ပြီ" လို့ ပြောလိုက်ကြတယ်။"

မြန်မာနိုင်ငံတွင် ဗြိတိသျှတို့ကျင့်သုံးသည့် "ဆန္ဒမဲအများဆုံးရရှိသောသူကိုအနိုင်ပေးသည့်စနစ်" (FPTP စနစ်) ကိုကျင့်သုံးပါသည်။ ဤစနစ်အရ မဲဆန္ဒနယ်တစ်ခုလျှင် ကိုယ်စားလှယ်တစ်ဦးသာရွေးကောက်တင်မြှောက် ရပါမည်။ အခြားသော ရွေးကောက်ပွဲစနစ်များနှင့်နှိုင်းယှဉ်ပါက အကျိုးဆက်ခြားနားမှုရှိပါသည်။ ရွေးကောက် တင်မြှောက်ခံ အမျိုးသမီးကိုယ်စားလှယ်နှင့် သူမ၏မဲဆန္ဒရှင်ပြည်သူတို့အကြား ဆက်ဆံရေးမှာ အလွန်နီးနီးစပ်စပ်ရှိနေနိုင်ပါသည်။ မြန်မာနိုင်ငံသည် ဒေသတစ်ခုနှင့်တစ်ခုအကြား ဖွံ့ဖြိုးမှုကွာဟနှုန်း ကြီးမားပါသည်။ မြို့ကြီးများတွင် ဆင်းရဲနွမ်းပါးသူများ ရှိနေကြသည်မှန်သော်လည်း ကျေးလက်ဒေသအများစုသည် ဆင်းရဲနွမ်းပါးမှုဒဏ်ကို ခံစားနေကြရပါသည်။ မဲဆန္ဒနယ်တစ်ခုအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များတွင် ကိုယ်စားပြုလွှတ်တော်ကိုယ်စားလယ်တစ်ဦးသာရှိသဖြင့် မဲဆန္ဒရှင်များအနေဖြင့် သူတို့၏ နေ့တဓူဝကြုံတွေ့နေရသည့် အခက်အခဲများကို တင်ပြရန်မှာ ထိုတစ်ဦးတည်းသော ကိုယ်စားလှယ်ကိုသာ အားကိုးအားထားပြုကြရပါသည်။

ဥပမာ - လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏အခန်းကဏ္ဍကိုလေ့လာခြင်း

အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက သူမ၏အတွေ့အကြုံကို ပြောပြပါသည်။
ကျွန်မ လွှတ်တော်ကိုယ်စားလှယ်စဖြစ်ခဲ့တဲ့ ၂၀၁၅ ခုနှစ်တုန်းက ကျွန်မရဲ့မဲဆန္ဒနယ်က ပြည်သူတွေ တောင်းဆိုတာတွေ၊ တိုင်တန်းတာတွေက တောင်လိုပုံနေတာပဲရှင်။ မဲဆန္ဒရှင်တွေကလည်း မျှော်လင့်ချက်တွေကြီးခဲ့ကြတယ်လေ။ လူထုပညာရေးပိုင်းမှာ အကန့်အသတ်နဲ့ သင်ယူခဲ့ရတာရယ်၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးရဲ့အခန်းကဏ္ဍဆိုတာ ဘာလဲဆိုတာကို နားလည်းမှုအားနည်းတာရယ်၊ အုပ်ချုပ်ရေးကဏ္ဍကို နားလည်မှု အားနည်းတာရယ် စတာတွေကြောင့် မျှော်လင့်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့၊ တိုင်ကြားတာတွေကို ဖြေရှင်းပေးနိုင်ဖို့ရာမှာ စိန်ခေါ်မှုတွေအများကြီးရင်ဆိုင်ခဲ့ရပါတယ်။
လွှတ်တော်ထဲက ကိုယ်စားလှယ်အများစုကြီးလို ကျွန်မဟာ ကိစ္စတရပ်ရပ်ကိုဖြေရှင်းရာမှာဖြစ်စေ၊ ပြည်သူတွေကြုံတွေ့နေရတဲ့ပြဿနာတွေကိုဖြေရှင်းရာမှာအကန့်အသတ်တွေရှိခဲ့ပါတယ်။ အစပိုင်းမှာတော့ အုပ်ချုပ်ရေးပိုင်းကလုပ်ငန်းဆောင်တာတွေနဲ့ပတ်သက်ပြီး ကျွန်မသိပ်အကျွမ်းတဝင်မရှိခဲ့ဖူး။ အဲဒီတော့ ကျွန်မစိတ်ပျက်ရတယ်၊ တိုင်တန်းတာတွေကိုဖြေရှင်းရာမှာ ဖိအားတွေအများကြီးကြုံခဲ့ရတယ်။ ဒီကိစ္စတွေကိုကိုင်တွယ်ဖြေရှင်းဖို့ကြိုးစားရင်း ကျွန်မတအားပင်ပန်းခဲ့ ရတယ်။ တဖြည်းဖြည်းနဲ့ တခြားနိုင်ငံတွေမှာဒီလိုကိစ္စမျိုးတွေကို ဘယ်လိုဖြေရှင်းကြတယ်ဆိုတာကို အလုပ်လုပ်ရင်း လေ့လာပြီး ကိုယ့်အခန်းကဏ္ဍကိုကိုယ် နားလည်သဘောပေါက်စပြုလာတယ်၊ ပါဝင်နေသူတွေရဲ့ အခန်းကဏ္ဍတွေကိုလည်း နားလည်သဘောပေါက်စပြုလာပြီး တိုင်ကြားတာတွေကို လက်ခံဖြေရှင်းပေးနိုင်လာတယ်။ ကိစ္စတိုင်း၊ပြဿနာတိုင်းကို ဖြေရှင်း ပေးနိုင်ဖို့ မဖြစ်နိုင်မှန်းသိလာတယ်၊ ကိုယ့်ဆီကိုရောက်လာတဲ့ တိုင်ကြားလွှာတွေ အားလုံးကို ကိုယ်တစ်ယောက်တည်း ဒိုင်ခံဖြေရှင်းပေးနေစရာမလိုမှန်း လဲသဘောပေါက်လာတယ်။
လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ ကျွန်မဟာ အခုဆိုရင် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့တွေ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းတွေ၊ အမျိုးသမီးအဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဒီနည်းလမ်းအရ ကျွန်မဟာ ကိုယ့်မဲဆန္ဒနယ်ကနေတက်လာတဲ့ တိုင်ကြားချက်တွေကို အကောင်းဆုံးဖြေရှင်းပေးနိုင်ပါတယ်။ ကျွန်မအနေနဲ့ တိုင်ကြားချက်တွေကို အစိုးရဌာနဆီလွှဲပေးရမလား၊ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေဆီ လွှဲပေးရမလားဆိုတာ အခုတော့ကောင်းကောင်းသိလာပြီရှင့်။ ဒီလိုတာဝန် ခွဲဝေဆောင်ရွက်စေခြင်းဖြင့် ကျွန်မအနေနဲ့ ကိုယ့်ကိုကိုယ်ယုံကြည်မှုရှိလာတယ်၊ လုပ်ရတဲ့ အလုပ်ပမာဏ လျော့နည်းသွားတဲ့အခါ ဖိအားတွေ၊ စိတ်ညစ်ရတာတွေနည်းသွားတယ် ပြီးတော့ ကိုယ့်မဲဆန္ဒနယ်က ပြည်သူတွေကို ကောင်းကောင်း အကူအညီပေးနိုင်ခဲ့ပါလားလို့ ကျေနပ်ပီတိဖြစ်ရတယ် အားရရတယ်ရှင်။

- နိုင်ငံရေးစနစ်နှင့်အုပ်ချုပ်ရေးစနစ်များကိုကျွန်မနားလည်သဘောပေါက်သည်။ မဲဆန္ဒရှင်ပြည်သူများက သူတို့၏မကျေနပ်ချက်များကိုတိုင်တန်းကြသည့်အခါကျွန်မအနေဖြင့် သက်ဆိုင်ရာ လူပုဂ္ဂိုလ်၊အဖွဲ့အစည်းများထံ ပေးပို့ကာဖြေရှင်းစေသည်။

# ၃ ။ ကျား-မ ရေးရာ တန်းတူညီမျှဆိုသည်ကို ကျွန်ုပ်တို့ မသိသည်

## ၃.၁ ။ ကျား-မ ရေးရာ တန်းတူညီမျှရှိခြင်းသည် ရပိုင်ခွင့်ဖြစ်သည်

ကျား-မရေးရာတန်းတူညီမျှရှိခြင်းကို ကိန်းဘရစ်ချ်တက္ကသိုလ်(Cambridge University)က ယခုလို အဓိပ္ပါယ်ဖွင့်ဆိုထားပါသည် - " ကျား-မ ရေးရာတန်းတူညီမျှရှိခြင်းဟုဆိုရာဝယ် အမျိုးသားများနှင့် အမျိုးသမီးများသည် အတူတူဖြစ်ကြသည်ဟု ဆိုခြင်းမဟုတ်ဘဲ သူတို့သည် တူညီသောတန်ဘိုးများရှိကြသည့်အတွက် တန်းတူသဘောထားကာ တန်းတူညီမျှ ဆက်ဆံရမည်ဖြစ်သည်"

မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေတွင် တန်းတူညီမျှရှိခြင်းနှင့်ပတ်သက်ပြီး ယခုကဲ့သို့အဓိပ္ပါယ်ဖွင့်ဆိုထား ပါသည်။

"နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ ခံစားခွင့်ရှိသည်။" (အပိုဒ် ၂၁)

"နိုင်ငံသားများသည် အောက်ပါလုပ်ငန်းများကိုလုပ်ကိုင်ဆောင်ရွက်ရာတွင် တူညီသောအခွင့်အလမ်း ရရှိစေရမည်။ (က) ပြည်သူ့ဝန်ထမ်းတာဝန်ထမ်းဆောင်မှု၊ (ခ) အလုပ်လုပ်ကိုင်မှု၊ (ဂ) ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှု၊ (ဃ) စီးပွားရေးလုပ်ငန်းလုပ်ကိုင်မှု (င) အတတ်ပညာနှင့်အသက်မွေးဝမ်းကျောင်းမှု (စ) ဝိဇ္ဇာပညာ၊ သိပ္ပံ ပညာနှင့် နည်းပညာရပ်များရှာဖွေဖော်ထုတ်မှု။ (အပိုဒ် ၃၄၉)

"မိခင်များ၊ ကလေးသူငယ်များနှင့်ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ဥပဒေအရသတ်မှတ်ထားသော သက်ဆိုင်ရာ အခွင့်အရေးများကို အညီအမျှခံစားခွင့် ရရှိစေရမည်။ (အပိုဒ် ၃၅၁)

---

ပြန်လည်စဉ်းစားသုံးသပ်ခြင်း - အခွင့်အရေး ရပိုင်ခွင့်များကိုပြည့်စုံစေခြင်း

အထက်တွင်ဖော်ပြခဲ့သည့်အခွင့်အရေးများနှင့် အခွင့်အလမ်းများအကြောင်းစဉ်းစားကြည့်ပါ။ ၎င်းတို့ကို မြန်မာနိုင်ငံတွင် ရရှိကျင့်သုံးရန် ဖြစ်နိုင်သည်ဟုထင်မြင်ပါသလား? အကယ်၍ မဖြစ်နိုင်ဟုထင်မြင်ယူဆပါက အကြီးမားဆုံးကွာဟချက်များသည် မည်သည်တို့ဖြစ်ကြသည်ဟု ထင်မြင်ယူဆပါသနည်း? ထိုကွာဟချက်ကြီးများ၏ နောက်ကွယ်တွင် မည်သည့် အကြောင်းတရားများ ရှိနေသည်ဟုထင်မြင်ယူဆပါသနည်း?

---

စာရင်းအင်းကိန်းဂဏန်းအချက်အလက်များအရ အခြားသောနိုင်ငံများကဲ့သို့ပင် မြန်မာနိုင်ငံတွင်လည်း အမျိုးသားများသည်အမျိုးသမီးများထက် လုပ်ငန်းခွင်တွင်လစာပိုကောင်းကြခြင်း၊ ရာထူးတက်ရန် အမျိုးသမီးများလောက် ပညာအရည် အချင်းမလိုအပ်ခြင်း၊ ရာထူးကြီးများတွင် အမျိုးသားများကပိုမိုနေရာရခြင်း စသည့်ကိစ္စရပ်များ ရှိနေသည်ကို တွေ့မြင်ကြရပါသည်။ ဤသို့ဖြစ်နေရခြင်းသည် အမျိုးသားများက အမျိုးသမီးများထက် ပိုမိုအရည်အချင်း ပြည့်ဝသောကြောင့်ဟု အချို့ကယူဆကြပါသည်။ အမှန်တကယ်အားဖြင့် အမျိုးသမီးများသည်လည်း အမျိုးသားများနည်းတူ အရည်အချင်းပြည့်ဝကြသည်သာဖြစ်ပါသည်။ တက္ကသိုလ်စာမေးပွဲများတွင် ဉာဏ်စမ်းမေးခွန်းများကို ဖြေဆိုစေသည့်အခါ အမျိုးသမီးများ၏ရမှတ်များက မြင့်တက်သွားကြပြီး အမျိုးသားများ၏ရမှတ်များနည်းသွားသည်ကိုတွေ့ကြရပါသည်။ အချို့သောကုမ္ပဏီများတွင် အမည်နာမနှင့် ကျား-မ

ဖော်ပြခြင်းမပြုစေဘဲ အလုပ်လျှောက်လွှာများလက်ခံသည့်အခါ အမျိုးသမီးများနှင့်တိုင်းရင်းသား လူနည်းစုဝင်များသည် လူတွေ့စစ်ဆေးမေးမြန်းခြင်းအတွက် ပိုမိုအရွေးချယ်ခံခဲ့ကြရကြောင်း တွေ့ရှိရပါသည်။ သုတေသနပြုလုပ်ချက်များအရ အမျိုးသမီးများဦးဆောင်သည့်လုပ်ငန်းကြီးများသည် အမျိုးသားများ ဦးဆောင်သည့်လုပ်ငန်းကြီးများထက် ပိုမိုအောင်မြင်ကြကြောင်း တွေ့ရှိရပါသည်။

နှစ်ထောင်ပေါင်းများစွာပင် အမျိုးသားများ၏ကာယဗလခွန်အားသည် လူမှုအဖွဲ့အစည်းများ ရှင်သန်ရပ်တည်နိုင်မှုအတွက် မရှိမဖြစ်အရေးပါခဲ့ပါသည်။ သို့ရာတွင် နည်းပညာခေတ်သို့ရောက်လာသည့်အခါ အပြောင်းအလဲများဖြစ်ပေါ်လာပါသည်။ အစည်းအဝေးတစ်ခုတွင်သဘာပတိလုပ်ရန် ခွန်အားဗလလိုအပ်ပါသလား? ကောင်းမွန်သည့်မူဝါဒများရေးဆွဲရန်၊ ဆုံးဖြတ်ချက်ချရန်အတွက် မြန်မြန်ပြေးနိုင်ဖို့လိုအပ်ပါသလား? ကမ္ဘာကြီးက အချိန်နှင့်အမျှ ပြောင်းလဲနေချိန်တွင် လူများစုကြီးသည် အမျိုးသားများသည် အမျိုးသမီးများထက် အရည်အချင်းပြည့်စုံကောင်းမွန်ပြီးမွေးဖွားလာကြသည်ဟုထင်မြင်ယူဆနေကြဆဲဖြစ်ပါသည်။ လူမှုအသိုင်းအဝိုင်းက သတ်မှတ်ပြဋ္ဌာန်းထားသည့်စည်းကမ်းများကို အခြေခံကာဖြစ်ပေါ်လာသည့်ရိုးရာထုံးတမ်းအစဉ်အလာများကသာ အမျိုးသားများကိုအမျိုးသမီးများထက် ပိုမိုအရေးပါသည်ဟု သတ်မှတ်ထားကြကြောင်းသိမြင်ဖို့ အမှန်တကယ်အရေးပါပါသည်။ ထိုအချက်သည်ပင် အမျိုးသမီးများ၏တိုးတက်ရာ လမ်းကြောင်းကိုတားဆီးနေသည့် အဟန့်အတားတစ်ခုလည်းဖြစ်နေပါသည်။ ကံကောင်းသည်မှာ နိုင်ငံများစွာတွင်ကြုံတွေ့ခဲ့ရသည့်အဖြစ်အပျက်များအရ အမျိုးသမီးများဦးဆောင်မှု အခန်းကဏ္ဍတွင် နေရာရလာသည်နှင့် လူအများတွင်အမြစ်တွယ်နေသည့် ရှေးရိုးစွဲအယူအဆများ စတင်ပြောင်းလဲလာ ကြခြင်းဖြစ်ပါသည်။

---

ဥပမာ - စဉ်းစားတွေးခေါ်မှုဟူသည် ပြောင်းလဲနိုင်သည်

အိန္ဒိယနိုင်ငံတွင် ရိုးရှင်းသောစမ်းသပ်မှုတစ်ခုကိုပြုလုပ်ခဲ့ပါသည်။ ကျေးရွာပေါင်းများစွာတွင် အမျိုးသား နိုင်ငံရေးသမားများနှင့် အမျိုးသမီးနိုင်ငံရေးသမားများအား "၏" "သည်" မလွဲ တူညီသောမိန့်ခွန်းတစ်ခုကို ပြောကြားစေပါသည်။ ထို့နောက် ကျေးရွာသူကျေးရွာသားများအား စစ်တမ်းကောက်ကြည့်သည့်အခါ အမျိုးသားနိုင်ငံရေးသမားများပြောသည့် မိန့်ခွန်းကို ကောင်းသည်ဟုဖော်ပြကြပြီး ထိုမိန့်ခွန်းကိုပင် အမျိုးသမီးနိုင်ငံရေးသမားများကပြောကြားသည့်အခါ မကောင်းပါဟူ၍ ဖော်ပြကြပါသည်။ ယခုတွေ့ရှိချက်သည် အမျိုးသားများအုပ်ချုပ်သောကျေးရွာအားလုံးတွင် မှန်ကန်သော်လည်း အမျိုးသမီးများအုပ်ချုပ်သော ကျေးရွာဖြစ်ပါက အမျိုးသမီးနိုင်ငံရေးသမားများပြောကြားသည့်မိန့်ခွန်းကိုကောင်းမွန်သည်ဟု ဖော်ပြကြ ကြောင်း တွေ့ရှိရပါသည်။ ⍰

---

- လူမှုအသိုင်းအဝိုင်းတွင် အမျိုးသမီးများ တိုးတက်ရန်ခက်ခဲနေရခြင်းမှာ ကျား-မရေးရာခွဲခြား ဆက်ဆံခံရခြင်း ကြောင့်ဖြစ်ပြီး အမျိုးသမီးများသည် အမျိုးသားများလောက် အရည်အချင်းမပြည့်စုံ ခြင်းကြောင့်ဟု ယူဆချက်များ မမှန်ကန်ကြောင်း ကျွန်မ သိရှိပါသည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း၊ မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေတွင် အမျိုးသမီးများနှင့်အမျိုးသားများ၊ ယောက်ျားလေးများနှင့်မိန်းကလေးများကို အခွင့်အရေးတန်းတူသတ်မှတ်ပေးထားပါသည်။ သို့ရာတွင် နေ့စဉ် ဘဝတွင်ကြုံတွေ့နေရသည်များနှင့်နှိုင်းယှဉ်ချိန်ထိုးကြည့်သည့်အခါ မိန်းကလေးများနှင့် အမျိုးသမီးများသည် အခါခပ်သိမ်း အမျိုးသားများနှင့်တန်းတူအခွင့်အရေးမရကြကြောင်းတွေ့ရှိရပါသည်။

အသုံးအနှုန်းများ - စစ်မှန်သောတန်းတူညီမျှခြင်း

အခြားနိုင်ငံများနည်းတူ မြန်မာ့လူမှုအသိုင်းအဝိုင်းတွင် "တန်းတူအခွင့်အရေးရရှိခြင်း" အကြောင်းကိုပြော ကြသည့်အခါ "ဥပဒေတွေအရတော့အမျိုးသားနဲ့အမျိုးသမီးတွေဟာအခွင့်အရေးတန်းတူရကြတယ်"၊ "ဥပဒေမှာအမျိုးသမီးတွေကို ခွဲခြားမဆက်ဆံပါဘူး" စသည်ဖြင့်ပြောဆိုထောက်ပြလေ့ရှိကြပါသည်။ ထိုအချက်သည် တစ်စိတ်တစ်ပိုင်းအားဖြင့် မှန်ကန်နေပါသည်၊ သို့သော်လုံးဝမှန်ကန်နေခြင်းတော့မဟုတ်ပါ။ ကျွန်ုပ်တို့အနေဖြင့် "တန်းတူညီမျှခြင်း" ကိုဆန်းစစ်သည့်အခါ နေ့စဉ်လူမှုဘဝတွင် "အမှန်တကယ်ရှိနေ သောတန်းတူညီမျှခြင်း" ရှုထောင့်ကနေရှုမြင်ဖို့ရာလိုအပ်ပါသည်။
အမျိုးသမီးများနှင့်အမျိုးသားများအကြား၊ ယောကျ်ားလေးများနှင့်မိန်းကလေးများအကြား တန်းတူ "အခွင့်အရေး" ရှိမရှိ။
မသန်စွမ်းပုဂ္ဂိုလ်များ၊ LGBTများ၊ အခြားလူနည်းစုများအနေဖြင့် အခြားသူများနည်းတူ တန်းတူ "အခွင့်အရေး" ရှိမရှိ။
အထက်ဖော်ပြပါပုဂ္ဂိုလ်များသည် အခြားသူများ / အများနည်းတူ တန်းတူ "အခွင့်အလမ်း" ရခြင်းရှိမရှိ လူတိုင်းအတွက် တန်းတူ "ရလဒ်" ရရှိခြင်းရှိမရှိ

ဥပမာအားဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပညာရေးကဏ္ဍတွင် အမျိုးသားများနှင့်အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိစေရမည်ဟု ပြဌာန်းထားပါသည်။ နိုင်ငံသားတိုင်း မည်သူမဆို ကျား-မရွေး၊ လူမျိုးမရွေး၊ လူနေမှုအဆင့်အတန်းမရွေး တန်းတူပညာသင်ကြားဆည်းပူးခွင့်ရှိပါသည်။ သို့ရာတွင် ထိုသို့ ပြဌာန်းထားရုံမျှဖြင့် တန်းတူညီမျှအခွင့်အရေးရကြသည်ဟုမဆိုနိုင်ပါ။ ထိုမေးခွန်းကို "တန်းတူညီမျှအခွင့် အလမ်းရရှိခြင်း" ဆိုသည့် ရှုထောင့်ဖက်ကနေစဉ်းစားကြည့်ကြပါစို့။
မြန်မာနိုင်ငံတွင် မြို့နယ်ပေါင်း ၃၃၀၊ ကျေးရွာပေါင်း ၆၃၉၃၈ ရွာပါဝင်သည့် ကျေးရွာအုပ်စုပေါင်း ၁၃၆၂၀ အုပ်စု ရှိပါသည်။ ကျေးရွာအုပ်စုတိုင်းတွင် မူလတန်းကျောင်းများရှိကြသော်လည်း အလယ်တန်းနှင့် အထက်တန်းကျောင်းများမှာမူ ကျေးရွာအုပ်စုတိုင်းတွင်မရှိကြပါ။ ထိုအတွက် အလယ်တန်းနှင့် အထက်တန်းပညာသင်ကြားလိုသည့် ကျောင်းသား၊ ကျောင်းသူများသည် ထိုကျောင်းများရှိသည့် ကျေးရွာအုပ်စုများနှင့်/သို့မဟုတ် မြို့များဆီသို့ သွားကြရပါသည်။ မိဘများအနေနှင့်လည်း ဆင်းရဲနွမ်းပါးမှု (ငွေကြေးမတတ်နိုင်မှု)ကြောင့် သူတို့၏သားသမီးများကို ကျောင်းအိပ်၊ ကျောင်းစားထားရန် မတတ်နိုင်သည့် အခါ နီးစပ်ရာဘုန်းတော်ကြီးကျောင်းများ၊ နီးစပ်ရာဆွေမျိုးတို့ကိုသာ အားကိုးရပါသည်။
ထိုအခြေအနေတွင် မိဘများက သားယောကျ်ားလေးများကို ကျောင်းထားကြပြီး သမီးမိန်းကလေးများကိုမူ ကျောင်းထားရန် "မလုံခြုံ" ဟု သတ်မှတ်ဆုံးဖြတ်လေ့ရှိတတ်ပါသည်။ မိန်းကလေးများအနေဖြင့် "အန္တရာယ်နှင့် ပိုမိုကြုံတွေ့ရနိုင်သလို အကြမ်းဖက်ခံရနိုင်ခြေလည်း ပိုမိုများပြားသည်" ဟု မှတ်ယူထား ကြပါသည်။ ထို့အပြင်လည်း တုံးတမ်းအစဉ်အလာ အတွေးအခေ

- ယောကျ်ားလေးများနှင့်မိန်းကလေးများ၊ အမျိုးသားနှင့်အမျိုးသမီးများ များသည် ဥပဒေအရ အခွင့်အရေး တန်းတူ ရှိကြသည်ဆိုသော်လည်း လက်တွေ့ဘဝတွင်ထိုသို့အမှန်တကယ်ဖြစ်မလာတတ်သည်ကို ကျွန်မ နားလည်သည်။ အကယ်၍ ကျွန်မ၏ အကိုနှင့်မောင်များက ပိုမိုကောင်းမွန်စွာပညာသင်ကြား ခွင့်ရရှိခြင်းသည် ကျွန်မ၏ ချို့ယွင်းချက်တစုံတရာကြောင့်မဟုတ်ပဲ ထိုသို့ဆုံးဖြတ်သတ်မှတ်ခဲ့သည့် မိဘများနှင့်အခြားသောသူများအပေါ် သက်ရောက်နေသည့် ထုံးတမ်းစဉ်လာတန်ဖိုးများ၏ချို့ယွင်းချက်ကြောင့်သာဖြစ်ပါသည်။ ကျွန်မ၏ဘဝတိုးတက် အောင်ဆောင် ရွက်ရာတွင် အခက်အခဲများရှိနေခြင်းမှာ ကျွန်မတွင်အရည်အချင်းမရှိ၍မဟုတ်ဘဲ ဖော်ပြပါ အဟန့်အတား များကြောင့်ဖြစ်သည်ဟု သဘောပေါက်နားလည်ပါသည်။

## ၃.၂ . ကျား-မရေးရာ တန်းတူညီမျှခြင်းကို အားလုံးအတွက်အကျိုးရှိစေမည့် မူဝါဒများ ချမှတ်ရာ တွင်ကိရိယာတစ်ခုအဖြစ်အသုံးပြုခြင်း

ကျား-မရေးရာ တန်းတူညီမျှရှိခြင်းသည် အခွင့်အရေးတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး လူတိုင်းအားတန်းတူညီမျှအခွင့်အရေးများပေးအပ်ပြဋ္ဌာန်းထားသည့် လူ့အခွင့်အရေးကြေညာချက်ဆိုင်ရာသဘောတူစာချုပ်များကိုလည်း လုပ်ကိုင်ဆောင်ရွက်ပါမည်ဟု လက်မှတ်ရေးထိုးထားပါသည်။ ကျား-မရေးရာ တန်းတူညီမျှမှုအခွင့်အရေးအပြည့်အဝရရှိရေး ပိုမိုမြန်ဆန်လာစေရန်အတွက် အမျိုးသမီးများနှင့် မိန်းကလေးများတို့၏ အခွင့်အရေးရပိုင်ခွင့်များနှင့်စပ်လျဉ်းသည့် အထူးသဘောတူညီချက်စာချုပ်များကို ရေးဆွဲပြီး လည်းဖြစ်ပါသည်။ (အပိုင်း ၂၊ အခန်း ၄ တွင်ကြည့်ပါ)။

ကျား-မရေးရာတန်းတူညီမျှရှိရေးကို ပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်းသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် တမျိုးသားလုံး၏ထုတ်ကုန်ကဏ္ဍတို့ကိုအရှိန်မြှင့်တင်ပေးသည့်နည်းလမ်းတစ်ခုဖြစ်သကဲ့သို့ လူမှုဖူလုံရေးစနစ်များတည်ဆောက်ခြင်းဖြင့် ဖွံ့ဖြိုးမှုကိုပိုမိုလျှင်မြန်စွာဖြစ်ပေါ်စေပါသည်။

နှစ်စဉ်ပင် ကမ္ဘာ့စီးပွားရေးဖိုရမ် (World Economic Forum – WEF) သည် ကမ္ဘာ့နိုင်ငံများကို ကျား-မရေးရာ တန်းတူညီမျှရှိရေးကို မည်၍မည်မျှအထိ အကောင်အထည်ဖော်ပြီးဖြစ်သည်ဆိုသည့်အချက်နှင့် ချိန်ထိုးနှိုင်းယှဉ်တိုင်းတာလေ့ရှိပါသည်။ အဘယ်ကြောင့် ထိုအဖွဲ့အစည်းကြီးက ကျား-မကဏ္ဍတွင်တန်းတူညီ မျှရှိရေးကို စိတ်ဝင်စားရပါသနည်း? အဖြေမှာ ရိုးရိုးလေးပင်ဖြစ်ပါသည်။ စီးပွားရေးရလဒ်တိုးတက်ကောင်းမွန်မှုနှင့် ကျား-မရေးရာ တန်းတူညီမျှရှိခြင်းတို့အကြား ထင်ရှားသောဆက်နွယ်မှုရှိနေပါသည်။ WEF က ကျား-မရေးရာ တန်းတူညီမှုရှိခြင်းနှင့်ပတ်သက်ပြီး ယခုကဲ့သို့ပြောကြားထားပါသည်။ "ကျား-မရေးရာတန်းတူညီမျှရှိမှုသည် စီးပွားရေးဖွံ့ဖြိုးမှုနှင့်လူမှုအသိုင်းအဝိုင်း တိုးတက်စည်ပင်ရေးအတွက် အခြေခံကျပါသည်။ အလုပ်လုပ်ကိုင်နိုင်သော ကမ္ဘာ့လူဦးရေတစ်ဝက်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်ထိုဖွံ့ဖြိုးတိုးတက်မှုကို သင့်လျော်စွာအသုံးချနိုင်ခြင်းသည် ဖွံ့ဖြိုးတိုးတက်မှု၊ ယှဉ်ပြိုင်နိုင်မှု၊ ကမ္ဘာကြီး၏အနာဂတ်စီးပွားရေးကဏ္ဍအတွက် အဆင်သင့်ဖြစ်နေမှု စသည်တို့အပေါ် ကြီးစွာသောအကျိုးသက်ရောက်မှုကိုဖြစ်စေပါသည်။"□

WEF သည် အဓိကကဏ္ဍကြီးလေးခုတွင် ကျား-မရေးရာတန်းတူညီမျှဖြစ်မှုမည်သည့်အတိုင်းအတာအထိ ရရှိနေပြီဆိုသည်ကို တိုင်းတာပါသည်။ ထိုကဏ္ဍကြီးလေးခုမှာ ပညာဆည်းပူးခွင့်၊ ကျန်းမာရေးနှင့် ရှင်သန်နေထိုင်ရေး၊ စီးပွားရေးကဏ္ဍတွင်ပါဝင်ဆောင်ရွက်နိုင်မှု နှင့် အခွင့်အလမ်းရရှိမှု၊ နိုင်ငံရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်နိုင်မှု စသည်တို့ဖြစ်ကြပါသည်။ ၂၀၁၈ ခုနှစ်အတွင်း နိုင်ငံပေါင်း ၁၄၉ နိုင်ငံကို စာရင်းပြုစုဖော်ပြချက်အရ အိုက်စလန် နိုင်ငံက ပထမနေရာတွင်ရှိနေပြီး ဖိလစ်ပိုင်က အမှတ်စဉ် (၈) တွင်ရှိကာ မြန်မာနိုင်ငံက အမှတ်စဉ် (၈၈) တွင် ရှိနေခဲ့ပါသည်။

ပြန်လည်စဉ်းစားသုံးသပ်ရန် - ကျား-မကဏ္ဍကွာဟချက်များကိုလျှော့ချရာတွင် နိုင်ငံတစ်နိုင်ငံအနေနှင့် မည်ကဲ့သို့ အကောင်းဆုံးလုပ်ဆောင်နိုင်ပါသနည်း?

WEF ၏၂၀၁၈ခုနှစ်အတွက်နိုင်ငံအလိုက် သတ်မှတ်ချက်စာရင်းများအရ နယူးဇီလန်နိုင်ငံသည် အမှတ်စဉ် (၇) တွင်ရှိနေပြီး တမျိုးသားလုံးထုတ်ကုန်ပမာဏဖြင့်တိုင်းတာသတ်မှတ်ချက်အရ ကမ္ဘာ့အချမ်းသာဆုံး နိုင်ငံများအနက်တစ်နိုင်ငံဖြစ်သော ဩစတေးလျှနိုင်ငံက အမှတ်စဉ် (၃၉) တွင် ရှိနေပါသည်။ ဖွံ့ဖြိုးဆဲ နိုင်ငံတစ်ခုဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံက အမှတ်စဉ် (၈) တွင်ရှိနေပြီး ကျား-မရေးရာ တန်းတူညီမှုရရှိရေး ဖော်ဆောင်မှုအင်အားကောင်းနေရပါသနည်း ဆိုသည်ကို စဉ်းစားကြည့်စေချင်ပါသည်။ ဖိလစ်ပိုင်နိုင်ငံ၏ နမူနာသည် မြန်မာနိုင်ငံအတွက် အဘယ်ကြောင့် အလွန်အရေးပါနေပါသနည်း?

ကုလသမဂ္ဂကထုတ်ပြန်ထားသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်၏ အမှတ်စဉ် (၅) သည် ကျား-မ ရေးရာတန်းတူညီမျှမှုရရှိရေးကို ဖော်ပြပါသည်။ "ကျား-မရေးရာတန်းတူညီမျှမှုရရှိပြီး အမျိုးသမီးများနှင့် မိန်းကလေးငယ်ရွယ်များတို့ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ကာ လုပ်ပိုင်ခွင့်ရရှိစေရမည်။"

ကုလသမဂ္ဂအဖွဲ့ကြီးကလည်းယခုကဲ့သို့ထုတ်ပြန်ကြေညာထားပါသည်။ "ပညာဆည်းပူးရာတွင်အခွင့်အလမ်းကွာဟချက်ရှိနေခြင်းများသည် အလုပ်အကိုင်ဈေးကွက်တွင် စွမ်းရည်နှင့်ကျွမ်းကျင်မှုရှားပါးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း စသည်တို့ကို ဖြစ်ပေါ်စေပါသည်။ အမျိုးသမီးများနှင့်မိန်းကလေးများ လုပ်ပိုင်ခွင့်ရရှိခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုချဲ့ထွင်ရန်အရေးပါပြီး လူမှုဘဝကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးရာရောက်ပါသည်။ အလုပ်သမားအင်အားစုအတွင်း အမျိုးသမီးတို့အပြည့်အဝပါဝင်လာကြခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံတော်ထုတ်ကုန်ကဏ္ဍတိုးတက်မှုနှုန်းကို ရာခိုင်နှုန်း ဆယ်ဂဏန်းအထိ သိသာစွာမြင့် တက်စေပါသည်။

မိန်းကလေးများပညာသင်ကြားရေးအစီအစဉ်များတွင်ရင်းနှီးမြှုပ်နှံခြင်းနှင့် လက်ထပ်နိုင်သည့် အသက်အရွယ်ကို တိုးမြှင့်သတ်မှတ်ပေးခြင်းသည် တစ်ဒေါ်လာသုံးစွဲတိုင်း ငါးဒေါ်လာမျှ ဝင်ငွေအဖြစ်ပြန်ရစေနိုင်ပါသည်။ အမျိုးသမီးများအတွက် ဝင်ငွေတိုးလုပ်ငန်းစီမံချက်များတွင်ရင်းနှီးမြှုပ်နှံခြင်းသည် တစ်ဒေါ်လာရင်းနှီးမြှုပ်နှံတိုင်း ခုနစ်ဒေါ်လာမျှ ဝင်ငွေအဖြစ်ပြန်လည်ရရှိစေနိုင်ပါသည်။" □

ပြန်လည်စဉ်းစားသုံးသပ်ရန် - ကျွမ်းကျင်အရည်အသွေးပြည့်ဝသည့် လုပ်သားအင်အားစုကြီး ကို အသုံးချခြင်း

မြန်မာနိုင်ငံတွင် အချို့သောနေရာများနှင့် ကျင့်သုံးမှုများတွင် မိန်းကလေးအများအပြားသည် အရွယ်မတိုင်ခင် လက်ထပ်ကြရပါသည်။ ထိုအချက်သည် မည်မျှအထိ လူမှုအသိုင်း အဝိုင်းအကြား စိမ့်ဝင်ပြန့်နှံ့နေသည်ကိုလေ့လာပါ။ မိန်းကလေးများ အရွယ်မတိုင်ခင် လက်ထပ်နှုန်းသည် နိုင်ငံ၏နေရာဒေသအလိုက် ကွာခြားကွဲပြားမှု ရှိနေပါသလား?
သင်္ချာဘာသာရပ်တွင် သာမန်ထက်ပိုမိုထူးချွန်သည့် မိန်းကလေးတစ်ဦး အရွယ်မရောက်ခင် လက်ထပ် လိုက်ရသည့်အတွက်ဖြစ်လာနိုင်သည့် နောက်ဆက်တွဲကိစ္စရပ်များကိုစဉ်းစားကြည့်ကြ ပါစို့။ ထိုမိန်းကလေး၏ဘဝဖြတ်သန်းမှု နှစ်ခုရှိသည်ဟု စဉ်းစားကြည့်ပါ။ ဖြတ်သန်းမှု # ၁ တွင် မိန်းကလေးသည် အသက် ၁၆ နှစ်တွင်အိမ်ထောင်ကျပြီး၊ ဖြတ်သန်းမှု # ၂ တွင် တက္ကသိုလ်မှ ဘွဲ့တစ်ခုရအပြီး အိမ်ထောင်ကျ၊ ထို့နောက် ကာလအပိုင်းအခြားတစ်ခုအထိ အလုပ်လုပ်ကိုင်ခဲ့ သည်ဆိုကြပါစို့။ ထိုအခါ ၁) မိန်းကလေးအတွက်၊ ၂) မိသားစုအတွက်၊ အထူးသဖြင့်ရင်သွေးများ ရှိပါကသူတို့အတွက်၊ ၃)သူနေထိုင်ရာနိုင်ငံအတွက်၊ မည်ကဲ့သို့အကျိုးသက်ရောက်မှုများရှိနိုင်သည် ဟု ထင်မြင် ယူဆပါသနည်း?

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund –IMF) သည်လည်း ကျား-မရေးရာ တန်းတူညီမျှရှိရေးကို အားကြီးမာန်တက်ဆော်သြစည်းရုံးခဲ့ပါသည်။ IMF ၏ နာယကလည်းဖြစ်၊ ဒါရိုက်တာလည်း ဖြစ်သည့် ခရစ္စတင်းလာဂါ့ဒ်က စီးပွားရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိနေသည့် အမျိုးသမီးများအတွက် အကျိုးကျေးဇူးတချို့ကို ယခုလိုပြောပြခဲ့ပါသည်။

- ဖွံ့ဖြိုးတိုးတက်မှုနှုန်းပိုမိုအားကောင်းလာခြင်း - အမျိုးသမီးများကလုပ်ငန်းခွင်သို့ကျွမ်းကျင်မှု စွမ်းရည်အသစ်များယူဆောင်လာကြခြင်းကြောင့် အမျိုးသမီးများ အလုပ်သမားအင်အားစုတွင် ပါဝင်ကြခြင်းသည် ကုန်ထုတ်လုပ်မှုနှင့်ဖွံ့ဖြိုးမှုတွင် ထင်ထားသည်ထက်ပိုမို အကျိုးဖြစ်ထွန်းနေ ကြောင်းတွေ့ရသည်။
- ကုန်ထုတ်လုပ်မှုစွမ်းအားပိုမိုမြင့်မားလာသည်။
- အမျိုးသားများ၏ဝင်ငွေပိုမိုတိုးတက်များပြားလာခြင်း - ကုန်ထုတ်လုပ်မှုတိုးတက်လာခြင်းသည် အမျိုး သားများကိုပိုမိုအကျိုးဖြစ်ထွန်းစေသည်။

IMF ၏အလိုအရ စီးပွားရေးကဏ္ဍတွင် ကျား-မရေးရာ တန်းတူအခွင့်အရေးရရှိမှုကွာဟချက်များကို လျှော့နည်း စေနိုင်သည့် မူဝါဒအများအပြားရှိနေပါသည်။ ၁) အမျိုးသမီးများအနေဖြင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်နှင့် ငွေကြေး ချေးငှားရယူခွင့်ရှိစေသည့်ဥပဒေများကို ပြဋ္ဌာန်းပေးရန်၊ ၂) အခွန်ကောက်ခံခြင်းစနစ်များကို ပြန်လည်ပြင်ဆင်ရန်၊ (ဥပမာ မိသားစုတစ်ခုအတွက်အခွန်ကောက်ခံမည့်အစား နိုင်ငံသားတစ်ဦးချင်းစီအတွက်အခွန်ကောက်ခံသည့်စနစ် သို့ပြောင်းလဲအသုံးပြုခြင်းနှင့် အခွန်ပေးဆောင်ခြင်းအတွက်အကျိုးကျေးဇူးများခံစားစေခြင်းဖြင့် လစာနည်းပါးသည့် အမျိုးသမီးများကို အလုပ်လုပ်ချင်လာအောင်ပိုမိုဆွဲဆောင်နိုင်ခြင်း)၊ ၃) ကိုယ်ဝန်ဆောင်ချိန်တွင်ခွင့်ရက်ရှည် ခံစားခွင့်၊ ခင်ပွန်းသည်အတွက်ပါခွင့်ခံစားခွင့်၊ ရင်သွေးစောင့်ရှောက်ခြင်းဆိုင်ရာ ခံစားခွင့်များအပြင် သက်ကြီး ရွယ်အိုတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုများ၊ ၄) သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်စွမ်းအင်၊ ရေရရှိရေးဆိုင်ရာ

အခြေခံအဆောက်အဦများ စသည်တို့ကိုဖြည့်ဆည်းပေးခြင်းသည်လည်း အမျိုးသမီးများပိုမိုအလုပ်လုပ်ကိုင်နိုင်လာစေအောင် ကူညီဖြည့်ဆည်းပေးနိုင်ကြပါသည်။ ◻

---

ပြန်လည်စဉ်းစားသုံးသပ်ရန် - မြန်မာနိုင်ငံအတွက်မည်သည့်အရာကအလုပ်ဖြစ်မည်နည်း?

အထက်တွင်ဖော်ပြခဲ့သည့် IMF ၏ မူဝါဒများကိုစဉ်းစားသုံးသပ်ပြီး မည်သည်တို့က မြန်မာနိုင်ငံတွင်အကောင်အထည်ဖော်၍ရနိုင်သည်၊ မည်သည်တို့ကိုအကောင်အထည်ဖော်၍မရနိုင် ဆိုသည်ကို စဉ်းစားသုံးသပ်ပါ။ အဘယ်ကြောင့်နည်း?

---

- ကျား-မရေးရာတန်းတူညီမျှရှိခြင်းသည် လူမှုအသိုင်းအဝိုင်းတစ်ခုလုံးအတွက်ရေရှည်တွင်အကျိုးဖြစ်ထွန်းစေသည် ဆိုသည်ကိုကျွန်မနားလည်သဘောပေါက်သည်။

## ၄။ နိုင်ငံရေးသမားတစ်ဦးအဖြစ် ဆောင်ရွက်စဉ် မည်ကဲ့သို့ ပြုမူနေထိုင်ရမည်ဆိုသည်ကို ကျွန်မ နားလည်သဘောပေါက်သည်

### ၄.၁။ ခံနိုင်ရည်ရှိမှုကိုလေ့လာသင်ယူခြင်း

အထက်တစ်နေရာတွင်ဖော်ပြခဲ့သည့်အတိုင်း အမျိုးသမီးနိုင်ငံရေးသမားတစ်ဦးသည် သူမ၏မဲဆန္ဒရှင်ပြည်သူ များ၊ သူမ၏ရပ်ရွာလူမှုအသိုင်းအဝိုင်းနှင့် သူမ၏နိုင်ငံတို့၏ကောင်းကျိုးအတွက် ဖြည့်ဆည်းလုပ်ဆောင်ပေးရန်တာဝန်ရှိပါ သည်။ နိုင်ငံရေးဆောင်ရွက်ခြင်း၏အခြေခံအချက်ကြီးတစ်ချက်မှာ ကျွန်ုပ်တို့အားလုံးပါဝင်သည့် လူမှုအသိုင်းအဝိုင်းအတွက် လူနည်းစုများအပါအဝင် အားလုံးအတူတကွယှဉ်တွဲနေထိုင်နိုင်မည့် ဥပဒေသများကိုဖော်ထုတ်သတ်မှတ်ပေးသွားရန်ဖြစ်ပါသည်။ အကျိုးစီးပွားခြင်းမတူသူများရှိနေသည့် ရှုတ်ထွေးသော လူမှုအသိုင်းအဝိုင်းတစ်ခုတွင်မူ ထိုကဲ့သို့ လုပ်ဆောင်ပေးရန်ခဲယဉ်းပါသည်။ သို့ရာတွင် အားလုံးအတူတကွ ယှဉ်တွဲနေထိုင်နိုင်မည့် ဥပဒေသများဖော်ထုတ်ခြင်းဖြစ်သည့်နိုင်ငံရေးလုပ်ကိုင်ခြင်းသည် တန်ဘိုးအရှိဆုံး၊ အရေးအကြီးဆုံးအလုပ်ဖြစ်ပါသည်။ မိမိအလုပ်၏အရေးပါမှုကို ပင်ပန်းနွမ်းလာသည့်အချိန်များတွင် မေ့လျော့တတ်ကြသလို အရေးမပါသည့် ကိစ္စရပ်များ ဆောင်ရွက်နေရသည်ဟု ထင်မြင်လာသည့်အချိန်များတွင်လည်း မေ့လျော့တတ်ကြပါသည်။ နိုင်ငံရေးသမားတစ်ဦးသည် သူ၏နေ့တဓူဝလုပ်ငန်းစဉ်တွင်အရေးကြီး ကိစ္စရပ်များကိုသာ အာရုံစိုက်ဆောင်ရွက်နေရန်မဖြစ်နိုင်ပါ၊ မိမိအာရုံစိုက်ဆောင်ရွက်ရန် မသင့်တော်၊ မလိုအပ်ဟု ထင်မြင်ယူဆထားသောအလုပ်များ ကိုလည်း လုပ်ကိုင်နေရနိုင်ပါသည်။

ပိုမိုလေ့လာသင်ယူမှုများ၊ ဦးစားပေးသတ်မှတ်လုပ်ဆောင်မှုများ၊ စေ့စပ်ညှိနှိုင်းမှုများနှင့် အပေးအယူအလျော့အတင်းများကို တချိန်လုံးလုပ်ဆောင်သွားရမည်ဖြစ်ပါသည်။ ထို့အပြင် တချိန်လုံးပင် မဲဆန္ဒရှင်များ၏ တောင်းဆိုချက်များ၊ မီဒီယာလောက၏တောင်းဆိုချက်များ၊ မိမိပါတီ၏တောင်းဆိုချက်များ၊ မိသားစုဆွေမျိုး မိတ်သင်္ဂဟများ၏ တောင်းဆိုချက်များ စသည်ဖြင့်အတောမသတ်နိုင်အောင်ကြုံတွေ့ရနိုင်ပါသည်။

တချိန်တည်းမှာပင် အရည်အချင်းပြည့်ဝကာ နိုင်ငံရေးလောကထဲခြေစုံပစ်ဝင်လာပြီး ပြည်သူများအတွက်တစ်စုံတစ်ခုလုပ်ပေးနိုင်မည်ဟု သူမကိုယုံကြည်ကြသူများအား အကူအညီအထောက်အပံ့ပေးခြင်းအားဖြင့် ၎င်းတို့တွင် ရေရှည်ခရီးဆက်ရန် ခံနိုင်ရည်အားများ တိုးပွားလာမည်ဖြစ်ပါသည်။ ဖြစ်လေ့ဖြစ်ထရှိသည်မှာ အရည်အချင်းရှိသူ အမျိုး သမီးတစ်ဦးသည် နိုင်ငံရေးလောကထဲဝင်ရန်ဆုံးဖြတ်ကာ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကာ ရွေးကောက်တင်မြှောက်ခံရပြီးကာမှ နိုင်ငံရေးလောက၏အပြိုင်အဆိုင်များနှင့် နိုင်ထက်စီးနင်းလုပ်မှုများကို စိတ်ကုန်လာကာ နောက်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်းမရှိတော့သည်အထိဖြစ်သွားတတ်ပါသည်။ ထိုသို့ဖြစ်လျှင် အလွန်ဝမ်းနည်းဖွယ်ကောင်းပါသည်။ မသေချာသော်လည်းဖြစ်နိုင်ချေရှိသည်မှာ အကယ်၍သာ ရွေးကောက်တင်မြှောက်ခံလွှတ်တော်များ၊ နိုင်ငံရေးပါတီများပါဝင်သည့် ဒီမိုကရေစီစနစ် အစကနဦးကာလ ကတည်းကသာ အမျိုးသမီးတို့ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခဲ့ပါက နိုင်ငံရေးသည် ယခုလောက် ပြင်းထန်ကြမ်းတမ်းသည့် သဘောသဘာဝရှိမည် မဟုတ်နိုင်ပါ။ သို့ရာတွင်လက်တွေ့ဘဝတွင်နိုင်ငံရေးသည် အမျိုးသားများကြီးစိုးသော နယ်ပယ်တစ်ခုဖြစ်ပြီး ကြမ်းတမ်းခက်ခဲကာ ရန်လိုမှုများဖြင့်ပြည့်နှက်နေသော နေရာတစ်ခုဖြစ်နေပါသည်။ အမျိုးသမီးအများစုအတွက် ထိုအချက်သည် ခက်ခဲကြမ်းတမ်းပါသည်။ တချိန်တည်းမှာပင် နိုင်ငံရေးတွင်အမျိုးသမီးတို့ပါဝင်ကာ နိုင်ငံလူဦးရေ၏ တစ်ဝက်မျှသောပမာဏ ရှိသည့်အမျိုးသမီးထုကြီးနှင့်သက်ဆိုင်သည့်ကိစ္စရပ်များကိုဆောင်ရွက် အကောင်အထည်ဖော်ကြရန် ဆိုသည့် အချက်ကလည်း အရေးကြီးပါသည်။

- ကျွန်မလုပ်ကိုင်ဆောင်ရွက်နေသည့်အလုပ်သည် တန်ဖိုးရှိကြောင်းသိသလို ကျွန်မ၏လုပ်ဆောင်ချက်များသည် အခြားသူများအတွက်အကျိုးဖြစ်ထွန်းစေကြောင်းသိရှိသည်။

- လူဦးရေ၏ထက်ဝက်ကို ကိုယ်စားပြုမှုမရှိလျှင် ဒီမိုကရေစီစနစ်သည် ပြီးပြည့်စုံသည့်စနစ် မဟုတ်ကြောင်းကို ကျွန်မ နားလည်သဘောပေါက်သည်။ လွှတ်တော် သို့မဟုတ် ကော်မတီအဖွဲ့များတွင် ပါဝင်ခြင်းအားဖြင့် ကျွန်မသည် အမျိုးသမီးများ လွှတ်တော်အတွင်းကိုယ်စားပြုပါဝင်မှုကိုတိုးတက်လာစေကာ ဒီမိုကရေစီစနစ်အပြည့်အဝရရှိကျင့် သုံးမှုတွင်ပါဝင်အထောက်အကူပြုပါသည်။

## ၄.၂။ လိင်ပိုင်းဆိုင်ရာအနှောက်အယှက်ပြုခြင်း

လိင်ပိုင်းဆိုင်ရာအနှောက်အယှက်ပြုခြင်းဟူသည် အပြုခံရသူအတွက် အစော်ကားခံရခြင်း သို့မဟုတ်အရှက်တကွဲဖြစ်ရခြင်းများဖြစ်ပေါ်စေသည့် မလျော်ကန်သော မည်သည့်လုပ်ရပ်မျိုးကိုမဆို ဆိုလိုပါသည်။ လိင်ပိုင်းဆိုင်ရာအနှောက်အယှက်ပြုခြင်းဟူသည် တစုံတဦးအား လုပ်ငန်းခွင်အတွင်း စကားဖြင့်ဖြစ်စေ၊ အမူအယာဖြင့်ဖြစ်စေ၊ ကိုယ်ထိလက်ရောက်ဖြစ်စေ ပြောဆိုလုပ်ဆောင်ခြင်းများပါဝင်ပြီး အပြုခံရသူအတွက် စိတ်အနှောက်အယှက်ဖြစ်ခြင်း၊ အလန့်တကြားဖြစ်စေခြင်း၊ မလျော်ဩဇာသုံးခြင်း၊ သိက္ခာချခြင်း၊ ခြောက်လှန့်ခြင်း၊ သိမ်ငယ်စေခြင်း၊ နှိမ်ချပြောဆိုဆက်ဆံခြင်း၊ အိုးတို့အန်းတန်းဖြစ်စေခြင်း စသည်တို့ကိုခံစားဖြစ်ပေါ်စေသည်ကိုဆိုလိုပါသည်။ ဤကဲ့သို့ အနှောက်အယှက်ပေးခြင်းသည် ပုံမှန်အားဖြင့် အဖြစ်အပျက်များ ဆက်တိုက်တစ်ခုပြီးတစ်ခုအဖြစ် ပေါ်ပေါက်တတ်ပါသည်။ အလုပ်တာဝန်စွမ်းဆောင်မှုဆိုင်ရာ အငြင်းပွားခြင်း သို့မဟုတ် လုပ်ငန်းခွင်နှင့်ပတ်သက်သည့် ငြင်းခုန်ဆွေးနွေးမှုများကို လိင်ပိုင်းဆိုင်ရာနှောက် ယှက်မှုအဖြစ်မသတ်မှတ်ပါ။□

လိင်ပိုင်းဆိုင်ရာနှောက်ယှက်မှုသည် လုပ်ငန်းခွင်အတွင်း မလျော်ဩဇာသုံးကာ လိင်အမြတ်ထုတ် ဆက်ဆံခြင်းဖြစ်သည့် တစုံတဦးအား အရှက်ရစေသည့် မလိုလားအပ်သော လိင်ပိုင်းဆိုင်ရာ ချဉ်းကပ်မှုမျိုး၊ လိင်ဆက်ဆံရန် ခွင့်တောင်းခြင်း၊ လိင်ပိုင်းဆိုင်ရာသဘော အဓိပ္ပါယ်သက်ရောက်သည့်စကား၊ အပြုအမူ သို့မဟုတ် အမူအယာ စသည်တို့ကိုဆိုလိုပါသည်။ ယေဘုယျအားဖြင့် လိင်ပိုင်းဆိုင်ရာ နှောက်ယှက်မှုပုံစံအမျိုးမျိုးရှိသော်လည်း ၎င်းတို့အထဲမှ

ဖြစ်ရပ်တစ်ခုသည်ပင်လျှင် ထိုကဲ့သို့နောက်ယှက်ပေးခြင်းမည်ပါသည်။ လိင်ပိုင်းဆိုင်ရာ အနှောက်အယှက်ပြုခြင်းသည် အမျိုးသားနှင့်အမျိုးသမီးအကြား ဖြစ်ပွားတတ်သလို အမျိုးသားအချင်းချင်း အကြားနှင့် အမျိုးသမီးအချင်းချင်းအကြား တွင်လည်း ဖြစ်ပွားတတ်ပါသည်။□

လိင်ပိုင်းဆိုင်ရာ အနှောက်အယှက်ပေးခြင်းသည် ကြီးမားသောပြဿနာတစ်ခုဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိမည်သည့် နိုင်ငံမှ ဤပြဿနာနှင့်မကင်းကြပဲ မတူညီသည့်လူမှုအသိုင်းအဝိုင်းများအကြား ပြဿနာဖြစ်ပွားမှုနှုန်း ကွဲပြားခြား နားခြင်းသာရှိပါသည်။ ထိုအချက်မှာ သတင်းကောင်းဖြစ်ပါသည်။ အကြောင်းမှာ လိင်ပိုင်းဆိုင်ရာအနှောက် အယှက်ပေးခြင်းသည် ယဉ်ကျေးမှုဆိုင်ရာလက္ခဏာတစ်ခုဖြစ်သည့်အတွက် ၎င်းအပြုအမူများ လျှော့နည်း ပပျောက်သွားစေရန် ဥပဒေများပြဋ္ဌာန်းခြင်း၊ သတင်းအချက်အလက်များဖြန့်ဝေကာ စည်းရုံးလှုံ့ဆော်ခြင်း၊ လူငယ်များကို ပညာပေးခြင်း စသည်တို့ကိုဆောင်ရွက်သွားနိုင်ပါသည်။ အမျိုးသမီးများသည် လိင်ပိုင်းဆိုင်ရာ အနှောက်အယှက်ပြုခံရခြင်း၏ အဓိကသားကောင်များ ဖြစ်ကြသော်လည်း အမျိုးသားများသည်လည်း သားကောင်ဖြစ်နိုင်ပါသည်။ ကျူးလွန်သူများသည် များသောအားဖြင့်အမျိုးသားများ ဖြစ်ကြသော်လည်း အမျိုးသမီးများသည်လည်း ကျူးလွန်တတ်ကြပါသည်။

---

ပြန်လည်စဉ်းစားသုံးသပ်ရန် - မည်သည်တို့ကို လိင်ပိုင်းဆိုင်ရာအနှောက်အယှက်ပေးခြင်းအဖြစ် သတ်မှတ်နိုင်ပါသလဲ?

ကျွန်မငယ်စဉ်တုန်းက ယောက်ျားတွေကကျွန်မရဲ့ရုပ်ရည်သွင်ပြင်ကိုကြည့်ပြီးဝေဖန်တာတွေကြောင့် အတော့်ကိုစိတ်ကသိကအောက် ဖြစ်ခဲ့ရတယ်။ အဲဒီအချိန်တွေတုန်းကတော့ ကျွန်မတို့ဟာ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်တယ် ဆိုတဲ့စကားလုံးကို ကြားတောင်မကြားဖူးခဲ့ကြပါဖူး။ အခုလည်းတခါတလေ ကျွန်မ မကြိုက်တဲ့အခြေအနေတွေနဲ့ ကြုံတွေ့နေရဆဲပါပဲ။ ဥပမာပြောရရင် ကျွန်မတို့ပါတီဝင်အမျိုးသား တစ်ဦးရှိတယ်။ သူက လူတော်တစ်ယောက်ပါ၊ ကူညီတတ်တယ်၊ ပါတီအတွက် အကျိုးရှိအောင် လုပ်ပေးနိုင်သူလို့သတ်မှတ်ခံရတယ်။ တစ်ခါတော့ ပါတီစည်းရုံးရေး ခရီးစဉ်တစ်ခုမှာ သူရယ်၊ ကျွန်မရယ် ကားတစ်စီးတည်း စီးရဖို့ကြုံလာတယ်။ သူက အတူပါလာတဲ့တခြား အမျိုးသားတွေကို တလမ်းလုံးလိုပဲ ရယ်စရာတွေပြောပြီး နောက်ပြောင်ပြောနေခဲ့တယ်လေ။ သူပြောတာက လိင်ပိုင်းဆိုင်ရာ မတော်လျော်တဲ့ အဓိပ္ပါယ်တိုက်ရိုက်ကြီး၊ ကွက်ကွက်ကွင်းကွင်း မဟုတ်ပေမယ့် အဓိပ္ပါယ်နှစ်ခွထွက်တဲ့ စကားလုံးတွေလေ။ ကျွန်မအနေနဲ့ အတော်လေးစိတ်ကသိကအောက်ဖြစ်ရ တယ်။
ထိုအဖြစ်အပျက်နှင့်ပတ်သက်ပြီး မည်ကဲ့သို့တုန့်ပြန်ခဲ့ပါသလဲ?
အဖြစ်အပျက်ကိုမည်သူ့ထံသတင်းပို့ခဲ့ပါသလဲ?

---

ကုလသမဂ္ဂ ဆိုင်ရာအမျိုးသမီးများအဖွဲ့ (UN Women) သည် လိင်ပိုင်းဆိုင်ရာထိပါးနှောက်ယှက်မှု တို့အတွက် တုန့်ပြန်ဆောင်ရွက်နိုင်မှုများပါဝင်သည့် “လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုများရပ်တန့်ရေး ဆီသို့ - #MeToo ကျွန်မလဲအတူတူပါပဲ ခေတ်အတွင်း ပြောင်းလဲမှု၏သဘာဝနှင့်အရေးကြီးပုံ” ဆိုသည့် လက်စွဲစာစောင်ကို အင်တာနက်မှတဆင့်ဖြန့်ဝေထားပါသည်။ □

မြန်မာနိုင်ငံသည် အရွယ်အစားကြီးမားသောနိုင်ငံတစ်နိုင်ငံဖြစ်ပါသည့်အတွက် နိုင်ငံရေးသမားတို့အနေဖြင့် ဆိုင်ရာမဲဆန္ဒနယ်မြေများဆီသို့ရောက်ရှိရန် ခရီးအတန်ငယ်မျှ သွားရပါသည်။ အမျိုးသမီးနိုင်ငံရေးသမားများ

အနေဖြင့် သက်ဆိုင်ရာမဲဆန္ဒနယ်မြေများဆီ သွားရောက်ကြစဉ် သို့မဟုတ် ရွေးကောက်ပွဲမဲဆွယ်ကာလအတွင်း အကြမ်းဖက်မှုကြုံတွေ့ရခြင်း (သို့မဟုတ်) အကြမ်းဖက်ရန်ခြိမ်းခြောက်ခံရခြင်းများရှိခဲ့သည်ဟု သတင်းပို့ခဲ့ကြပါ သည်။ ဤကိစ္စရပ်သည် အလွန်ဆိုးရွားသော ပြဿနာတရပ်ဖြစ်ပါသည်။ အခြားနိုင်ငံများတွင်လည်းအလားတူ ကြုံတွေ့ရမှုများ ရှိသော်လည်း အရာအားလုံးကိုသိရှိရန်မှာ မဖြစ်နိုင်ပါ။ လက်တွေ့တွင် ဆိုရှယ်မီဒီယာ ၏အစွမ်းဖြင့် နိုင်ငံအများအပြားတွင် နိုင်ငံရေးခံယူချက်အယူအဆများဝင်ရိုးစွန်းနှစ်ခုသဖွယ် အကွဲပြားကြီး ကွဲပြားနေကြချိန်တွင် ယခုဖြစ်ရပ်ကို ယခင် ကတစ်ကြိမ်တစ်ခါမျှဖြစ်ပျက်ခဲ့ခြင်းမျိုးမရှိခဲ့ဖူးသည့် နိုင်ငံများတွင်ပါ ဖြစ်ပေါ်နေသည်ကို တွေ့ကြရပါသည်။ ထို့အပြင် ဆိုရှယ်မီဒီယာသည် ထိတ်လန့်ဖွယ်ရာကောင်းသည့် အမုန်းစကားကဲ့သို့သော အခြားလမ်းကြောင်းသစ်တစ်ခုကိုလည်း လူအများအကြားပိုမိုပြန့်ပွားစေနေပါသည်။ အမျိုးသမီးများသည် အမျိုးသားများထက် ပိုမိုတိုက်ခိုက်ခြင်းခံကြရပါသည်။

အကြမ်းဖက်ခြင်းသည် ရာဇဝတ်မှုဖြစ်ပြီး ကျူးလွန်ခဲ့သည့်အတိုင်းသတ်မှတ်ဖြေရှင်းရမည်ဖြစ်ပါသည်။ ထိုသို့ ဖြေရှင်းရာတွင် အချိန်နှင့်အားစိုက်ထုတ်မှုများစွာဖြင့်လုပ်ဆောင်ရသည်ဖြစ်သော်လည်း အဆုံးသတ်ရလဒ်တွင် ကျူးလွန်သူများသည် တရားဥပဒေအတိုင်း ပြစ်ဒဏ်စီရင်ခြင်းမခံရသည်မျိုးလည်း ဖြစ်တတ်ပါသည်။ အမုန်းစကား မှာမူ ရာဇဝတ်မှုအဖြစ် သတ်မှတ်ဖြေရှင်းရန်ပိုမိုခက်ခဲပါသည်။ နိုင်ငံများစွာမှာပင် အမုန်းစကားနှင့် ပတ်သက်ပြီး ဥပဒေပြဋ္ဌာန်းထားခြင်း မရှိသေးသည့်အပြင် ဥပဒေရှိပါကလည်း ပြစ်မှုမြောက်သည်၊ မမြောက်သည်ကို တရားရုံးတွင် ခွဲခြားဆုံးဖြတ်ရန်မှာ အလွန်ခက်ခဲပြီး အချိန်အလွန်ပေးရပါသည်။ အင်တာနက်မှတဆင့် အမုန်းစကားများဖြင့် တိုက်ခိုက်ခြင်းခံရသော အမျိုးသမီးများက သူတို့ကိုတိုက်ခိုက်ထားမှုများကို တစ်ခါမျှဖတ်မကြည့်မိပါဟု ပြောကြားနေကြပါသည်။ ထိုအတွက် အတိုက်ခိုက်ခံရသူ အမျိုးသမီးများအနေဖြင့် စိတ်အနှောက်အယှက်ဖြစ်စရာ မကြုံတွေ့ ရတော့ပေ။

- ကျွန်မသည် လိင်ပိုင်းဆိုင်ရာထိပါးနှောက်ယှက်မှုကို ခွဲခြားသိရှိပြီး ၎င်းကိုလုံးဝသည်းခံမည်မဟုတ်ပါ။
- ကျွန်မသည် အကြမ်းဖက်မှုကို လုံးဝသည်းခံမည်မဟုတ်ပဲ၊ ၎င်းတို့ကိုကြုံတွေ့ရတိုင်း ရဲတပ်ဖွဲ့ထံတိုင်တန်းပါသည်။
- ကျွန်မသည် အမုန်းစကားကိုမည်ကဲ့သို့ရင်ဆိုင်ဖြေရှင်းရမည်ဆိုသည့်နည်းလမ်းများကိုသိရှိပါသည်။

## ၄.၃။ နိုင်ငံရေးနှင့်မိသားစုဘဝကိုပေါင်းစည်းခြင်း

အမျိုးသမီးနိုင်ငံရေးသမားအများအပြားတို့သည် မိဘအုပ်ထိန်းမှုအောက်တွင်ရှိနေဆဲ၊ သားသမီးများရှိနေကြဆဲ ဖြစ်ပါသည်။ လက်မလွတ်သေးသောသားသမီးများရှိသည့်မိခင်တစ်ဦးအဖို့ ပြင်ပတွင်အလုပ်လုပ်ကိုင်ရန်မှာ မလွယ်ကူပါ။ လုပ်ငန်းခွင်တွင်ရှိနေစဉ် အိမ်တွင်ကျန်ခဲ့သည့်ကလေးများအကြောင်းတွေးမိသည့်အခါ သူတို့ကိုထားခဲ့ရသည့်အတွက် အပြစ်မကင်းသလိုခံစားရပါသည်။ အလုပ်ခွင်မှ အိမ်သို့ပြန်လာရပါကလည်း အလုပ်များအကြောင်း တွေးကာ အပြစ်မကင်းသလိုခံစားရပြန်ပါသည်။ အမျိုးသမီးများအနေဖြင့် ထိုအပြစ်မကင်းသည့်ခံစားချက်မှ မည်သည့်အခါမျှ လွတ်မြောက်မည်မဟုတ်ပါ။ သို့ရာတွင် သင်တစ်ယောက်တည်းဤကဲ့သို့ခံစားနေရသည် မဟုတ်ဘဲ ကမ္ဘာတဝှန်းရှိ အမျိုးသမီးများအားလုံးသည်လည်း ထိုနည်းတူခံစားနေကြရသည်ကို သင်သတိပြုမိရန် လိုပါသည်။ (ထူးဆန်းသည်မှာ ရင်သွေးငယ်များရှိကြသောဖခင်များအထဲမှ အနည်းငယ်သာ မိခင်များခံစားရသလိုခံစားကြရခြင်းဖြစ်ပါသည်။ သို့သော် ထိုစိတ်ခံယူချက်သည် တဖြည်းဖြည်းချင်းပြောင်းလဲနေပြီဖြစ်ပါသည်။)

အမျိုးသမီးတို့အနေဖြင့်သိထားရမည်မှာ မိမိသည်သာ မိမိရင်သွေး၏မိခင်စစ်ဖြစ်နိုင်သည်ဆိုခြင်းဖြစ်ပါသည်။ မိမိရင်သွေးများနှင့်အတူရှိနေစဉ် ကာလများကိုနောင်တစ်ချိန်တွင် ကြည်နူးစွာပြန်ပြောင်းသတိရနိုင်မည့် အချိန်ကာလများအဖြစ် ကုန်ဆုံးစေရန်ဖြစ်ပါသည်။

- မိမိရင်သွေးငယ်များအတွက် အချိန်လုံလောက်အောင်မပေးနိုင်ခြင်းကိုအပြစ်မကင်းသလိုခံစားရခြင်းသည် ကျွန်မနည်းတူ ကမ္ဘာအဝှန်းရှိ အမျိုးသမီးများ အကြားတူညီစွာဖြစ်ပေါ်နေသော ခံစားချက်တစ်ခုဖြစ်ကြောင်း ကျွန်မ သဘောပေါက်နားလည်ပါသည်။

ထို့နောက်တွင် မပြီးနိုင်မစီးနိုင်ရှိနေသည့် အိမ်မှုကိစ္စများလည်းရှိနေသေးသည်။ အမှန်တကယ်အားဖြင့်အိမ်မှုကိစ္စများကို အိမ်ရှင်မတစ်ဦးတည်းကသာ တာဝန်ယူလုပ်ကိုင်ရမည်မဟုတ်ပါ။ ခင်ပွန်းသည်နှင့်တကွ ကြီးပြင်းလာကြပြီဖြစ်သော သားသမီးများကပါ တာဝန်ခွဲယူကာဝိုင်းဝန်းလုပ်ကိုင်ကြရမည်ဖြစ်ပါသည်။ သင်၏မိဘများနှင့် ညီအကိုမောင်နှမများကရော ဝိုင်းဝန်းမကူညီနိုင်ကြဖူးလားဟုမေးစရာရှိပါသည်။ သို့မဟုတ်ပါကလည်း အိမ်အကူများငှားရမ်းကာအိမ်မှု ကိစ္စများဆောင်ရွက်ခိုင်းလျှင်ရောမရဖူးလား ဟုမေးစရာရှိနေပါသည်။

- အိမ်မှုတာဝန်ကိစ္စများကို မိသားစုဝင်များနှင့်အခြားသူများကိုတာဝန်ခွဲဝေပေးနိုင်ကြောင်း ကျွန်မ နားလည်သဘောပေါက်သည်။

စက်တစ်ခုလို မည်သူမျှမရပ်မနားအလုပ်မလုပ်နိုင်ပါ။ အလုပ်ပြီးအလုပ် တစ်ချိန်လုံး သင်မလုပ်နိုင်ပါ။ သူတစ်ပါးအတွက်ချည်းသက်သက်သာမဟုတ်ဘဲ သင့်ကိုယ်သင်ကြည့်ရှုစောင့်ရှောက်ရန်၊ ကောင်းမွန်စွာအသက်ရှင်ရပ်တည်နိုင်ရန်အတွက်လည်း လိုအပ်ပါသည်။ အထက်တွင်ဖော်ပြခဲ့သည့် တာဝန်ဝတ္တရားများကိုအရေးကြီးမှုအလိုက်မှတည်ပြီးလုပ်ဆောင်ရာတွင် မိသားစုအတွက်နှင့် သင့်အတွက်အချိန်များသတ်မှတ်ဖယ်ထားရန်လည်း ပါဝင်ပါ သည်။ သင်၏ ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးအခြေအနေကို အမြဲသတိပြု နေရန်လိုအပ်ပါသည်။ ထို့အပြင်လည်း စာဖတ်ခြင်း၊ သီချင်းနားထောင်ခြင်း တို့ကဲ့သို့သော ကိုယ်ပိုင်အပန်းဖြေချိန်များလည်း လိုအပ်သည့်အပြင် အနားယူချိန်၊ စဉ်းစားတွေးတောချိန်၊ တရားထိုင်ခြင်းတို့အတွက်လည်း အချိန်လိုအပ်ပါသည်။

- ကျွန်မသည် လုံလောက်စွာအနားယူပြီး ကိုယ်ပိုင်အချိန်လည်းလုံလောက်စွာရှိပါသည်။
- ကျွန်မသည် ကျွန်မ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ စိတ်ဝိဉာဉ်ဆိုင်ရာ ကျန်းမာရေးကောင်းမွန်မှုကို ထိန်းသိမ်း စောင့်ရှောက်သည်။

## ၅။ ကျွန်မသည် လမ်းသစ်ကို လျှောက်လှမ်းသူတစ်ယောက်ဖြစ်သည်၊ ရှေ့ဆောင်လမ်းပြလုပ်ကိုင်သည်၊ အခြားသူများထံမှ အကူအညီများကိုလည်း ရယူနိုင်သည်


မြန်မာနိုင်ငံတွင် အမျိုးသမီးနိုင်ငံရေးသမားများပေါ်ပေါက်ခဲ့သည်မှာ ကာလတိုသာရှိပါသေးသည်။ သင်သည် လမ်းသစ်ကို ရှေ့ဆောင်ဖောက်လုပ်သူတစ်ဦးဖြစ်ပါသည်။ ဆယ်စုနှစ်ပေါင်းများစွာကြာပြီးသည့်အခါ အခြားနိုင်ငံများတွင် ပထမဆုံးထွက်ပေါ်လာသည့် အမျိုးသမီးဥပဒေပြုအမတ်များအား သူတို့၏ပြည်သူ ပြည်သားများက အမှတ်ရနေကြသလို မြန်မာနိုင်ငံရှိ လူအများက သင်လုပ်ကိုင်ဆောင်ရွက်ခဲ့သည်များကို အမှတ်ရနေကြပါလိမ့်မည်။ ထို့အပြင်လည်း မြန်မာ့ဒီမိုကရေစီစနစ်သည် နုနယ်နေသေးပြီး တည်ဆောက် ပျိုးထောင်ဆဲကာလတွင်သာရှိနေဆဲဖြစ်ပါသည်။ ထိုအချက်က ကောင်းကျိုးများအပြင်ဆိုးကျိုးများကိုပါဖြစ် ပေါ်စေပါသည်။ အကျိုးကျေးဇူးများ အနက်တစ်ခုမှာ "ပုံစံခွက်အတွင်းကထွက်ကာတွေးတောဆင်ခြင်နိုင်ခြင်း" ဖြစ်ပါသည်။ ပွင့်လင်းမြင်သာရှိခြင်းနှင့် တာဝန်ခံတာဝန်ယူခြင်း ဆိုသည့် နိယာမအတွင်းကနေပြီး လုပ်ငန်းလုပ်ဆောင်ခြင်းနှင့်စပ်လျဉ်းသည့် စိတ်ကူး

အသစ်များ၊ ချဉ်းကပ်ရှုမြင်ပုံအသစ်များ နည်းလမ်းအသစ်များ စသည်တို့ကိုတွေ့ရှိလာနိုင်ပါသည်။

ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် တာဝန်ခံခြင်းသည် ကောင်းမွန်စွာလည်ပတ်ဖြစ်တည်နေသည့် ဒီမိုကရေစီစနစ်တစ်ခု၏ အဓိကအကြောင်း အချက်များဖြစ်ပါသည်။

ကျွန်မတို့အားလုံးသည် တစ်ဦးအပေါ်တစ်ဦးမှီခိုနေကြပါသည်။ မိဘဆွေမျိုးသားချင်းနှင့်မိတ်ဆွေသူငယ်ချင်းမများ၏ အကူအညီအထောက်အပံ့များမရပဲနှင့် ကျွန်ုပ်တို့သည် မိမိတို့၏စွမ်းဆောင်ရည်ကိုအပြည့်အဝ မသိမြင်နိုင်ပါ။ ဤရိုးရှင်းထင်ရှားသည့် အသိအမြင်ဉာဏ်ပညာသည် အားလုံးအတွက်အကြုံးဝင်သည်ဖြစ်သော်လည်း နိုင်ငံရေးသမားများအတွက် အထူးတလည်အရေးကြီးလှပါသည်။ နိုင်ငံရေးသမားများ ၏မိသားစုများသည် စိန်ခေါ်ချက်များဖြင့် ပြည့်နှက်နေကာ နိုင်ငံရေးသမားအပေါ်ဖြည့်ဆည်းပေးသူများ ဖြစ်တတ်ကြပါသည်။ မိသားစုဝင်များသည် နိုင်ငံရေးသမားတစ်ဦး အခက်အခဲအကြပ်အတည်းနှင့်ကြုံတွေ့ရသည့်အခါ ဝိုင်းရံပေးရသလို အောင်မြင်မှုများရသည့်အခါတွင်လည်း ပျော်တပြုံးပြုံးနှင့်ပါဝင်ဆင်နွှဲကြရပါသည်။ ကမ္ဘာကျော်နိုင်ငံရေးသမားအများအပြားကပင် မိသားစုများ၏အထောက်အကူသာမရရှိပါက သူတို့အနေနှင့် အောင်မြင်မှုများရရှိနိုင်မည်မဟုတ်ပါဟု ပြောကြားထားခဲ့ကြပြီးလည်းဖြစ်ပါသည်။

- အကူအညီအထောက်အပံ့ရနိုင်မှန်းကျွန်မသိသည်။
- ကျွန်မမိသားစု၊ ညီအကိုမောင်နှမဆွေမျိုးများ၏ အကူအညီအထောက်အပံ့နှင့်ချစ်ခင်မှုကို ရရှိသည်။
- ကျွန်မမိတ်ဆွေသူငယ်ချင်းများနှင့် ကျွန်မပါတီ၏ အကူအညီအထောက်အပံ့ကိုရရှိသည်။
- ကျွန်မမဲဆန္ဒရှင်များ၏ ယုံကြည်မှုကို ရရှိသည်။



# tcef(c) ulef vkyfEdkifonf

## ၁ ။ လူအများရှေ့တွင် မိန့်ခွန်းပြောခြင်းနှင့် အချေအတင်ဆွေးနွေးခြင်း (Debate) ကို ကျွန်မလုပ်နိုင်သည်

နိုင်ငံရေးသမားတစ်ဦးအနေဖြင့် လူအများလက်ခံလာနိုင်စေရန်ကြိုးပမ်းရာတွင် ကောင်းစွာရေးသားတင်ပြတတ်ရန်၊ အထူးသဖြင့် အပြောအဆိုပိုင်နိုင်ကျွမ်းကျင်ရန်လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် ထိုသို့ကျွမ်းကျင်မှုရရန် လေ့ကျင့်နိုင်သည့် အခွင့်အလမ်းများစွာမရှိသည့်အတွက် အမျိုးသမီးများအတွက် စိုးရိမ်ဖွယ်ဖြစ်နိုင်ပါသည်။ ပထမဦးစွာ မိမိဘာသာတစ်ဦးတည်းပြောဆိုခြင်း၊ မှန်ကြည့်ပြီးပြောဆိုကျင့်ခြင်း၊ ၎င်းနောက် မိသားစုဝင်များ (သို့မဟုတ်) သူငယ်ချင်းများကို ပရိတ်သတ်သကဲ့သို့ သဘောထားပြီး မိမိ၏ စကားပြောစွမ်းရည် ထက်မြက်လာစေရန် လေ့ကျင့်ခြင်းတို့သည် အကျိုးများပါသည်။ ကောင်းမွန်သောနည်းလမ်းတစ်ခုမှာ မိမိကိုယ်မိမိ ဗီဒီယိုရိုက်ထားပြီး ပြန်လည်ကြည့်ရှုသည့် နည်းဖြင့် သင်ယူခြင်းဖြစ်သည်။

မိန့်ခွန်းတစ်ခုသည်ရှင်းလင်းရန်နှင့် အဓိက အချက် ၃-၄ ချက်သာရှိရမည်ဖြစ်ပြီး မိမိဟောပြောမည့် လူထု ပရိတ်သတ်နှင့်သက်ဆိုင်သောအကြောင်းအရာဖြစ်ရပါမည်။ ထို့အတွက်ကြောင့် သင့်အနေဖြင့် ပရိတ်သတ် အကြောင်းကို သေချာစွာသိရန်လိုအပ်သည်။ ပြောဆိုမည့်အကြောင်းအရာနှင့်ပတ်သက်သည်များကို ကောင်းစွာ၊ မှန်ကန်စွာ သိထားရန်မှာ ကနဦးအချက်ဖြစ်သည်။ ပရိတ်သတ်ကို မည်သို့သော သတင်းစကား သင် ပေးမည်လဲ ဆိုသည်ကို ပထမဆုံး ဆုံးဖြတ်ပါ။ သင့်ရဲ့မိန့်ခွန်းပုံစံကို ရှင်းလင်းစွာတည်ဆောက်ပါ။ သင်၏ ပြောပုံဆိုပုံနှင့် အကြောင်း အရာသည် လူထု၏ နေ့စဉ်ဘဝနှင့် ချိတ်ဆက်နိုင်ပါက လူထုပရိတ်သတ်သည် သင် ပြောဆိုသည့် နောက်သို့ပါလာပါလိမ့်မည်။ ဖြစ်နိုင်ပါက ဗဟုသုတမှတ်သားဖွယ်အချက်အချို့ထည့်သွင်းခြင်းနှင့် မိန့်ခွန်းအဆုံး တွင် ရေးပညာရှိ အဆိုအမိန့်အချို့ထည့်သွင်းပြောဆိုခြင်းမျိုးပြုလုပ်သင့်သည်။

ရှင်းလင်းစွာပြောဆိုပါ။ စာရွက်အား တစ်စိုက်မတ်မတ်ကြည့်ပြီးမဖတ်ပါနှင့် (တစ်ချက် တစ်ချက်ကြည့်နိုင်သည်)။ မိန့်ခွန်းမပြောဆိုမီ အဓိကပြောဆိုမည့်အချက်အလက်များကို ချရေးထားပြီး ပေါ့ပါးလွတ်လပ်စွာပြောဆိုခြင်းသည် အကောင်းဆုံးမိန့်ခွန်းပြောနည်းဖြစ်သည်။

- နိုင်ငံရေးမိန့်ခွန်းကို ကျွန်မ ကောင်းစွာပြောဆိုနိုင်သည်။ လူပရိတ်သတ်အများရှေ့တွင် မိန့်ခွန်းပြောရန် ကျွန်မ မိမိကိုယ် မိမိ ယုံကြည်မှုရှိသည်။

နိုင်ငံရေးသမားတစ်ဦးအနေဖြင့် လူအများရှေ့တွင်မိန့်ခွန်းပြောဆိုတတ်ခြင်းတစ်ခုထဲနှင့် မလုံလောက်ပါ။ မဲဆန္ဒရှင်များနှင့်ပံ့ပိုးကူညီသူများကို မဲဆန္ဒနယ်နှင့်အများပြည်သူနေရာများတွင်တွေ့ဆုံခြင်းသည် နိုင်ငံရေးသမားတစ်ဦး၏ အလုပ်အစိတ်အပိုင်းတစ်ခုပင်ဖြစ်သည်။ လူထုနှင့် ပွင့်လင်းပြီးအဖွင့်သဘောဆွေးနွေးခြင်းသည် ဒီမိုကရေစီ၏အခြေခံကိုတည်ဆောက်သည်။ သို့ရာတွင် နိုင်ငံရေးသမားတစ်ယောက်အနေဖြင့် ရွေးကောက်ပွဲချိန် တွင် ရေဒီယိုသတင်းဌာန သို့မဟုတ် ရုပ်သံလိုင်းမှတဆင့် မဲဆန္ဒရှင်များနှင့်စကားပြောရာတွင် မျှော်လင့်မထားသော၊ ဘေးကျပ်နံကျပ်မေးခွန်းများနှင့် မကြာခဏ ကြုံတွေ့ရတတ်ပါသည်။ သို့တည်းမဟုတ် အတိုက်အခံပါတီများမှ ကိုယ်စားပြုသူများနှင့် တစ်ဦးနှင့်တစ်ဦး အချေအတင်ငြင်းခုန်ပြောဆိုရသော လူထုရှေ့တွင်စကားစစ်ထိုးခြင်း (ဒီဘိတ် - Debate) သို့ဖိတ်ခေါ်ခြင်းမျိုးလည်း ကြုံရတတ်ပါသည်။ မိမိအားစောင့်ကြည့်အကဲဖြတ်နေသောအခြေအနေ တွင် ခက်ခဲသောမေးခွန်းများကို သဘောကျလက်ခံလာအောင် ဖြေဆိုခြင်းသည် မိန့်ခွန်းပြောရသည့်အခြေအနေ ထက်ပိုပြီးခက်ခဲပါသည်။ ကောင်းစွာကြိုတင်ပြင်ဆင်ခြင်းသည် အထောက်အကူများစွာဖြစ်သည်။ ဖြစ်နိုင်ခြေရှိသော အကြောင်းအရာများနှင့် မေးနိုင်ခြေရှိသောမေးခွန်းများ အားလုံးကိုစဉ်းစားပြီး မည်ကဲ့သို့ဖြေမည်ကိုလည်း

အကြမ်းပြင်ဆင်ထားသင့်သည်။ ပြိုင်ဖက်၏ စကားသံကို သေချာစွာနားထောင်ပါ။ သူဘာကိုဆိုလိုနေသည်ကို သင်သိသည် ဟူသည့် အတွေးမျိုးမပေါ်ပါစေနှင့်။ နားထောင်ခြင်းသည်သင်၏ဆွေးနွေးပွဲကိုမြှင့်ဆိုင်စေပြီး ပရိတ်သတ်၏ ထောက်ခံမှုကိုလည်း ပိုရစေသည်။ မိမိ၏ပြိုင်ဖက်မှ အခြေအမြစ်မရှိ သောစကားများနှင့် မမှန်ကန်သော အကြောင်းအရာများကိုကြားရသောအခါ ဒေါသမထွက်မိစေရန်မှာ ခက်ခဲသော်လည်း ထိုအရာကိုကောင်းစွာထိမ်းချုပ်နိုင်သူသည် စကားစစ်ထိုးရာတွင် ပရိတ်သတ်ကိုလည်း ပိုမိုဆွဲဆောင် စည်းရုံးနိုင်ပါသည်။

အချေအတင်ဆွေးနွေးပွဲတစ်ပွဲကိုကောင်းစွာ လုပ်ဆောင်နိုင်ခဲ့ပြီဆိုပါက မိမိကိုယ်ကိုကျေနပ်မှုပျော်ရွှင်မှုကိုလည်း ဖြစ်စေသည်။ အကယ်၍ ကောင်းစွာလုပ်ဆောင်နိုင်ခဲ့ခြင်းမရှိပါကလည်း မိမိကိုယ်ကို အပြစ်မတင်သင့်ပါ။ မည်သူ တစ်ဦးတစ်ယောက်မှ အမြဲတမ်းအောင်မြင်မနေပါ။ ဆွေးနွေးပွဲကို ပြန်လည်သုံးသပ်ပြီး ဆန်းစစ်ကာ ပိုကောင်းအောင် မည်သို့ လုပ်ခဲ့သင့်သည် နောက်တစ်ကြိမ်အတွက် သင်ခန်းစာအနေဖြင့်ယူခြင်းက ပို၍သင့်တော်ပါသည်။ အချေအတင်ဆွေးနွေးပွဲလုပ်ရာတွင် မိမိပြိုင်ဖက်မှာ အမျိုးသမီးဖြစ်ခြင်း (သို့မဟုတ်အမျိုးသားဖြစ်ခြင်း) ကြောင့် မည်သို့ကွာခြားသည်ကို သုံးသပ်ခြင်းသည်လည်းအသုံးဝင်ကောင်းဝင်ပါမည်။

- ကျွန်မသည် လူပရိတ်သတ်မျက်မှောက် အချေအတင်ဆွေးနွေးမှုကို စွမ်းဆောင်နိုင်သူတစ်ဦး ဖြစ်သည်။

## ၂။ အခြားသူများပြောသည်ကို ကျွန်မ နားထောင်ပေးနိုင်သည်။ ညှိနှိုင်းမှုများ လုပ်ဆောင်နိုင်ပြီး နိုင်ငံရေး သဘောတူညီချက်များရရှိအောင်လုပ်ကိုင်နိုင်သည်

ပါတီစုံဒီမိုကရေစီစနစ်သည် မတူကွဲပြားသည့်အမြင်များ၊ ယူဆချက်များနှင့် ဦးတည်ချက်များရှိကြသော ပြည်သူများနှင့် နိုင်ငံရေးပါတီများ၏ပါဝင်မှုကိုအားပေးသည်။နိုင်ငံရေးသမားတစ်ဦး၏အရေးကြီးသောအရည်အသွေးတစ်ရပ်မှာအခြား သူများပြောနေသည့်အကြောင်းကိစ္စများကို ဂရုတစိုက်အလေးထားကာ နားထောင် ပေးနိုင်သည့် စွမ်းရည်ပင်ဖြစ်သည်။ အချို့သောသူများသည် ပင်ကိုယ်အားဖြင့် နားထောင်ပေးနိုင်ခြင်းစွမ်းရည် ပြည့်ဝနေသူများ ဖြစ်ကြသည်။ ကံအားလျော်စွာပင် ၎င်းစွမ်းရည်ကို လေ့ကျင့်ပေးခြင်းအားဖြင့်လဲ ပို၍ကောင်းရန် သင့်အနေဖြင့် လုပ်ဆောင်နိုင်ပါသည်။ နားထောင်ပေးနိုင်စွမ်းရည်ရှိသူ တစ်ယောက်ဖြစ်လာစေရန် ထိမ်းချုပ်မှုနှင့် အာရုံစူးစိုက်မှုလိုသည်။ ၎င်းစွမ်းရည်သည် စေ့စပ်ညှိနှိုင်းဆွေးနွေးပေးသည့်နေရာတွင် အသုံးဝင်သည့်အတွက် သင့်အနေဖြင့် လေ့လာထားရန် သင့်လျော်ပါသည်။ စေ့စပ်ညှိနှိုင်းဆွေးနွေးပေးနိုင်သည့် စွမ်းရည်မရှိဘဲ နိုင်ငံရေးသမားကောင်းတစ်ဦး ဖြစ်နိုင်လိမ့်မည်မဟုတ်ပါ။

ပါတီစုံဒီမိုကရေစီစံနစ်ကိုကျင့်သုံးသောနိုင်ငံများတွင် နိုင်ငံရေးပါတီတစ်ခု၏ အားလုံးသောရည်မှန်းချက်များ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦး၏ အားလုံးသောရည်မှန်းချက်များ ပြီးမြောက်အောင်မြင်နိုင်ရန်အတွက်မှာ မဖြစ်နိုင်ပါ။ ထိုကဲ့သို့ရည်မှန်းချက်များပြီးမြောက်လိုပါက သင်သည် ညှိနှိုင်းမှုကို မဖြစ်မနေပြုလုပ်ရမည်ဖြစ်သည်။ အောင်မြင် ထိရောက်သော ညှိနှိုင်းမှုသို့ရောက်ရှိရန် သင်သည် အပေးအယူ၊ အညှိအနှိုင်း၊ အလျှော့အတင်းများကို ပြုလုပ်နိုင်စွမ်းရှိရမည်ဖြစ်သည်။ ထိုကဲ့သို့သောအခြေအနေမျိုးတွင် အလေးအနက်ထားပြီး နားထောင်ခြင်းမှ တစ်ဆင့် ညှိနှိုင်းမှုအဆင့်သို့ ရောက်ရှိရန်၊ ညှိနှိုင်းမှုမှတစ်ဆင့် အပြုသဘောဆောင်သော အပေးအယူ အလျှော့ အတင်းပြုလုပ်သည့်အဆင့်သို့ရောက်ရှိရန်၊ ထိုမှတစ်ဆင့် ဆွေးနွေးမှုတွင်ပါဝင်သူများအားလုံး စိတ်ကျေနပ်မှု ရရှိရန် လိုအပ်ပါသည်။ အဆိုပါညှိနှိုင်းမှုများသည် သင်၏ပါတီတွင်းတွင်ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့သော် များသော အားဖြင့် အရေးကြီးသောနိုင်ငံရေး ရည်မှန်းချက်များအတွက်မူ ပါတီပြင်ပတွင်ဖြစ်နိုင်ပါသည်။

- တပါးသူ၏ ပြောစကားများကို ကျွန်မ အလေးအနက်နားထောင်သည်။ ကျွန်မ ညှိနှိုင်းသည်။ ထို့နောက်

ကျွန်မ အပေးအယူ၊ အလျှော့အတင်းပြုလုပ်သည်။ သို့သော် အလွန်အမင်း လျှော့ပေးခြင်းမပြုလုပ်ပါ။

မိမိ၏ပြိုင်ဖက်နှင့် (ဥပမာ၊ ပါတီတွင်း၊သို့မဟုတ် အမျိုးသမီးကော်မတီအတွင်း) သို့မဟုတ် အတိုက်အခံဖက်နှင့် လွှတ်တော်တွင်းတွင်ဖြစ်စေ၊ ကော်မတီတွင်းတွင်ဖြစ်စေ အကြီးအကျယ်သဘောမတူသည့် အခြေအနေမျိုးကို စဉ်းစားကြည့်ကြပါစို့။ သင်အရေးနိမ့်သွားသောကြောင့်သော်၎င်း၊ အခြားသူများမှ သင့်အား မမှန်မကန် ပြောဆိုနေသောကြောင့်သော်၎င်း၊ သင် အလွန်အမင်းဒေါသဖြစ်ကာ ပူလောင်ကောင်း ပူလောင်နေပါလိမ့်မည်။ သို့တည်းမဟုတ် လူတိုင်းက သင့်လုပ်ရပ်မှန်ကန်သည်ဟုမြင်ကြပြီး သင့်အနေနှင့်အောင်မြင်မှုရရှိသည်မျိုးလည်း ဖြစ်နိုင်ပါသည်။ ရှုံးနိမ့်သောကြောင့် အပြစ်တင်ရန်ကြိုးပမ်းသည်ဖြစ်စေ သို့မဟုတ် မိမိအောင်မြင်သောကြောင့် တစ်ဖက်ပြိုင်ဖက်အားအနိုင်ယူ စနောက်ရန် အားထုတ်သည်ဖြစ်စေ၊ မိမိ၏ ရည်မှန်းချက်ကို ရရှိရန်အတွက် အမှန်တကယ် အကျိုးမရှိပါက ထိုသို့မပြုလုပ်ပါနှင့်။ ထိုသို့သောပြုမူချက်ကို နိုင်ငံရေးတွင် “တံတားများကိုမီးရှို့ခြင်း” သို့မဟုတ် “ဆက်ဆံရေးအပြီးအပိုင်ပျက်ပြားခြင်း” ဟုခေါ်ကြပြီး မိုက်မဲသော လုပ်ဆောင်ချက်လည်းဖြစ်သည်။ သင်နိုင်ထက်စီးနင်းပြောဆို ပြုမူခဲ့သောသူ၏ ထောက်ခံပံ့ပိုးမှုကို လိုကောင်း လိုလာမည့်အချိန် မကြာခင် (ဖြစ်ပျက်ပြီး နှစ်ဝက်အတွင်း) ရောက်လာနိုင်သည်ကို မည်သူမှမသိနိုင်ပါ။ ထိုသူသည် (သူ သို့မဟုတ် သူမ) သင်ကသူ့ကိုအများရှေ့တွင် လှောင်ပြောင်ခြင်းခံထားရသည့်အတွက် သင်လိုအပ်နေချိန်တွင် သင့်ကိုထောက်ခံပံ့ပိုးမှုပေးရန် အလားအလာ နည်းပါးပါသည်။ ထို့ကြောင့် အရှေ့ကို ကြိုတင်စဉ်းစားထားခြင်းသည် လုပ်သင့်သောအရာဖြစ်သည်။ ”တံတားများကိုမီးရှို့မပစ်ခြင်း” သည်လည်းကျင့်သုံးရန်သင့်တော်သော အချက် ဖြစ်သည်။ တစ်ဖက်သားအပေါ်ထားရှိသည့် သင်၏သဘောထားအမှန်ကို မပေါ်လွင်စေဘဲ (မဖော်ပြဘဲ) သိုသိပ်စွာ နေထိုင်ရန် အကြံပြုလိုသည်။ မိမိ လုပ်ဖော်ကိုင်ဖက်များနှင့်ဆက်ဆံရာတွင် ယဉ်ကျေးသောအမူအကျင့်ဟုလည်း ခေါ်ဆိုနိုင်သည်။ ဤနေရာတွင် သံတမန်နည်း/သံတမန်ဆန်ခြင်း “Diplomacy” ဟူသော စကားလုံးကို ပြောလိုသည်။ သံတမန်နည်း/သံတမန်ဆန်ခြင်း သည်နိုင်ငံရေးတွင် အလွန်အရေးပါသည်။ ပြတ်သားခိုင်မာရန်၊ တချိန်တည်းမှာပင် သံတမန်ဆန်ခြင်းစွမ်းရည်ရှိရန်တို့သည် ကျင့်သုံးသင့်သော အချက်များဖြစ်သည်။

ဥပမာ - မြန်မာသံတမန်တစ်ဦး

ကမ္ဘာက ယခုထက်တိုင်သတိတရရှိနေကြသော အထင်ကရ မြန်မာ့သံတမန်တစ်ဦးရှိပါသည်။ ၄င်းမှာ ဦးသန့် ဖြစ်ပြီး ၁၉၆၁ မှ ၁၉၇၁ အထိ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်တာဝန်ကိုထမ်းဆောင်ခဲ့ပါသည်။ ၄င်းမတိုင်မီ အထွေထွေ အတွင်းရေးမှူးချုပ်တာဝန်ယူထားသော ဒက်ဟမ်းမားရှိုး လေယာဉ်ပျက်ကျ ကွယ်လွန်ပြီးနောက် ဦးသန့်ကို ခန့်အပ်ခဲ့သည်။ ကျူးဘား အရေးအခင်းနှင့်ပတ်သက်ပြီး အမေရိကန်နှင့်ရုရှားနိုင်ငံကြား ဖြစ်ပွားသော ပဋိပက္ခကြီးထွားမလာစေရန်ကြိုးပမ်း လုပ်ဆောင်မှုတွင် ဦးသန့်သည် အရေးပါသော အဓိကနေရာ မှ ပါဝင်ခဲ့သည်။ ၄င်းသည် ကွန်ဂိုပြည်တွင်းစစ်ကို အဆုံးသတ် ရန်လည်း လုပ်ဆောင်နိုင်ခဲ့သည်။ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူတစ်ဦးဖြစ်သော်လည်း လိုအပ်သောအခါတွင် အင်အားသုံးရန် မတွန့်ဆုတ်ခဲ့ပါ။
၁၉၆၆ ခုနှစ်တွင်ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံတွင် ဦးသန့်အား လုံခြုံရေးကောင်စီ၏ တစ်ခဲနက် ထောက်ခံချက်ဖြင့် အထွေထွေအတွင်းရေးမှူးချုပ်တာဝန်ကိုထပ်မံ ထမ်းဆောင်ရန် ရွေးချယ်ခဲ့ကြသည်။ ၄င်းတာဝန် ထမ်းဆောင်နေစဉ်အတွင်း အာရှနှင့်အာဖရိကနိုင်ငံများစွာကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ အဖြစ်ဖြင့် စည်းရုံးစွမ်းဆောင်နိုင်ခဲ့ပြီး တောင်အာဖရိကနိုင်ငံတွင် လူမျိုးရေးခွဲခြားသည့်စနစ်ကို ပြတ်သားခိုင်မာစွာ ဆန့်ကျင်ခဲ့သည်။ ဦးသန့်သည် ကုလသမဂ္ဂ ဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင် အဖွဲ့အစည်းများ၊ ရံပုံငွေများ နှင့် စီမံကိန်း များစွာကိုလည်း ဖွဲ့စည်းထူထောင်ခဲ့ပါသည်။ ၄င်း၏ပြောင်မြောက်သော သံတမန်ရေး စွမ်းရည်ကို အသုံးချကာ အမေရိကန်၏ဗီယက်နမ် ကျူးကျော်စစ်ပွဲအပေါ် ဝေဖန်ထောက်ပြခဲ့သည်။ ဦးသန့်သည် တတိယအကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် တာဝန်ကိုထမ်းဆောင်ရန် တာဝန်ပေးအပ်ခြင်းခံရသော်လည်း ငြင်းဆိုကာ ၁၉၇၁ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ ?

- အပြုသဘောဆောင်သော အပေးအယူ၊ အလျှော့အတင်းပြုလုပ်ရာတွင် သံတမန်နည်း/ သံတမန်ဆန်ခြင်း စွမ်းရည် လိုအပ်ကြောင်း ကျွန်မ နားလည်သည်။

## ၃။ မဟာဗျူဟာ ချမှတ်သည့် အဆင့်မြင့် ဆွေးနွေးပွဲများ / အစည်းဝေးများတွင် (အဆင့်တိုင်း ကျွန်မ ပါဝင် ဆွေးနွေးနိုင်သည်)

မဟာဗျူဟာဆိုသည်မှာ အဘယ်နည်း။ အရှေ့သို့ သင် မျှော်ကြည့်သည်၊ သင် ရောက်ချင်သောပန်းတိုင်ကို သတ်မှတ်သည်၊ ထို့နောက် ပန်းတိုင်သို့ရောက်ရန် နည်းလမ်းများကိုရှာကြံသည် ဟု ရိုးရှင်းစွာဖွင့်ဆိုပါမည်။ အရေးကြီးသောအချက်မှာ ဘာကိုလိုချင်လဲ ဆိုသည်ကို သင်သိရန်ပင်ဖြစ်သည်။ အကြောင်းမှာ ကျွန်ုပ်တို့သည် မိမိတို့ ဘာဖြစ်ချင်သလဲဆိုသည်နှင့်ပတ်သက်ပြီး မကြာခဏဆိုသလိုပင် ဝေဝါးနေတတ်ကြသောကြောင့်ဖြစ်သည်။ သင်ရောက်ချင်သော ပန်းတိုင်သို့သွားရန် နည်းလမ်းများရှိသည်။ ထိုနည်းလမ်းများကို အစီအစဉ်များဟူ၍လည်း ခေါ်ဝေါ်သုံးစွဲကြသည်။ အဆိုပါ အသုံးအနှုန်း ၂ မျိုး လုံးသည် တိုက်ခိုက်ရေးနှင့်ပတ်သက်သော ကိစ္စရပ်များတွင် သုံးစွဲခြင်းမှ ဆင်းသက်လာခြင်းဖြစ်ပြီး ယခုအခါ နိုင်ငံရေး၊ အဖွဲ့အစည်းများ၊ နှင့် စီးပွားရေးလုပ်ငန်းကိစ္စရပ်များတွင်ပါ သုံးစွဲလာကြပြီဖြစ်ပါသည်။

ဥပမာ - ဗျူဟာ မရှိခြင်း

နိုင်ငံငယ်လေးတစ်ခုတွင် ဆေးရုံပြင်ရန်လိုအပ်နေသည်။ နံရံများအက်ကွဲနေသည်၊ ခေါင်မိုးရေယိုနေသည်၊ ပစ္စည်းကရိယာများမှာ ခေတ်မမီတော့ချေ။ အစိုးရက ဆေးရုံကိုမွမ်းမံပြင်ရန် ဆုံးဖြတ်ပြီး အစီအမံများအတိုင်း လုပ်ငန်းတာဝန်ကို အောင်မြင်အောင်ဆောင်ရွက်ပြီးစီးနိုင်ခဲ့သည်။ စီစဉ်ထားသည် ကုန်ကျစရိတ်ပို၍များသော် လည်း လူတိုင်းပျော်ရွှင်ပုံရပါသည်။
ငါးနှစ်ကြာသောအခါ ထိုဆေးရုံကိုပိတ်လိုက်ရသည်။ အကြောင်းမှာ ထိုဆေးရုံရှိသည့်မြို့ငယ်ကလေးသို့လာ ရောက် အလုပ်လုပ်ကိုင်ရန်ဆရာဝန်များအား မဆွဲဆောင်နိုင်သောကြောင့်ဖြစ်သည်။ မွမ်းမံပြင်ဆင် စရိတ်များ ဆုံးရှုံးသည်။ ဘာတွေမှားခဲ့လဲ ?
မွမ်းမံပြင်ဆင်မည်ဟူသော ဆုံးဖြတ်ချက်ချသောအချိန်တွင် အလုံးစုံအခြေအနေကိုဖော်ပြပေးသောဗျူဟာ ရှိမနေပါ။ ဆေးရုံကိုပိတ်လိုက်ပြီးနောက် ဌာနဆိုင်ရာဝန်ထမ်းများ သွားရောက်ကြည့်ရှုသည့်အခါတွင် ထိုမြို့ကလေးတွင် နေထိုင်သူနည်းပါးသည်ကိုတွေ့ရသည်။ လူအများသည် မြို့ကြီးများဆီသို့ ရွှေ့ပြောင်းနေထိုင်နေကြသည်ကို တွေ့ရသည်။ ဆရာဝန်များက အလုပ်တာဝန် အလွန်များပြီး လုပ်ဖော်ကိုင်ဖက်များ၏ကူညီပေးမှု လွန်စွာနည်းပါးသည်ကို ထောက်ပြပြောဆိုကြသည်။ သူတို့သည် ပို၍ကြီးသော ဆေးရုံတွင်လုပ်ရန် လိုလားကြသည်။

အထက်ပါ ဖြစ်ရပ်သည် မည်သည့်နေရာတွင်မဆိုဖြစ်ပွားနိုင်သည်။ မြို့ကြီးများသို့ရွှေ့ပြောင်းနေထိုင်ခြင်းသည် ကမ္ဘာ့ရေစီးကြောင်းဖြစ်နေရာ အနာဂါတ်ကိုကြိုတင်မှန်းဆရန် ခက်ခဲပါသည်။ ထို "အနာဂါတ်" သည် နိုင်ငံရေးပင်ဖြစ်သည်။ မည်သည့်နေရာမှာဆေးရုံလိုလဲဆိုသည်ကိုသိရန် သို့မဟုတ် ဆရာဝန်များလာရောက် အလုပ်လုပ်ရန် ဆန္ဒရှိ/မရှိ ဆိုသည်ကို ကြိုတင်မှန်းဆရန်မှာ အချက်အလက်များသိရန် လိုအပ်သည်။

အထက်ပါဖြစ်ရပ်တွင် လူဦးရေဆိုင်ရာသတင်းအချက်အလက်များကိုသိရန်လိုသည်။ ဥပမာ -


- လွန်ခဲ့သည့်နှစ်များက တစ်နှစ်လျှင် ကလေးမွေးနှုန်းမည်မျှရှိသည်၊
- ကလေးမွေးဖွားနိုင်သည့်အသက်အရွယ်ရှိသည့်အမျိုးသမီးများအရေအတွက်ပေါ်အခြေပြုပြီး ကြိုတင်ခန့်မှန်းချက် မည်မျှရှိသည်၊
- ခွဲစိတ်ကုသသည့်အကြိမ်အရေအတွက် (နှစ်စဉ်)၊ ခွဲစိတ်ကုသခြင်းအတွက်ကုန်ကျစရိတ် (ခွဲစိတ် ဆောင်အသေးနှင့် အကြီး)၊ စသည်

သို့မဟုတ် အချက်အလက်ကို စစ်တမ်းကောက်ယူခြင်းမှလည်းရနိုင်သည်။ ဥပမာ -

- ပြည်သူများသည် ခွဲစိတ်ကုသမည့် ကိစ္စများအတွက်ခရီးသွားရန် ဆန္ဒရှိကြပါသလား?
- ဆရာဝန်များသည် ဆေးရုံအသေးများတွင် ပျော်ရွှင်စွာတာဝန်ထမ်းဆောင်လိုစိတ်ရှိကြပါသလား?
- ဆေးရုံအကြီးများတွင် တာဝန်ထမ်းဆောင်ကြသောဆရာဝန်များကို လူထုက ပိုမိုယုံကြည်စိတ်ချကြပါသလား?

ဖြစ်နိုင်ချေရှိသည့်အတိုင်းအတာနှင့်ပတ်သက်၍ နိုင်ငံရေးဆုံးဖြတ်ချက်တို့ကို အချက်အလက်များပေါ်အခြေပြုပြီး ဆုံးဖြတ်သင့်ပါသည်။ ဆုံးဖြတ်ချက်များသည် မဟာဗျူဟာတစ်ခု၏အစိတ်အပိုင်းဖြစ်သင့်သည်။ ကျယ်ပြန့်စွာ ရှုမြင်တတ်ခြင်းသည် ကျွန်ုပ်တို့ကို ကျွန်ုပ်တို့ချမှတ်ထားသော ပန်းတိုင်ဆီသို့ရောက်ရန် တည့်မတ်ပေးသည်။

source: Theoryofchange.org




အောင်မြင်သော ကြိုတင်မှန်းဆချက်အချို့သည် မဟာဗျူဟာကောင်းအတွက် လိုအပ်ချက်တစ်ရပ်ပင်ဖြစ်သည်။ သင်ချမှတ်ထားသော ပန်းတိုင်များသည် (ပါတီတွင်း၊ အဖွဲ့စည်းအတွင်း၊ လွှတ်တော်အစုအဖွဲ့) လက်တွေ့ဖြစ်လာစေရမည်ဖြစ်သည်။ ရည်မှန်းချက်နှင့် လက်တွေ့ဘဝကို ရောစပ်ရမည်ဖြစ်သည်။ မဟာဗျူဟာချမှတ်သည့် ဆွေးနွေးပွဲများ (မည်သည့်အဆင့်တွင်ဖြစ်စေ) တွင်ပါဝင်သည့်အခါ ဆွေးနွေးမည့်အကြောင်းအရာများနှင့်ပတ်သက်ပြီး စိတ်ချယုံကြည်ရသော ခိုင်မာသည့်အချက်အလက်များ ရရှိထားပြီးဖြစ်နေရန်သေချာနေပါစေ။ သို့မဟုတ် စိတ်ချယုံကြည်ရသောအချက်အလက်များကို မပေးနိုင်ပါက မည်သို့ရှာဖွေရယူနိုင်သည်ကို အကြံပြုပါ။ တစ်ချိန်တည်းမှာပင် တီထွင်ဆန်းသစ်မှုရှိရန်ကြိုးစားပါ၊ တွေးခေါ်မှုပုံစံအသစ်များနှင့် ဖြေရှင်းရန်နည်းလမ်းသစ်များအား မိတ်ဆက်ပေးရန် ပုံစံခွက်အတွင်းကထွက်ကာတွေးတောဆင်ခြင်သည့်အမြင်ဖြင့်ကြည့်ပါ။ ကြိုတင်ပြင်ဆင်မှုကို သေချာစွာလုပ်ပါ။

ဆွေးနွေးမည့်အကြောင်းအရာနှင့်ပတ်သက်ပြီး မိမိကိုယ်ကို အောက်ပါအတိုင်းမေးပါ -

၁) ကျွန်မတို့ မည်သည့်နေရာတွင်ရှိနေသနည်း?

၂) ကျွန်မတို့ မည်သည့်နေရာသို့သွားမည်နည်း?

၃) မည်သည့် နည်းလမ်းများဖြင့် ထိုနေရာသို့ သွားမည်နည်း?

၄) မည်မျှကုန်ကျမည်ကိုသိရှိရန် ကျွန်မတို့တွင်နည်းလမ်းတစ်ရပ်ရှိပါသလား?

- မဟာဗျူဟာချမှတ်သည့်ဆွေးနွေးပွဲများတွင် (အဆင့်တိုင်းတွင်) ကျွန်မ ပါဝင်ဆွေးနွေးနိုင်သည်။

## ၄.၁။ ပါတီနယ်နိမိတ်ကိုကျော်လွန်ပြီး မဟာမိတ်ဖွဲ့စည်းခြင်း

ပါတီစုံဒီမိုကရေစီစနစ်တွင် နိုင်ငံရေးပါတီများနှင့် မဟာမိတ်ဖွဲ့ခြင်းသည် ဘုံရည်မှန်းချက်ပန်းတိုင်များကို ရောက်ရှိရန် အဓိကအချက်တစ်ရပ်ဖြစ်ပါသည်။ နိုင်ငံရေးပါတီများနှင့် မဟာမိတ်ဖွဲ့ရန်လုပ်ဆောင်မှုသည်လည်း စွမ်းရည်အမြဲတမ်းလိုအပ်သည်။ ပါတီအသီးသီးနှင့် မဟာမိတ်ဖွဲ့လုပ်ဆောင်ရန် သင့်ပါတီက သင့်ကို တာဝန်ပေးအပ်ထားမှုရှိရန် များသောအားဖြင့်လိုအပ်သည်။ အကယ်၍ သင်သည် ပြည်ထောင်စုအဆင့်ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်ပါက အာဏာရပါတီများသည် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့်ပူးပေါင်းလုပ်ဆောင်ခြင်း တို့ကိုလုပ်ကိုင်သည့်အလေ့အထရှိပြီး အတိုက်အခံပါတီများသည် ၎င်းတို့အချင်းချင်းကြား ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းတို့ကို လုပ်ကိုင်ကြသည်။

ဒေသဆိုင်ရာ အုပ်ချုပ်ရေးတာဝန်များကိုလုပ်ဆောင်ရန် နိုင်ငံရေးပါတီများကို သတ်သတ်မှတ်မှတ် တာဝန်ပေးအပ်ထားခြင်းမျိုး ရှိမနေသော ဒေသန္တရအဆင့် (တိုင်းနှင့်ပြည်နယ်များ)တွင်မူ ပါတီများအကြား မဟာမိတ်ဖွဲ့ခြင်းသည် သက်ဆိုင်ရာဒေသ၏အလေ့အထပေါ်တည်၍ ကျင့်သုံးလေ့ရှိကြသည်။ လိုအပ်သောအကူအညီ အထောက်အပံ့ (ပူးပေါင်းဆောင်ရွက်ခြင်း) ကိုလည်း လိုသည့်နေရာတိုင်းအတွက် သင့်အနေဖြင့် အလျဉ်းသင့်သလိုရှာဖွေနေရတတ်သည်။ မဟာမိတ်ဖွဲ့လုပ်ဆောင်မည့်သူများအတွက် (မိမိပါတီမှဖြစ်စေ၊ အခြားပါတီမှဖြစ်စေ) ထိုသို့လုပ်ဆောင်နိုင်ရန် တာဝန်နှင့်လုပ်ပိုင်ခွင့်များရေးသားပြဋ္ဌာန်းထားခြင်းမျိုးသည် ယေဘုယျအားဖြင့် ကောင်းသောမူဝါဒတစ်ရပ်ဖြစ်သည်။ သင့်အနေဖြင့် တစ်ချိန်ချိန်တွင် ကိစ္စရပ်တခုလုပ်ဆောင်ရန် အကူညီတောင်းခံရန် လိုအပ်လာပါက ဖုန်းဆက်လိုက်ရုံမျှဖြင့် အလုပ်ကိစ္စပြီးမြောက်နိုင်မည်ဖြစ်သည်။ သို့မဟုတ် အခြားတစ်ယောက်အနေဖြင့် ယင်းသို့လိုအပ်လာပါကလည်း သင့်ကို ဖုန်းဆက်အကူညီတောင်းခံနိုင်မည်ဖြစ်သည်။

အချို့လွှတ်တော်များတွင် လွှတ်တော်အမျိုးသမီးအစုအဖွဲ့များ (အပိုင်း ၂၊ အခန်း ၆ တွင်ကြည့်ပါ) ဖွဲ့စည်းထားခြင်းမျိုးရှိတတ်ကြပါသည်။ အဆိုပါအမျိုးသမီးအစုအဖွဲ့များသည် မတူညီသောပါတီများမှ အမျိုးသမီးများစုစည်းတွေ့ဆုံကြပြီး မူဝါဒများစုပေါင်းဆွေးနွေးသည့် အခွင့်အလမ်းကိုဖော်ဆောင်ထားသည့် နေရာလည်းဖြစ်ပါသည်။ နိုင်ငံအတော်များများတွင် အမျိုးသမီးအစုအဖွဲ့ထားရှိကျင့်သုံးမှုကြောင့် အမျိုးသမီးရေးရာကိစ္စရပ်များနှင့် သက်ဆိုင်သော မူဝါဒအများအပြားကို အမျိုးသမီးများစုပေါင်းညီညွတ်စွာဖြင့် အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့သည့် သာဓကများ များစွာရှိပါသည်။ အကယ်၍ အခြားပါတီမှ အမျိုးသမီးတစ်ဦး သင့်အကူအညီ လိုအပ်၍ အကြံဉာဏ်တောင်းရန် ရန်ချဉ်းကပ်လာပါက သူမကို ချက်ခြင်းငြင်းမပစ်လိုက်ပါနှင့်။ ထင်မြင်ယူဆချက်များ ဖလှယ်ရန်ကမ်းလှမ်းချက်ကို စဉ်းစားရန် ခေတ္တစောင့်ဆိုင်းပါ။ အပြန်အလှန်အားဖြင့် အကယ်၍ အကြောင်း အရာတစ်ခုအပေါ်အခြားပါတီမှ အမျိုးသမီးများ၏ထင်မြင် ယူဆချက်ကိုသိလိုသောအခါမျိုးတွင်လည်း ဖုန်းခေါ်ဆို ရန် မတွန့်ဆုတ်ပါနှင့်။ သို့ရာတွင် ပါတီဝင်များသာသိရမည့် လျှို့ဝှက်ထားရမည့် သတင်းအချက် အလက်များကို မျှဝေခြင်းမပြုရန် ရှင်းလင်းစွာသိထားရမည်ဖြစ်သည်။

- တရားဝင်နည်းလမ်းနှင့်သာမက အခြားနည်းလမ်းများဖြင့်ပါ ပါတီနှင့်အဖွဲ့အစည်းနယ်နိမိတ်များကို ကျော်လွန်ပြီး ကျွန်မ လုပ်ကိုင်နိုင်သည်

## ၄.၂။ အရပ်ဖက်လူမှုအဖွဲ့အစည်းနှင့်ပူးပေါင်းဆောင်ရွက်ခြင်း

ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးမှု၏ လက္ခဏာတစ်ရပ်မှာ အရပ်ဖက်လူမှုအဖွဲ့အစည်းများ အားကောင်းနေခြင်းပင်ဖြစ်သည်။ ကံအားလျော်စွာပင် မြန်မာနိုင်ငံတွင် အားကောင်းသော အမျိုးသမီးအဖွဲ့အစည်းများ ရှိနေပါသည်။ ၎င်းတို့တွင် အကြမ်းဖက်ခြင်း၊ လူကုန်ကူးခြင်း ကဲ့သို့သော ပြဿနာရပ်များနှင့်ပတ်သက်ပြီး ကနဦးသတင်းအချက်အလက်များရှိကြပြီး မည်သည့်နည်းလမ်းများသည် အကောင်းဆုံးဖြေရှင်းနည်းများဖြစ်သည်ဆိုသည်ကို သိကြပါ သည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အမျိုးသမီးရေးရာလှုပ်ရှားသူများသည် နိုင်ငံရေးသမားများ၏မဟာမိတ်ကောင်းများဖြစ်ကြပါသည်။ ၎င်းတို့၏ အကြံဉာဏ်များကို ရယူရန် မတွန့်ဆုတ်ပါနှင့်။ ၎င်းတို့သည် အသက်အရွယ် အားလုံးရှိအမျိုးသမီးများ အကျိုးဖြစ်ထွန်းစေမည့် မူဝါဒများအတွက် ဆန်းသစ်သောအကြံဉာဏ်များကို ကူညီပေးပါမည်။ သေချာစေရန်လုပ်ဆောင်ရမည့်အချက်မှာ ၎င်းတို့နှင့်ဆက်သွယ်လုပ်ကိုင်ရာတွင် သင်၏ ပါတီတစ်ခု တည်းအတွက်သာ ၎င်းတို့နှင့်ချိတ်ဆက်ခြင်းမဟုတ်သည်ကို သိစေခြင်းဖြစ်သည်။ သို့မှသာ ၎င်းတို့၏ အကူအညီရယူရန်အတွက် ၎င်းတို့နှင့်ညှိနှိုင်းသည့် သဘောဆောင်ပါမည်။ ထို့အတွက်ကြောင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်ပူးပေါင်းလုပ်ဆောင်ရန် အကောင်းဆုံးနည်းလမ်းမှာ လွှတ်တော်အမျိုးသမီးအစုအဖွဲ့ (women’s caucus) မှတစ်ဆင့်ချိတ်ဆက်ဆောင်ရွက်ခြင်းဖြစ်သည်။ အကယ်၍ အရပ်ဖက်လူမှုအဖွဲ့အစည်းမှ အရည်အချင်း ရှိသော အမျိုးသမီးရေးလှုပ်ရှားသူများ သင်၏ပါတီကို ဝင်ရောက်လိုပြီး ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက် ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဆိုပါက ကြိုဆိုလက်ခံပါ။ ၎င်းတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်အတိုင်း နိုင်ငံရေးလောက သို့ဝင်ရောက်ခြင်းဖြစ်လာမည်ဖြစ်သည်။

အရပ်ဖက်လူမှုအဖွဲ့အစည်းနှင့်ပူးပေါင်းဆက်သွယ်လုပ်ဆောင်ချက်သည် (နိုင်ငံရေးပါတီနှင့်အရပ်ဖက်လူမ ှုအဖွဲ့ အစည်းတို့) တူညီသော ဘုံသဘောထားရှိသောအချိန်တွင် အကောင်းဆုံးဖြစ်ကြောင်းတွေ့ရပါသည်။ သင်၊ သင့်ပါတီ သို့မဟုတ် အမျိုးသမီးအစုအဖွဲ့သည် အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ ကနဦးသတင်းအချက်အလက်များကိုရရှိပြီး သင်၏နိုင်ငံရေးအသိုင်းအဝိုင်းမှအဆက်အသွယ်များနှင့် ဘဏ္ဍာငွေကြေးရှိမှုတို့ကလည်း အဆိုပါ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ တန်ဖိုးရှိသောအလုပ်ကို ကူညီပံ့ပိုးပေးနိုင်မည်ဖြစ်သည်။

- အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏တန်ဖိုးကို ကျွန်မ နားလည်သည်။ လက်တွဲလုပ်ကိုင်ရမည့် အဖွဲ့အစည်းများကို ကျွန်မ ရှာဖွေနိုင်သည်။

## ၅။ မိမိ၏ ပါတီ၊အဖွဲ့အစည်းအတွင်း ဦးဆောင်မှု အခန်းကဏ္ဍရယူခြင်းကို အဟန့်အတား ဖြစ်စေသည့် အတားအဆီးများကို ဖော်ထုတ်နိုင်ခြင်း

မြန်မာနိုင်ငံတွင် အမျိုးသမီးခေါင်းဆောင်များစွာမရှိခဲ့ဘူးပါ။ ကုလသမဂ္ဂ က အဖွဲ့ဝင်နိုင်ငံများအားလုံးအား ရှေ့အနာဂါတ်တွင် နိုင်ငံရေး အာဏာမျှဝေခြင်းကို ဦးစားပေးလုပ်ဆောင်ကြရန်တိုက်တွန်းထားသည်။□ အကယ်၍ တိုက်တွန်းချက်အတိုင်း မြန်မာနိုင်ငံတွင်လုပ်ဆောင်လာပါက၊ အဆင့်မြင့်ရာထူးနေရာ အတော်များများကို အမျိုးသမီးများသို့ ခွဲဝေပေးရမည်ဖြစ်သည်။ ထိုလုပ်ဆောင်ချက်အကောင်အထည်ပေါ်လာစေရန်အတ ွက် အရည် အသွေးပြည့်ဝသော အမျိုးသမီးများဝင်ရောက်လာရမည်ဖြစ်ပြီး ဦးဆောင်ဦးရွက်ပြုနိုင်ရန်အတွက်လည်း ၎င်းတို့အနေဖြင့် အချိန်ပေးပါဝင်ရမည်ဖြစ်သည်။

အကယ်၍ သင်သည် ပါတီ၏ထိပ်တန်းအဆင့်ထိရောက်ရန်ဟူသည့် ရည်ရွယ်ချက်ကြီးကြီးမားမားရှိပါက ကြိုတင်

ပြင်ဆင်ပါ။ သင်၏ ဗျူဟာကျွမ်းကျင်မှုနှင့်စွမ်းရည်များကို အသုံးချရန်လိုအပ်သောနေရာဖြစ်ပါသည်။ ထို့ထက်လည်း လိုနိုင်ပါသေးသည်။ အမျိုးသမီးများသည် ၄င်းတို့တွင်အရည်အချင်းရှိကြောင်းပြသလိုက်သည်နှင့် အခွင့်အာဏာ ရှိသည့်နေရာကို ငွေလင်ဗန်းထဲထည့်ပြီးလာပေးလိမ့်မည်ဟု မကြာခဏ မှားယွင်းစွာထင်မြင်တတ်ကြသည်။ ထိုအရာသည် စိတ်ကူးသက်သက်မျှသာဖြစ်ပါသည်။ သင် အလုပ်ကြိုးစားရမည်၊ ခေါင်းဆောင်ပိုင်းနေရာကို ရရှိရန် တိုက်သင့်လျှင် တိုက်ယူရမည်။ ထို့ကြောင့် အစီအစဉ်ချပါ။ အောက်တွင်ဖော်ပြထားသည့် ဥပမာကိုကြည့်ပါ (ပို၍ကောင်းသော နည်းလမ်းများကိုလည်း သင်ရှာတွေ့နိုင်ပါမည်)။

---

ဥပမာ - ပါတီထိပ်တန်းခေါင်းဆောင်ပိုင်းနေရာဆီသို့ဗျူဟာခင်းကျင်းခြင်း

အဆင့် ၁) ခေါင်းဆောင်မှုပညာရပ်ကို ကျွန်မ လေ့လာမည်။ ကျွန်မ၏ အရည်အချင်းကို (ခေါင်းဆောင်တစ်ဦးဖြစ်ရန် အားသာချက်များ၊ အားနည်းချက်များ) မိမိဘာသာ ပြန်လည်ဆန်းစစ်မည်။ (အမျိုးသမီးများသည် ကိုယ့်ကိုယ်ကို အလွယ်တကူ လျှော့တွက်တတ်ကြသည်။ မိမိကိုယ်ကို အထင်မသေးပါနှင့်/လျှော့မတွက်ပါနှင့်။ မိမိပါတီတွင်း ခေါင်းဆောင်မှုနေရာရရှိထားသော အမျိုးသားများ၏ အရည်အသွေးနှင့် နှိုင်းယှဉ်ကြည့်ခြင်းသည်လည်း အချည်းအနှီးမဖြစ်ပါ။ သုတေသန တွေ့ရှိချက်များအရ မြန်မာနိုင်ငံရှိ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် အမျိုးသမားကိုယ်စားလှယ်များထက် ပညာ အရည်အချင်းမြင့်မားကြကြောင်းနှင့် ၄င်းတို့၏စွမ်းဆောင်ရည်နှင့် ပတ်သက်၍ ယုံကြည်မှုမရှိကြကြောင်း တွေ့ရှိရသည်။)

အဆင့် ၂) ခင်ပွန်းနှင့် မိသားစုကို ကျွန်မ၏ရည်မှန်းချက်အကြောင်းပြောပြမည်။

အဆင့် ၃) ကျွန်မ၏ အစီအစဉ်ကို ပါတီတွင်း ကျွန်မနှင့်အနီးကပ်ဆုံးဖြစ်ပြီး သစ္စာရှိသောလုပ်ဖော်ကိုင်ဖက် များကို ပြောပြမည်။ ကျွန်မတို့ အတူတူ အစီစဉ်ဆွဲမည်။ ပထမဦးစွာ ကျွန်မအတွက်အရေးကြီးသော ပါတီကော်မတီ၏ ဥက္ကဌ နေရာရရှိရန်ကြိုးစားမည်။ ကော်မတီကို ဦးဆောင်ရသောအခါတွင် ကျွန်မအနေနှင့် ခေါင်းဆောင်မှုအတွေ့အကြုံရပြီး အခြားသူများကလည်း ကျွန်မသည် စွမ်းဆောင်နိုင်သည့်အရည်အချင်း ရှိကြောင်းကို မြင်ကြမည်။

အဆင့် ၄) သင့်တော်သည့် နေရာ/အခြေအနေများအားလုံးတွင် ကျွန်မ၏အရည်အသွေးကိုအသုံးချမည်။ ကျွမ်းကျင်မှုနှင့် အားတက်သရောရှိမှုတို့ဖြင့် ပံ့ပိုးကူညီမည်။

အဆင့် ၅) လူထုက ကျွန်မနာမည်ကိုသိနေစေရန် ကြိုးပမ်းအားထုတ်မည်။ သတင်းထုတ်ပြန်ချက်များ လုပ်ဆောင်မည်၊ အင်တာဗျူးများဖြေဆိုမည်။

အဆင့် ၆) လုပ်ဖော်ကိုင်ဖက်များနှင့်အတူ ပါတီ၏အမျိုးသမီးအဖွဲ့အတွင်း (သို့မဟုတ် ပါတီတွင်း) မဟာမိတ်ဖွဲ့ရန် စတင်ရှာဖွေလုပ်ဆောင်မည်။ သင့်တော်လုံလောက်သည့်ထောက်ခံမှုရရှိသည့် အချိန်ရောက်ပါက ကျွန်မ၏ ရည်မှန်းချက်ကို ထုတ်ဖော်ပြောဆိုမည်။

အဆင့် ၇) ပါတီတွင်းရှိ အဓိကပုဂ္ဂိုလ်များကိုချဉ်းကပ်ပြီး ကျွန်မ၏ နိုင်ငံရေးရည်မှန်းချက်ကို ထောက်ခံပံ့ပိုးရန် ပြောဆိုစည်းရုံးမည်။ ပါတီမူဝါဒများကိုလည်း ပို၍အကောင်အထည်ဖော်ရန်နှင့် ပါတီ၏ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်လုပ်ဆောင်ရန်အတွက် ထိုအချိန်တွင် ပါတီတွင်းကော်မတီ ဥက္ကဌရာထူးကို စွန့်လွှတ်မည်ဆိုသည်ကိုလည်း ရှင်းရှင်းလင်းလင်း ပြောပြထားမည်။

---

မဟာဗျူဟာကောင်းတစ်ရပ်သည် အပြောင်းအလဲပြုလုပ်နိုင်ရမည်ကိုလည်း သတိချပ်သင့်ပါသည်။ လုံးဝအပြောင်းအလဲတစ်ခုကို မမျှော်လင့်ဘဲ ရုတ်တရပ်ပြုလုပ်ရကောင်းပြုလုပ်ရပါလိမ့်မည်။ ၎င်းနောက် အနေအထား/ အခြေအနေ အသစ်နှင့် အံဝင်ဂွင်ကျဖြစ်မည့် အစီအစဉ်ကို သင်နှင့်သင့်ကို ပံ့ပိုးထောက်ခံ သူများအနေဖြင့် အသေအချာစဉ်းစားဆင်ခြင်ပြီး ပြောင်းလဲလုပ်ဆောင်ရပါမည်။ အထက်ဖော်ပြပါ အဆင့်များကို အစဉ်လိုက် သို့မဟုတ် အချို့အဆင့်များကိုပေါင်းစပ်၍သော်လည်းကောင်း လုပ်ဆောင်ရာတွင် လေးစား ထောက်ခံမှုကိုရရှိရန် တတ်နိုင်သမျှ ရိုးရှင်းစွာလုပ်ဆောင်ရပါမည်။ နိုင်ငံရေးဆိုသည်မှာ အခွင့်အာဏာ (ပါဝါ) အတွက်ကစားပွဲတစ်ခုဖြစ်သည့် အားလျော်စွာ အချို့သောအရာများကို သိုသိုသိပ်သိပ် လုပ်ရခြင်းမျိုး လည်းရှိတတ်ပါသည်။ အခွင့်အာဏာ (ပါဝါ) ပိုများသည့်နေရာ/ အရာဖြစ်လေလေ၊ သိုသိပ်စွာလုပ်ရခြင်းများ များလေလေဖြစ်သည်ဟူသော ပုံစံမျိုးဖြစ်ပါသည်။ သို့ရာတွင် သိုသိပ်လျှို့ ဝှက်လုပ်ဆောင်ခြင်းသည် အလေ့အထတစ်ရပ်ဖြစ်မလာသင့်ပါ။ ရိုးရှင်းမှုမရှိဘဲ ကွေ့ကောက်စွာလုပ်ဆောင်ခြင်းကိုကျ င့်သုံးပြီး သိုသိပ် လျှို့ဝှက်လုပ်ဆောင်တတ်သောသူများသည် ယေဘုယျအားဖြင့် အခြားသူများ၏လေးစားမှုကိုမရနိုင် ပါ။

အကယ်၍ သင်လိုချင်သော ပါတီထိပ်ပိုင်းခေါင်းဆောင်မှုနေရာကိုရလာပြီဆိုပါစို့။ သင်သိရန်အချက်မှာ ထိပ်ပိုင်း ခေါင်းဆောင်နေရာများသည် အထီးကျန်ဆန်ပါသည်။ ထို့အတွက် ပြင်ဆင်ထားရန်လိုအပ်ပါသည်။

- ပါတီတွင်းထိပ်ပိုင်းနေရာသို့ရောက်ရန် မည်သို့ညှိနှိုင်း တက်လှမ်းရမည်ကို ကျွန်မသိသည်။

## ၆ ။ လိုအပ်သည့်သတင်းအချက်အလက်ကို ကျွန်မ ရယူရှာဖွေနိုင်သည်

ယခုခေတ် နိုင်ငံရေးသမားတစ်ဦးအတွက် သတင်းအချက်အလက်များ များစွာရှိနေပြီဖြစ်ပါသည်။ အချက်အလက် များကို နေရာအနှံ့ကရရှိနေပြီဖြစ်ပါသည်။ သို့ရာတွင် သင်အလွန်အမင်းလိုအပ်နေသော ဗဟုသုတ (သတင်း) အတွက် အနည်းငယ်မျှပင်မရနိုင်သည့်အခြေအနေမျိုးလည်းကြုံရတတ်ပါသည်။ သို့မဟုတ် သင်ရရှိထားသော သတင်းအချက်အလက်သည် ယုံကြည်စိတ်ချရလောက်အောင် တိကျမှန်ကန်မှုရှိ-မရှိဆိုသည်ကို မသေချာသော အခြေအနေမျိုးလည်း ကြုံရတတ်ပါသည်။ ယုံကြည်စိတ်ချရမှု ပျောက်ဆုံးနေခြင်းသည် ယခုခေတ်၏ ကြီးမားသော ပြဿနာတစ်ရပ်ဖြစ်ပါသည်။ လိမ်ညာထားသော၊ ရည်ရွယ်ချက်ရှိရှိဖြင့် ရှုတ်ထွေးမှုဖြစ်စေသော သတင်းအချက် အလက်များဖြင့် မဲဆန္ဒရှင်များအား မှားယွင်းယူဆစေပြီး ဆိုးရွားသော အကျိုးဆက်များကိုဖြစ်စေခြင်းမျိုးများ ယခုနစ် ပိုင်းများတွင်တွေ့ရသည်။

ပြန်လည်စဉ်းစားသုံးသပ်ရန်-မြန်မာနိုင်ငံမှသတင်းစာစောင်များသည်ယုံကြည်စိတ်ချရပါသလား?

၂၀၁၆ ခုနှစ်တွင် ဗြိတိန်နိုင်ငံသည် ဥရောပသမဂ္ဂမှခွဲထွက်ခြင်းနှင့်ပတ်သက်ပြီး ဆန္ဒခံယူပွဲကျင်းပခဲ့သည်။ ခွဲထွက်ရေးကမ်ပိန်းက မဲဆန္ဒရှင်များအားပေးသည့် သတင်းအမှားမှာ ဗြိတိန်နိုင်ငံက ဥရောပသမဂ္ဂသို့ တစ်ပါတ်လျှင် ပေါင်စတာလင် သန်း ၃၅၀ အပါတ်စဉ်ပေးနေရပြီး အကယ်၍ ဗြိတိန်နိုင်ငံအနေဖြင့် ဥရောပသမဂ္ဂမှ ခွဲထွက်မည်ဆိုပါက အဆိုပါငွေကြေးကို "နိုင်ငံတော်ကျန်းမာရေးဝန်ဆောင်မှု" အတွက် အသုံးပြုနိုင်မည် ဟူ၍ဖြစ်သည်။ နိုင်ငံတွင်းရှိ အဝါရောင် သတင်းစာ/စာစောင်များက အဆိုပါသတင်းအမှားကို ဖြန့်ဝေလိုက်ကြသည်။ နောက်ဆုံးတွင် ခွဲထွက်ရေးကမ်ပိန်း အသာစီးရသွားကာ ၅၂-၄၈ မဲဖြင့်ကပ်ပြီး အနိုင်ရသွားသည်။

မြန်မာနိုင်ငံရှိ အဝါရောင် သတင်းစာစောင်များကို အယုံအကြည်ရှိပါသလား?

သင်၏တိုင်း/ပြည်နယ်ရှိ ပြည်သူများ အရည်အသွေးပြည့်ဝသော သတင်းစာစောင်များ ဖတ်ကြပါသလား သို့မဟုတ် လူမှုကွန်ယက်ကိုအသုံးပြုကြပါသလား?

နိုင်ငံရေးသမားတစ်ဦးအနေဖြင့် သတင်းအမှားများဖြန့်ဝေနေမှုကို သင် မည်ကဲ့သို့တားမြစ်နိုင်မည်နည်း?

သင့်မဲဆန္ဒရှင်များ နှင့် သင် ဖတ်ရှုနေသောသတင်းစာစောင်များကို မည်သူပိုင်ဆိုင်သည်ကိုသင်သိပါသလား?

သတင်းစာစောင်များကိုပိုင်ဆိုင်သောလုပ်ငန်းရှင်များအနေနှင့် မြန်မာနိုင်ငံကို သို့မဟုတ် မိမိတို့၏ဒေသကို မည်သို့ဖွံ့ဖြိုးတိုးတက်စေချင်သည်ကို သင်သိပါသလား? မည်ကဲ့သို့သော မူဝါဒများကို စိတ်ဝင်စားသည်ကို သင်သိပါသလား?

ကောင်းမွန်သောအလေ့အထတစ်ခုမှာ မိမိလက်ခံရရှိသော သတင်းအချက်အလက်များကို အမြဲတစေ မေးခွန်းထုတ်ကြည့်ခြင်းပင်ဖြစ်သည်။ ယုံကြည်စိတ်ချရသောသတင်းဌာနများသည် ၎င်းတို့၏သတင်းများနှင့် အချက်အလက်များကို ပုံမှန်စစ်ဆေးကြပါသည်။ သို့သော် ယုံကြည်စိတ်ချရသော သတင်းဌာနများကို သင်မည်ကဲ့သို့ သိရှိနိုင်ပါမည်နည်း? သတင်းစာများမှ သို့မဟုတ် အင်တာနက်သတင်းဌာနများမှသတင်းများကိုဖတ်ရန်နှင့် ၎င်းတို့ကပေးသည့် သတင်းအချက်အလက်များကို ချိန်ထိုးကြည့်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။

လိုအပ်သောသတင်းအချက်အလက်ကို ဂူဂဲလ် (Google) ကိုသုံး၍၎င်း၊ သို့မဟုတ် အခြားသော အင်တာနက် အရင်းအမြစ်များသုံး၍၎င်းရှာဖွေနိုင်ပါသည်။ သို့သော် ရှာဖွေရရှိထားသောအချက်အလက်များကို ဆန်းစစ်ရန် လိုအပ်ပါသည်။

အင်တာနက်အဘိဓါန်ဖြစ်သော ဝီကီပီးဒီးယား Wikipedia https://simple.wikipedia.org/wiki/Main_Page တွင် သတင်းအချက်အလက်များစွာကို ရိုးရှင်းသောအင်္ဂလိပ်ဘာသာဖြင့် ရှာဖွေနိုင်ပါသည်။ သို့သော် ထိုအရာသည် လည်းယုံကြည်ရပါမည်လား? အကယ်၍ Wikipedia ကိုသုံးပါက သတင်း ဆောင်းပါး၏ အောက်ခြေကိုစစ်ဆေးပါ။ အောက်ခြေတွင် သတင်းအရင်းအမြစ်ကို ထည့်သွင်းဖော်ပြထားခြင်းတွေ့ရှိရပါက စိတ်ချရသည်ဟု ယေဘုယျဆိုနိုင်သော်လည်း ၁၀၀% မသေချာပါ။ လွှတ်တော်/ကောင်စီ တို့တွင်ပြောဆိုသည့်အခါတိုင်း၊ သတင်းအချက်အလက်များကို ကိုးကားသည့်အခါတိုင်းတွင် ထိုသတင်းနှင့် ၎င်းသတင်းအရင်းအမြစ်ကိုလည်း တစ်ချိန်တည်းမှာပင် ထည့်သွင်းပြောဆိုပါ။ အမြဲတမ်းလုပ်ပါ။

ကျား-မရေးရာနှင့်ဖွံ့ဖြိုးမှု၊ ကျား-မရေးရာစာရင်းအင်း၊ နိုင်ငံရေးနယ်ပယ်တွင် အမျိုးသမီးများ၏တိုးတက်ဖွံ့ဖြိုးမှု၊ အစရှိသည့်အကြောင်းအရာများနှင့်ပတ်သက်ပြီး သတင်းအချက်အလက်ရှာဖွေလေ့လာရန် အောက်ပါအရင်း အမြစ်အချို့တို့ကို ညွှန်းလိုပါသည်။ အများအားဖြင့် အင်္ဂလိပ်ဘာသာဖြင့်ဖြစ်ပါသည်။

https://www.wikigender.org/

http://www.iknowpolitics.org/en

http://www.unwomen.org/en

- သတင်းအချက်အလက်ကို မည်သို့ရှာဖွေရမည်ကို ကျွန်မ သိသည်။
- လူမှုကွန်ယက်နှင့် ရေးသားထုတ်ဝေသောစာစောင်များမှ သတင်းအချက်အလက်များသည် မှားယွင်း ယူဆစေတတ်သည်ကို ကျွန်မသဘောပေါက်သည်။

## ၇ ။ ကျွန်မသည် ကိန်းဂဏန်းများကိုသဘောပေါက်နားလည်ပြီးအဓိပ္ပါယ်ဖွင့်ဆိုနိုင်သည်

အောင်မြင်သောဆုံးဖြတ်ချက်များအားလုံးသည် အချက်အလက်များပေါ်အခြေပြုပါသည်။ အချက်အလက် များသည် ကိန်းဂဏန်းများပေါ်တွင် အမြဲအခြေပြုသည်။ ယုံကြည်စိတ်ချရသောအချက်အလက်များသည် အထူးသဖြင့် ဖွံ့ဖြိုးရေးအတွက် အလွန်ပင်အရေးကြီးပါသည်။

ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ (အပိုင်း ၂၊ အခန်း ၆ တွင်ကြည့်ပါ) ကို ကမ္ဘာတဝှန်းလုံးမှကောက်ယူထားသော ကိန်းဂဏန်းများကိုအခြေပြုပြီး ချမှတ်ထားပါသည်။ ပန်းတိုင်များသို့ရောက်ရှိမှုကို ကိန်းဂဏန်းများပေါ် အခြေပြုပြီး စောင့်ကြပ်ကြည့်ရှုနိုင်ပါသည်၊ ခန့်မှန်းနိုင်ပါသည်။

နိုင်ငံရေးသမားတစ်ဦးအနေဖြင့် အချိန်အတော်များများအား ဘတ်ဂျက်ရေးရာများအတွက်အသုံးပြုရနိုင်ပါသည်။ ဘတ်ဂျက်များသည် အနာဂါတ်အရေးအရာပင်ဖြစ်သည် (လက်ထဲတွင်အကန့်အသတ်အားဖြင့်ရှိနေသော ငွေကြေးကို လာမည့်နှစ်အတွက် သို့မဟုတ် လွှတ်တော်သက်တမ်းအတွင်း အထိရောက်ဆုံးနည်းလမ်းဖြင့် မည်သို့ ခွဲဝေမည်နည်း)။ ထိုသို့လုပ်ဆောင်ရန် ယခင်ကအကြောင်းအချင်းအရာများကိုသိရန်လိုအပ်သည်။ ယခင်က အကြောင်းအချင်းအရာများကို သိရန် အကောင်းဆုံးနှင့် နားလည်ရန်အကောင်းဆုံးမှာ ကိန်းဂဏန်း များမှတစ်ဆင့် ဖြစ်သည်။ ဆေးရုံပိတ်လိုက်ရသော ဖြစ်ရပ်ကိုသတိယပါ (အပိုင်း ၁၊ အခန်း ၃ တွင်ကြည့်ပါ)။ ဆေးရုံကို မွမ်းမံပြင်ဆင်ရန် ဆုံးဖြတ်ခဲ့ကြသည့် နိုင်ငံရေးသမားများသည် ကိန်းဂဏန်းများကို လစ်လျူရှုခဲ့ကြသည်။

လေ့ကျင့်ခန်း - မွေးဖွားသည့် နှင့်သေဆုံးမှုအရေအတွက်များကို ကိန်းဂဏန်းအဖြစ်

| နေရာ | | သေ ဆုံး သ ည့် အရေအတွက် (၂၀၁၈) | လူဦးရေပြောင်းလဲမှု (၂၀၁၈) |
|---|---|---|---|
| ကျေးရွာ ၁ | ၁၀၃ | ၉၁ | +၁၂ |
| ကျေးရွာ ၂ | ၃၅၇ | ၁၀၂ | + ၂၅၅ |
| ကျေးရွာ ၃ | ၁၅ | ၂၃ | -၈ |

အထက်ဖော်ပြပါဇယားသည် ရိုးရှင်းသောကိန်းဂဏန်းပုံစံတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံရှိ ရွာ (၃) ရွာဟု စိတ်ကူးနှင့် ပုံဖော်ထားပြီး မွေးဖွားခြင်းနှင့်သေဆုံးခြင်းကိုမှတ်တမ်းတင်ထားသည်။ အဆိုပါရိုးရှင်းသော ပုံစံကို အခြေပြုလျှင်တောင် ထိုရွာများနှင့်ပတ်သက်ပြီး အချို့သောကောက်ချက်များ ချမှတ်နိုင်ပါလိမ့်မည်။ ကိန်းဂဏန်း ဆိုသည်ထက် ကျော်လွန်၍ကြည့်ပါ။ ကျေးရွာ (၃) ရွာသည် မည်သို့သောရပ်ရွာများ ဖြစ်နေသနည်း? မည်သည်တို့ ပျောက်ဆုံးနေသနည်း? မည်သို့သော အခြေခံဝန်ဆောင်မှုများ ပေးသင့်သနည်း?

ကုလသမဂ္ဂအဖွဲ့ကြီးသည် ကျား-မခွဲခြားထားကိန်းဂဏန်းအချက်အလက်များရယူခြင်းကို အထူးအလေးထား ဦးစား ပေးပါသည်။ ဆုံးဖြတ်ချက်များကို သတင်းအချက်အလက်များကောင်းစွာရရှိပြီးမှချမှတ်နိုင်ရန် မိန်းကလေးငယ်များ ကျောင်းတက်နှုန်း (ယောကျ်ားလေးများနှင့်ယှဉ်လျှင်) ကိုသိရန်လိုသည်၊ ကျောင်းထွက်နှုန်းကိုသိရန်လိုသည် ။ အမျိုးသမီးများ လုပ်ငန်းခွင်သို့ဝင်ရောက်လာစေရန် အဟန့်အတားများ၊ အခက်အခဲများကို နားလည်ရန်၊ အမျိုးသမီးများသည် အမျိုးသားနှင့် နှိုင်းယှဉ်လျှင် ဝင်ငွေမရသော ပြုစုစောင့်ရှောက်ရသည့် အလုပ်များအတွက် တစ်ပါတ်လျှင် အချိန်နာရီမည်မျှ အသုံးပြုနေကြရသည်ကို သိရန်လိုအပ်သည်။

နိုင်ငံအများစုတွင်အမျိုးသားများ၏ သက်တမ်းသည် အမျိုးသမီးများထက်နည်းသည်။ ထိုကဲ့သို့နည်းရသည့် အကြောင်းရင်းကိုရှာခြင်းအားဖြင့် အမျိုးသားများကျန်းမာစွာ အသက်ရှည်နေထိုင်နေရေးကို အထောက်အကူ ပြုစေမည့် မူဝါဒများချမှတ်နိုင်ရန်အတွက် အမျိုးသားများဘဝကိုမည်သို့နေထိုင်သည်ကို ကျွန်ုပ်တို့အနေဖြင့် ပိုမိုသိရှိရန် လိုအပ်သည်။ ထို့အတွက် ကျွန်ုပ်တို့ ကျား-မခွဲခြားထားကိန်းဂဏန်းအချက်အလက်များလိုအပ်သည်။

လေ့ကျင့်ခန်း - ကျား-မခွဲခြားထားကိန်းဂဏန်းအချက်အလက်များ

မြန်မာနိုင်ငံစာရင်းအင်းအဖွဲ့၏ အင်တာနက်စာမျက်နှာကိုကြည့်ပါ။ ကျား-မခွဲခြားထားသော ကိန်းဂဏန်း အချက်အလက်များကို သင်တွေ့ပါသလား? မိန်းကလေးနှင့်ယောကျ်ားလေးကျောင်းတက်နှုန်းနှင့် ပတ်သက် သော သတင်းအချက်အလက်ကို သင်ရှာတွေ့ပါသလား?

- ကျွန်မသည် ကိန်းဂဏန်းများ၏ အရေးကြီးပုံကို နားလည်သဘောပေါက်ပြီး ရိုးရှင်းသော ပုံစံဖြင့် တင်ပြလာသော ကိန်းဂဏန်းများကို ဖတ်တတ်သည်။

# tcef;(*) EdkifiHa;ukd ukRefr aumif;pGmvkyfudkifEdkifonf

## ၁။ နိုင်ငံရေးကို ကျွန်မ ကောင်းစွာလုပ်ကိုင်နိုင်သည်

နိုင်ငံရေးသမားကောင်းတစ်ဦး၏အရည်အချင်းများကဘာတွေလဲ? အရေးအကြီးဆုံးတစ်ချက်မှာ- သူမ လုပ်ကိုင်နိုင်ခြင်းဖြစ်သည်။ သူမ၏ပန်းတိုင်ကို သူမကိုယ်တိုင်ချမှတ်ကာ ထိုပန်းတိုင်သို့ ရောက်ရှိအောင်အရောက်လျှောက်လှမ်းနိုင်ခြင်းပင်ဖြစ်သည်။ မဲဆွယ်သောကာလများတွင် သူမ၏မဲဆန္ဒနယ်ရှိပြည်သူများကို သူမပေးခဲ့သော ကတိကဝတ်များကို သူမမဲနိုင်ပြီးကာလတွင် ထိုကတိကဝတ်များကို ကျေပွန်အောင် သူမကတိ အတိုင်းရှက်ဆောင် ခြင်းပင်ဖြစ်သည်။

ငွေကြေးအရင်းအမြစ်များမပြည့်စုံသည့်အခါများတွင် ထိုကဲ့သို့ ပြုထားသောကတိကဝတ်များကို အချိန်တိုအတွင်း ပြည့်မီရန်(မဲဆန္ဒရှင်များမျော်လင့်သကဲ့သို့) စွမ်းဆောင်နိုင်ခြင်းမရှိသည့်အခါများ၊ ပြည့်မီရန်ခက်ခဲ သည့်အခါများ ရှိတတ်ပါသည်။ သို့ဖြစ်ရာ မည်သည့်ကတိကဝတ်ကိုဦးစားပေးဆောင်ရွက်မည်ဟု ရေးဆွဲသတ်မှတ်ထားခြင်းသည် နည်းလမ်းဗျူဟာကောင်းတစ်ခုပင်ဖြစ်သည်။

- ဘယ်အရာကိုအရင်ပြီးအောင်ဆောင်ရွက်မလဲ?
- အဲဒီအချက်ဟာ ပြည်နယ်ဘတ်ဂျက်ကို ဘယ်လိုအကျိုးသက်ရောက်နိုင်လဲ?
- ရန်ပုံငွေအတွက် အခြားနည်းလမ်းများရှိနိုင်ဦးမလား? သတ်မှတ်ထားတဲ့အချိန်ကာလ အတိုင်းအတာက ဘယ်လောက်လဲ?
- ပန်းတိုင်ရောက်ဖို့ဘယ်သူတွေနဲ့ ငါမိတ်ဖက်ဖွဲ့သင့်လဲ?

နိုင်ငံရေးသမားတစ်ယောက်၏အလုပ်သည် ဥပဒေပြုရေး နှင့် ဘဏ္ဍာရေး သာမကဘဲ၊ သင့်၏နိုင်ငံရေးရည်မှန်းချက်များ၊ ပန်းတိုင်များပြည့်မီရေးအတွက် သင်ကိုယ်တိုင်က ဦးဆောင်ဦးရွက်ပြုသော seminars များ၊ သတင်းစာရှင်းလင်းပွဲများပြုလုပ်ခြင်း၊ ဆောင်းပါးများရေးသားခြင်း၊ အခြားနိုင်ငံရေးသမားများ၊ သုတေသနသမား များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် လက်တွဲလုပ်ဆောင်ခြင်း စသည်တို့ကိုလုပ်ဆောင်နိုင်ပါသည်။

ဥပမာ- လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ဟာပြုပြင်ပြောင်းလဲမှုကိုဘယ်လိုလုပ်နိုင်သလဲ?

ပြည်သူ့လွှတ်တော်သည် လက်ထပ်နိုင်သောအသက်အရွယ် ၁၈နှစ်ကိုပယ်ဖျက်ကာ၊ ဓလေ့ထုံးတမ်းဥပဒေ၏ အသက် သတ်မှတ်ချက်ကို အတည်ပြုခဲ့ပါသည်။ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင်မဆွေးနွေးမီ အမျိုးသမီး လွှတ်တော် ကိုယ်စား လှယ်တစ်ဦးက (ယခင်ကအမျိုးသမီးအခွင့်အရေးတက်ကြွလှုပ်ရှားသူ) အောက်ဖော်ပြပါ လုပ်ဆောင်မှုများကို လုပ်ဆောင်ခဲ့ပါသည်။

၁) "အနိမ့်ဆုံးလက်ထပ်သင့်တဲ့အသက်ဟာ အဘယ်ကြောင့် ၁၈ နှစ်ဖြစ်သင့်လဲ" ဟူသည့် လူမှုကွန်ယက်လှုပ်ရှားမှုတရပ်၊
၂) စာနယ်ဇင်း(သတင်းမီဒီယာ)များမှ မေးမြန်းမှုများ၊
၃) လွှတ်တော်အတွင်း အဓိကထောက်ခံမည့်သူများနှင့်မိတ်ဖွဲ့ခြင်း (တပ်မတော်သား ကိုယ်စားလှယ်များ အပါအဝင် အခြားပါတီများ) နှင့် ထောက်ခံအားပေးမှုရရှိအောင်ဆွဲဆောင်စည်းရုံးသည်၊ (တစ်ခန်းဝင် တစ်ခန်းထွက် သွားရောက်ပြောဆိုခြင်း၊ လွှတ်တော်ကျင်းပနေချိန်တွင် မျက်နှာချင်းဆိုင်ပြောဆိုတိုက်တွန်းခြင်း၊ ဖုန်းဆက်ပြောဆိုခြင်း၊ စာတို (မဲဆွယ်ချ) များပို့လွှတ်ခြင်း နှင့်
၄) "ကလေးသူငယ်ဥပဒေ ၁၉၉၃ အပေါ် ဥပဒေပြုပြီးနောက် စိစစ်ခြင်းလေ့လာသုံးသပ်ချက် နှင့် အကြံပြုချက်များ" ကို ဖြန့်ဝေခြင်း၊ (ယင်းတွင် လက်ထပ်ရန်အနိမ့်ဆုံးအသက်သတ်မှတ်ချက်ကို ၁၈ နှစ်ဟုအကြံပြုချက်အထူးပြုပါရှိသည်)
မဲအများစုဖြင့် လက်ထပ်နိုင်သည့်အနိမ့်ဆုံးအသက်အရွယ်ကို ၁၈ နှစ်ဟု အမျိုးသားလွှတ်တော်တွင် သတ်မှတ်နိုင်ခဲ့သည်။ အဆိုပါဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆက်လက်ဆွေးနွေးရန်လိုအပ်သေးသော်လည်း ထိုအမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်သည် အမျိုးသားလွှတ်တော်တွင် အောင်မြင်မှုရရှိခဲ့ပါသည်။

မိမိ၏လုပ်ဆောင်ချက်ကို မိမိကိုယ်တိုင်ပြန်လည်အကဲဖြတ်သုံးသပ်ခြင်းသည် အလွန်ပင်ခက်ခဲပါသည်။ နောက်ကျင်းပမည့်ရွေးကောက်ပွဲသည် ကိုယ့်လုပ်ဆောင်ချက်များအတွက် အကောင်းဆုံး အကဲဖြတ် ပေးမည့်ပွဲဖြစ်သည်ဟုဆိုလျင်မမှားပေ။ သို့ရာတွင် မိမိ၏လုပ်ဆောင်ချက်များအပေါ် မိမိကိုယ်တိုင် ပုံမှန်အကဲဖြတ်သုံးသပ်မှု ပြုလုပ်နေခြင်းသည် ပိုမိုကောင်းမွန်သောလုပ်ဆောင်ချက်များကိုဖြစ်ပေါ်စေရန်အတွက် အထောက်အကူဖြစ်ပါသည်။ သင့်အနေနှင့် မိမိကိုယ်ကိုအကဲဖြတ်ခြင်းဇယားတစ်ခု ကို အသုံးပြုရန်လေ့လာဖူးပါသလား (ဥပမာ-ယခုသင်ရိုးကဲ့သို့သော)။ အကယ်လို့ သင်သည် ရွေးကောက်ခံကာလအစပြုကာ၊သင်၏ပန်းတိုင်များ၊ ကတိကဝတ်များကို စာရင်းပြုစုကာချရေး လာခဲ့သည်ဆိုပါစို့၊ သင်ဘာလုပ်ဆောင်ပြီးပြီ၊ ဘယ်ကိုရောက်နေပြီဆိုတာကို ၎င်းစာရင်းက ပြဆိုနေပေလိမ့်မည်။ သင်၏ မိမိကိုယ်ကိုအကဲဖြတ်ခြင်းဇယားက သင့်အားအောက်ပါအချက်တို့ ကိုပြဆိုနေပါမည်။

- လုပ်ငန်းပြီးမြောက်သည်
- လုပ်ငန်းတစ်ဝက်သာပြီးမြောက်သည်
- လုပ်ငန်းစလုပ်ကိုင်နေသည်
- လုပ်ငန်းရွှေ့ဆိုင်းထားသည်
- လုပ်ငန်းသည်လုပ်ဆောင်ရန်လက်တွေ့မကျသောကြောင့် ပယ်ဖျက်ရသည်

စီးပွားရေးဆိုင်ရာကနဦးလိုအပ်ချက်များကိုနားလည်ရန်မလွယ်ကူပါ။ အကယ်၍သင်သည် ဘဏ္ဍာရေးဆိုင်ရာ သင်တန်းများကို တက်ရောက်ထားပါက ၎င်းသည် အထောက်အကူဖြစ်စေပါသည်။ သင်ယူနိုင်ရန်အခွင့် အလမ်းများကိုအမြဲရှာဖွေကာ လေ့လာနိုင်သမျှလေ့လာဆည်းပူးရမည်။ သင့် အနေဖြင့် လွှတ်တော်သက်တမ်း ကာလအစများတွင် အထူးသင်တန်းတစ်ရပ်ကိုတောင်းခံကောင်း၊ တောင်းခံနိုင်ခွင့်ရှိပေမည်။ သို့မဟုတ် သင်၏ လွှတ်တော်အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များကို လေ့ကျင့်ပေးရန် အရင်းအမြစ်များမရှိပါက၊ ထို့အတွက် ကူညီပံ့ပိုးပေးနိုင်သော နိုင်ငံတကာအဖွဲ့အစည်းတစ်ရပ်ရပ်အား အကူညီတောင်းခံနိုင်ပါသည်။ အင်တာနက်မှ တဆင့်သင်ယူရသောသင်တန်းများ (online training) သည်လည်း ဖြစ်နိုင်ချေရှိသော နည်းလမ်းတစ်ခုဖြစ်ပြီး၊ ယခုအခါ ယင်းနည်းလမ်းကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေပြီဖြစ်သည်။

- ကျွန်မသည်လက်တွေ့ကျသောပန်းတိုင်များကိုချမှတ်ထားသည်။ ၎င်းပန်းတိုင်သို့အရောက်သွားမည့် နည်းဗျူဟာ ကိုလည်းချမှတ်ထားကာ၊ ထိုနည်းဗျူဟာအတိုင်း လုပ်ဆောင်လျက်ရှိသည်။
- ကျွန်မသည် စီးပွားရေးဆိုင်ရာနှင့်ဘဏ္ဍာရေးဆိုင်ရာဘာသာရပ်များ ပို၍လေ့လာရန်အခွင့်အလမ်းများ ရှာဖွေနေပါသည်။

## ၂။ ကျွန်မသည် မိမိပါတီနှင့် မိမိ၏မဲ ဆန္ဒရှင်ပြည်သူများအတွက်ကောင်းစွာ အမှုထမ်းနိုင်သည်

### ၂.၁။ ပါတီအတွင်း နှင့် ပါတီအတွက်အမှုထမ်းခြင်း

ပထမဆုံးအချက်အနေဖြင့် သင်နှင့်သင့်ပါတီသည် တူညီသောနိုင်ငံရေးပန်းတိုင် နှင့် နိုင်ငံရေးမူဝါဒ များရှိကြသည် ဟူသည့်အချက်ဖြစ်ပြီး၊ ယင်းအချက်သည်သင့်အားနိုင်ငံရေးအတွင်းသို့ပါဝင်ရန် ကနဦး ဆွဲဆောင်မှုဖြစ်ပေလိမ့်မည်။ သင့်အနေဖြင့်ပါတီတစ်ခုကိုရွေးချယ်လိုက်ခြင်းသည်ယင်းပါတီနှင့်သင့်အကြားတွင်တူညီသောနိုင်ငံရေးသဘောတရား၊ ခံယူချက်၊ တန်ဖိုးထားမှုများရှိသောကြောင့်ဖြစ်သည်။ သင့်အနီးအနားရှိလူများ အား သင်၏ရည်မှန်းချက်များကို ဝေမျှနိုင်လျှင်တောင် ထိုရည်မှန်းချက်ကို ရောက်မည့်နည်းနှင့်ပတ်သက်ပြီး ၎င်းတို့၏အမြင်များကို သင့်အားဝေမျှခြင်း မျိုးရှိချင်မှရှိပါမည်။

နိုင်ငံရေးသမားတစ်ယောက်နှင့် သူမ၏ပါတီအကြားဆက်ဆံရေးသည် တစ်ဦးကိုတစ်ဦး အပြန်အလှန်တည်မှီနေ သည့် နှစ်ဦးနှစ်ဖက်အကျိုးပြုမှုမျိုးဖြစ်သည်။ (သင "ရ" သည်။ သင "ပေးဆပ်" သည်။) သင်လုပ်ဆောင်နေသည့် တာဝန်များ လုပ်ဆောင်နေမှုများကို ပါတီအနေဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပေးနေမည်ဖြစ်ပြီး၊ တစ်ချိန်တည်းမှာပင်၊ သင့်အနေဖြင့်လည်း သင့်၏အရည်အသွေး၊ အရည်အချင်းများဖြင့် သင့်ပါတီ၏အကျိုးကို သယ်ပိုးနေရမည်ဖြစ်သည်။ သင့်တွင် သင့်ပါတီကိုအကျိုးပြုနိုင်သည်အရည်အသွေး ဗဟုသုတများရှိနေနိုင် ပါသလား? သင့်တွင်ရှိသော ဗဟုသုတများ အရည်အသွေးများကို ထုတ်ဖော်ပြောဆိုရန်မရှက်ကြောက်ပါနှင့်။ တစ်ချိန်တည်းတွင် သင့်အနေဖြင့် မမေ့အပ်သည့် သတိပြုရမည့်အချက်မှာ လူများသည် နေရာတကာတွင် "သိ" "တတ်" ဖြစ်နေတတ်သည့်၊ လူတွင်ကျယ် လုပ်တတ်သည့်သူများ (know-it-all type of persons) ကိုမူ သဘောကျ နှစ်ခြိုက်လေ့မရှိကြပါ။

ပြန်လည်စဉ်းစားသုံးသပ်ရန်- - သင့်ပါတီတွင်းတွင် ကျား-မရေးရာတန်းတူညီမျှမှု ကိုမည်ကဲ့သို့တိုက်တွန်းပြောဆိုမည်နည်း?

သင့်ပါတီသည် ကျား-မတန်းတူညီမျှရေးသည်အလွန်အရေးကြီးသည်၊ တန်းတူညီမျှမှုမရှိဘဲ ဖွံ့ဖြိုးမှုမရှိနိုင်ဟုကြွေးကြော်ကောင်း ကြွေးကြော်နေပါလိမ့်မည်။ သို့သော် သင့်ပါတီ၏ခေါင်းဆောင်မှုအပိုင်းအားလုံးကိုအမျိုးသားများကသာ နေရာယူထားပြီး အမျိုးသမီးများအနေဖြင့် ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်းအဖြစ်အမည်တွင်သွင်းခံရရန်ပင်အလွန်ခက်ခဲနေပါသည်။သင့်အနေဖြင့်ကျား-မရေးရာကိုယ်စားပြုစနစ် (ဂျဲန်ဒါ ကိုတာ) ကို သတ်မှတ်ပေးရန် သင့်ပါတီတွင်းတွင် ပြောဆိုတိုက်တွန်းနိုင်ပါသည်။ ယင်းသည် ပါတီတွင်းခေါင်းဆောင်နေရာ၊ ကိုယ်စားလှယ်လောင်းအဖြစ်အမည်တင်သွင်းခံရန်အရေးပါပါသည်။ ယင်းသို့ "ဂျဲန်ဒါကိုတာ" ရရန် ပြောဆိုတိုက်တွန်းမှုသည် အတိုက်အခံကြုံတွေ့နိုင်ချေရှိပါသည်။
မည်သို့ရှေ့ဆက်ကြမည်နည်း?
အဆိုးဆုံးသင်တုန့်ပြန်နိုင်တဲ့ပုံစံကတော့ "ကမူးရှူးထိုး ဒေါသတကြီး" ပြောခြင်းမျိုးဖြစ်သည်။ သိမ်မွေ့စွာဆွဲဆောင်တိုက်တွန်းခြင်းသည် အကောင်းဆုံးပုံစံဖြစ်သည်။ ဥပမာ- ပါတီညီလာခံတွင် အမျိုးသမီးအတွက် ၃၀% "ကိုတာစနစ်" အသုံးပြုရန်စာဖြင့်တင်ပြနိုင်ပါသည်။ တရားဝင်စာမတင်မီ မိမိကိုထောက်ခံမည့်မိတ်ဖက်များကို ရှာဖွေမိတ်ဖွဲ့ထားရပါမည်။ သင့်မိတ်ဖက်များ၊ မိတ်ဆွေများကို အခြားနိုင်ငံအတွေ့အကြုံကောင်းများအား မျှဝေထားရပါမည်။ UN ၏ ၁၉၉၅ အမျိုးသမီးဖိုရမ် မျ အမျိုးသမီးအနည်းဆုံး ၃၀% ပါရန်တိုက်တွန်းချက် (၂၀၃၀ တွင် ၅၀%) ကိုလည်းကိုးကားနိုင်ပါသည်။ အမျိုးသမီးကို ၃၀% "ကိုတာ" ပေးခြင်းသည် အမျိုးသားများကို ခွဲခြားဆက်ဆံခြင်းဟု အပြောခံရနိုင်ပါသည်။ "ကိုတာစနစ်" ဆိုသည် ယာယီအထူးပြုလုပ်ဆောင်ချက် ဖြစ်ကြောင်းရှင်းပြပါ။ အခြားနိုင်ငံအတွေ့အကြုံများအရ "ကိုတာစနစ်" ကျင့်သုံးခြင်းကြောင့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသမီးနိုင်ငံရေးသမားများ အရေအတွက် သိသာတိုးတက်လာကြောင်းပြီး၊ ရေရှည်မှာ ပါတီ၏ကောင်းကျိုးကိုဖြစ်စေမည် ဖြစ်ကြောင်း ပြောပြပါ။
ထိုကဲ့သို့ စည်းရုံးပြောဆိုနေစဉ် တည်တည်ငြိမ်ငြိမ် နှင့် အာရုံစိုက်ထားပါ။ အကယ်၍ သင့်ပြောဆိုမှု အရာမရောက်ပါက မတုန်လှုပ်ပါနှင့်၊ သင်ဒီပါတီကထွက်ပြီး တခြားပါတီကိုသွားမယ်ဟူ၍လည်း မခြိမ်းခြောက်ပါနှင့်။ အရှုံးကို လက်ခံပါ။ နောက်တစ်ကြိမ်မှထပ်ပြောပါ။

- ပါတီအတွက် နှင့် ပါတီတွင်းလုပ်ဆောင်ချက်များအတွက် ကျွန်မကိုလေးစားကြသည်။

## ၂.၂။ မိမိ၏ မဲဆန္ဒနယ် ကောင်းကျိုးအတွက် အမှုထမ်းခြင်း

နိုင်ငံရေးသမားတစ်ယောက်အနေဖြင့် သင့်မဲ ဆန္ဒနယ်မှပြည်သူများက သင့်အားပေးအပ်ထားသောများမြောင်လှသည့်တာဝန်များရှိပါသည်။ သူတို့၏အသံများကို သင်မှကိုယ်စားပြုရပါသည်။ သင်၏ မဲဆန္ဒနယ်မှမဲ ဆန္ဒရှင်များသည် အခြားသောကိုယ်စားလှယ်လောင်းများအနက် သင်သည် သူတို့အတွက်ရပ်တည်ကာ သူတို့၏ပြဿနာများ၊ အခက်အခဲများကို သူတို့ကိုယ်စားတင်ပြ ဆွေးနွေး ကာ၊ အကောင်းဆုံးဖြေရှင်းလုပ်ကိုင်ပေးမည့်သူတစ်ဦး၊ သူတို့၏ဘဝများကို အနာဂတ်တွင် ပိုမိုကောင်းမွန်လာအောင်လုပ်ဆောင်ပေးမည့်သူတစ်ဦးဟု ယုံကြည်ကာ သင့်ကို မဲထည့်ခဲ့ကြပါသည်။

သင့်မဲဆန္ဒနယ်မှပြည်သူများနှင့်ပုံမှန်တွေ့ဆုံရန်အရေးကြီးပါသည်။ မဲဆန္ဒရှင်များနှင့် စာသင်ကျောင်း၊ ဘုန်းကြီး ကျောင်း၊ ဘုရားရှိခိုးကျောင်း၊ မြို့နယ်ခန်းမစသည်တို့တွင်တွေ့သည့်အခါတိုင်း၊ သင့်အနေဖြင့် ပြည်သူများကို မည်သည့်ရက်၊ မည်သည့်အချိန်တွင်ပုံမှန်ဆုံတွေ့မည်ကို အသိပေးပြောဆိုထားခြင်းဖြင့် ကြိုသိထားကြပါစေ။

သင်၏နားထောင်နိုင်မှုစွမ်းရည်ကိုအသုံးပြု၍ မဲဆန္ဒရှင်ပြည်သူများ၏ပြောကြားမှုများ၊ မေးမြန်းမှုများကို ကောင်းစွာ နားထောင် မှတ်သားပါ။ ထို့နောက် မဲဆန္ဒရှင်ပြည်သူများမှ သင့်အားတင်ပြလာသည့်ပြဿနာများကို ပြဋ္ဌာန်းထားသည့် မူဝါဒများအရ၊ သင့်ပြည်နယ်၊တိုင်းဒေသကြီးတွင် ဖြေရှင်းလုပ်ကိုင်ရန် စဉ်းစားပါ။ ထို့နောက် သင့်မဲဆန္ဒပြည်သူများ၏ အသံကိုထင်ဟပ်သည့် ယင်းပြဿနာများကို လွှတ်တော် သို့ဆောင်ယူပြီး တင်ပြဆွေးနွေးရမည့်အချက်သည် အရေးကြီးသည့်အချက်ပင်ဖြစ်ပါသည်။ သင့်၏ပါတီသည် အစိုးရဖွဲ့နိုင်သည့်ပါတီဖြစ်ပါက လိုအပ်သော ပြုပြင်ပြောင်းလဲရေးလုပ်ရန် ပါတီသို့အကြံပြုတင်ပြပါ။ ယင်းကဲသို့ပြုလုပ်ခြင်းဖြင့် သင့်၏မဲဆန္ဒရှင်ပြည်သူများ၏အခြေအနေများကို ပိုမိုကောင်းမွန်လာအောင်လုပ်ဆောင်ပေးခြင်းဖြစ်ပါသည်။

နိုင်ငံအများစုတွင် အတိုက်အခံပါတီများသည် လွှတ်တော်၏မေးခွန်းမေးမြန်းနိုင်သောအချိန်များတွင် ၎င်းတို့၏ မဲဆန္ဒနယ်မှပြည်သူများ၏ဝေဖန်ချက်များ၊ အကြံပြုချက်များကို အစိုးရဖြစ်သောပါတီများ (ဖြစ်နိုင်ပါက သတင်းမီဒီယာသမားများပါ) သိစေရန် တင်ပြဆွေးနွေးလေ့ရှိကြပါသည်။ တခါတရံ ၎င်းအတိုက်အခံပါတီများသည် ဝေဖန်ထောက်ပြမှုများသာမက၊ ၎င်းပြဿနာများကို မည်သို့ဖြေရှင်းသင့်သည်ဆိုသည်တို့ကိုပါတစ်ပါတည်း အကြံပြုလေ့ရှိကြပါသည်။

သင်၏ပါတီအနေဖြင့်လည်း၊ ၎င်းတို့ပြောကြားချက်များ၊ ပြဿနာများကို မျက်ခြေမပြတ် ကြားသိနေပါစေ။ သင့်အနေဖြင့်လည်း ယင်းပြဿနာများကို ဖြေရှင်းနိုင်မည့် မူဝါဒဆိုင်ရာအကြံပြုချက်များကို ပါတီသို့တင်ပြဆွေးနွေးနိုင်ပါသည်။

---

ပြန်လည်စဉ်းစားသုံးသပ်ရန် - ဆရာမတစ်ဦး၏အခက်အခဲပြဿနာများ

ကျွန်မ၏မဲဆန္ဒရှင်တစ်ဦးသည် ကျောင်းဆရာမတစ်ဦးဖြစ်ပါသည်။ သူမပြောပြသည်မှာ- သူမ၏ အချို့သော ကျောင်းသားများသည် စာသင်နေစဉ် ဗိုက်ဆာနေသောကြောင့် စာကိုအာရုံစူးစိုက်နိုင်မှု မရှိပါဟုဆိုပါသည်။ သုတေသနများအရ ဦးနှောက်သည်အဟာရပြည့်ဝစွာမရပါက သင်ကြားလေ့လာ မှု မပြုနိုင်ဟုဖြစ်ပါသည်။ ဤဆရာမ၏အခက်အခဲကိုဖြေရှင်းရန် လွှတ်တော်တွင်မည်သို့ အကြံပြုတင်ပြမည်နည်း?

---

မဲဆန္ဒနယ်တစ်ခုတွင် ကိုယ်စားလှယတစ်ဦးသာရှိသော မြန်မာနိုင်ငံကဲ့သို့သော ရွေးကောက်ပွဲစံနစ်မျိုး ကျင့်သုံးလျက်ရှိသော နိုင်ငံများတွင်၊ နိုင်ငံရေးသမားများသည် မလောက်ငသောအရင်းအမြစ်များကို ခက်ခက်ခဲခဲယှဉ်ပြိုင်ခွဲဝေယူကြရလေ့ရှိပါသည် (ဥပမာ။ သင့်မဲဆန္ဒနယ်အတွက် အဆောက်အဦ၊ လမ်း၊ တံတား အတွက် တောင်းခံရခြင်း)။ ဘဏ္ဍာငွေကြေးခွဲဝေမှုတွင် ခက်ခက်ခဲခဲယှဉ်ပြိုင်ရယူရခြင်းသည် သင့်ကိုယ်သင် ပိုမိုကြံ့ခိုင်အောင် သင်ယူရခြင်းပင်ဖြစ်ပါသည်။ ထိုသို့ပြုလုပ်စွမ်းဆောင်နိုင်ရန် စိတ်ဓာတ်အင်အားကြီးမားကြံ့ခိုင်ရန်လိုပါသည်။ သင့်အနေဖြင့် "ဒါဟာကိုယ့်အတွက်ကိုယ်လုပ် နေခြင်းမဟုတ်။ မိမိ၏မဲဆန္ဒနယ်မှ မဲဆန္ဒရှင်ပြည်သူများ အတွက်လုပ်နေခြင်းဖြစ်တယ်။ တနည်းအားဖြင့် မြန်မာနိုင်ငံ့အကျိုးအတွက် မိမိလုပ်နေခြင်းဖြစ်တယ်" ဟု ကိုယ့်ကိုကိုယ်အားပေးမှုသည် အလွန်အကျိုးများပါသည်။

- မဲ ဆန္ဒရှင်များသည် ကျွန်မကို ယုံကြည်အားကိုးသည်။ သူတို့၏ သတင်းစကားများကို ကျွန်မ ကိုယ်စားပြုမည်။ သူတို့သတင်းစကားများကို လွှတ်တော်သို့ရောက်စေမည်။ သူတို့အတွက် ကျွန်မ ကြိုးစားမည်။

## ၃။ ကျွန်မသည် အခြားသူများနှင့်ကောင်းစွာပူးပေါင်းဆောင်ရွက်နိုင်သည်

### ၃.၁။ အသင်းအဖွဲ့နှင့်လုပ်ဆောင်ခြင်း

နိုင်ငံရေးသည် အသင်းအဖွဲ့နှင့်ပူးပေါင်းလုပ်ဆောင်ရသောအလုပ်ဖြစ်သည်။ တစ်ဦးတစ်ယောက် တည်းဖြင့်နိုင်ငံရေး မလုပ်နိုင်။ အထူးသဖြင့် သင့်အနေဖြင့် ပါတီနှင့်ပူးပေါင်းလုပ်ဆောင်မှု၊ ပါတီ၏ အထောက်အပံ့ရရှိမှု၊ ပါတီ၏မူဝါဒရေးဆွဲမှုစသည် တို့သည် အသင်းအဖွဲ့နှင့်လုပ်ဆောင်မှုများ ဖြစ်ကြသည်။ အောင်မြင်သော အားကစားအသင်းကောင်းတစ်ခုတွင် ခေါင်းဆောင်လုပ်သူသည် အသင်းတွင်ရှိသော အသင်းသားတိုင်း၏မတူညီသော အရည်အသွေးကောင်းများကို ကောင်းစွာနားလည်ပြီး၊ လိုအပ်သည့်နေရာတွင် အသင်းသားများ၏ ကျွမ်းကျင်မှုကိုလိုအပ်သလိုအသုံးချခြင်းဖြင့် အောင်မြင်မှုများရရှိ သကဲ့သို့ပင်၊ နိုင်ငံရေးတွင်လည်း တူညီသောဘုံပန်းတိုင်သို့ရောက်ရန် ထိုသို့ကျင့်ရာ၏။

လွှတ်တော်ကိုယ်စားလှယ်အဖြစ် လွှတ်တော်ထဲရှိသင့်အလုပ်သည် သင့်မဲဆန္ဒနယ်ရှိပြည်သူအများ လူနေမှုအဆင့်မြင့်မားရေး နှင့် မြန်မာနိုင်ငံကြီး တိုးတက်ဖွံ့ဖြိုးရေးပင်ဖြစ်သည်။ ယင်းတို့ကို လုပ်ဆောင်ရာတွင်၊ တွေ့ကြုံလာရသော လူအမျိုးမျိုး၊ စိတ်အထွေထွေတို့နှင့် အလုပ် လုပ်ကိုင်ဆောင်ရွက်နိုင်ရန်လိုအပ်သည်။ ဘဝတွင် "ရှေ့နောက်စဉ်းစားဆင်ခြင်မှုမရှိဒေါသမထိန်းနိုင်၊ ကမူးရှူးထိုးလုပ်တတ်သော၊ ပြောတတ်သောသူများ" နှင့်တွေ့ရ တတ်သည်။ ယင်းကဲ့သို့သောလူမျိုးများကို နိုင်ငံရေးလောကတွင်လည်းတွေ့နိုင်သည် (သင့်၏ပါတီတွင်လည်း ယင်းကဲ့သို့လူများရှိနေမည်မလွဲ)။ ၄င်းတို့သည် တခါတရံစိတ်အင်အားကြီးသူများဖြစ်တတ်ကြသော်လည်း နိုင်ငံရေးသမားကောင်းများတော့မဟုတ်ကြပေ။ ယင်းကဲ့သို့လူများကို အထက်ဖော်ပြပါ သံတမန်ဆန်ဆန် ဆက်ဆံမှုသည် အလုပ်ဖြစ်နိုင်သည်။ တခြားသူကကိုယ့်ကိုဒေါသထွက်အောင်မည်သို့ပင် "ဆွ" စေကာမူ၊ မတုန်လှုပ်သူသည် သဘောမတူညီမှုများရှိနေစေကာမူ ပြဿနာများဖြစ်လင့်ကစား အနိုင်ရသူပင်ဖြစ်သည်။

- ကျွန်မသည် အလွယ်တကူ ရန်မလိုတတ်သူဖြစ်သည်။ "ကမူးရှူးတိုးလုပ်သူများ" နှင့်ဆုံတွေ့ရပါက မည်ကဲ့သို့ ကိုင်တွယ်ဆက်ဆံရမည်ကို ကျွန်မသိရှိထားသည်။
- ကျွန်မသည် အသင်းအဖွဲ့နှင့်အလုပ်လုပ်ရာတွင်တော်သည်။ မိမိပင်ကိုယ်စွမ်းရည်များကို မိမိသိပြီး ယင်းတို့ကို ကောင်းစွာအသုံးချလျက်ရှိသည်။

### ၃.၂။ အခြားသူများအားအကူအညီပေးခြင်း

အခြားလူများနှင့်အလုပ်အတူလုပ်ခြင်းသည် အမျိုးသမီးဖြစ်စေ၊ အမျိုးသားဖြစ်စေ၊ သူတို့၏အရည်အသွေးများကို အသိအမှတ်ပြုခြင်းပင်ဖြစ်သည်။ သို့သော် ယေဘုယျအားဖြင့် အမျိုးသမီးများ၏အရည်အသွေးသည် အမျိုးသားများလောက်အသိအမှတ်ပြုမခံရပါ။ အာရှဖောင်ဒေးရှင်းနှင့် ဖန်တီးအိမ်၏လေ့လာချက်အရ မြန်မာနိုင်ငံတွင် အမျိုးသမီးနိုင်ငံရေးသမားများသည် အမျိုးသားနိုင်ငံရေးသမားများထက်ပို၍ ပညာအရည်အချင်းမြင့်မားကြကြောင်း တွေ့ရှိရ ပါသည်။□ သို့တိုင် နိုင်ငံရေးပါတီအများစုတွင်အမျိုးသမီးများသည် ကော်ဖီဖျော်ခြင်း၊ နိုင်ငံရေးပါတီများက ကျင်းပသောပွဲများတွင်ဧည့်ခံခြင်းစသည့်အလုပ်များတွင်သာ နေရာပေးခံရခြင်းများ ရှိကြပါသည်။ ယင်းအချက်သည်

အမျိုးသမီးများ၏အရည်အသွေးများကို အလဟဿ ပြုရာကျပါသည်- လူတိုင်းကော်ဖီဖျော်နိုင်သည်။ သို့ရာတွင် မိန့်ခွန်းကောင်းများရေးနိုင်ခြင်း၊ စည်းရုံးရေးပွဲများကို စီစဉ်နိုင်ခြင်းတို့သည် လူတိုင်းမလုပ်နိုင်သော အရည်အသွေးများဖြစ်သည်။ အကယ်လို့ သင့်ပါတီတွင် ကော်ဖီဖျော်သည့်တာဝန်ကို အမျိုးသမီးများကိုပေးထားပါက သင့်အနေဖြင့် ယင်းအမူအကျင့်ကို ပြောင်းလဲရန် နည်းလမ်းရှာကြိုးစားသင့်သည်။

အမျိုးသားများဘက်အလေးသာထားသော ယင်းယဉ်ကျေးမှုသည် ယခုတိုင်ခိုင်မြဲနေဆဲဖြစ်ပြီး၊ ထို့အတွက် ကြောင့်ပင် အမျိုးသမီးများသည်နိုင်ငံရေးနယ်ပယ်တွင် အမျိုးသားများနှင့်ယှဉ်ပြိုင်နိုင်ရန် ပိုမိုအားထုတ်ကြ ရသည်။ သင့်တွင် ရည်မှန်းချက်ကြီးသောပါတီတူအမျိုးသမီးမိတ်ဆွေရှိပါသလား? သူမအားဝေဖန်မှု ကိုရပ်ထားပြီး၊ သူမတွင် အရည်အချင်းရှိသည်၊ ခေါင်းဆောင်နိုင်သည်ဆိုပါစို့၊ သူမအား သင်ကူညီလိုက်ပါ။ ကမ္ဘာတစ်ဝှမ်းရှိ အမျိုးသားများ သည်အချင်းချင်းရိုင်းပင်းကူညီကြသည်။ ကိုယ်ကကူသော၊ ကိုယ့်ကိုကူသော အမျိုးသမီးကွန်ယက်တည်ထောင်ပါ။ အမျိုးသမီးများ အနေဖြင့်လေ့လာစရာတွေအများကြီးရှိပါသေးသည်။ အပြန်အလှန်အထောက်အပံ့ပေးနိုင်သော ညီအစ်မ ကွန်ယက်များလိုအပ်ပါသည်။

အမြဲသတိရပါ- အမျိုးသမီးခေါင်းဆောင်တွေဟာ အမြင့်ဆုံးမှာရှိလေ၊ အထီးကျန်လေပါဘဲ။ အမျိုးသမီးခေါင်းဆောင် များဟာ ကျွန်မတို့ပေးမဲ့စည်းလုံးမှုနဲ့ထောက်ခံမှုအားလုံးကိုလိုအပ်ပါတယ်။

- အကယ်၍ ကျွန်မအနေနဲ့ အရည်အချင်းရှိတဲ့ ကျွန်မ လုပ်ဖော်ကိုင်ဖက် အမျိုးသမီးများ တွေ့ရင် သူတို့ကို ၁၀၀% အကူအညီပေးပါမယ်။

## ၃.၃။ နည်းပေးလမ်းပြပြုလုပ်ခြင်း

အမျိုးသားများသည် လူမှုကွန်ယက်များကိုကောင်းစွာတည်ဆောက်အသုံးပြုတတ်သလို တစ်ဦးကို တစ်ဦးလည်း အပြန်အလှန်ထောက်ပံ့ကူညီတတ်ကြသူများဖြစ်သည်။ ယင်းအချက်သည်အမျိုးသားများထံမှ အမျိုးသမီးများ လေ့ လာကျင့်သုံးသင့်သောအရာဖြစ်သည်။ အမျိုးသားများသည်အချင်းချင်းစည်းလုံးမှုရှိနေချိန်တွင်၊ အမျိုးသမီးများ သည်အချင်းချင်းမစည်းလုံးသည့်အတွက် အပြောခံနေကြရသည်။ အမှန်တကယ်မှာ အမျိုးသမီးများကို အစုအဖွဲ့ ပြုလုပ်ခြင်း၊ စည်းလုံးစေခြင်းသည် အမျိုးသားများကို စုပေါင်းကာ အတိုက်အခံပြုရန်မဟုတ်။ အမျိုးသမီးများ စည်းလုံးစေခြင်းဖြင့် ၎င်းတို့၏ပန်းတိုင်များကို စုပေါင်းအားဖြင့် လွယ်ကူစွာရယူနိုင်ရန်ဖြစ်သည်။ တစ်ချိန်တည်းမှာ ပင် တစ်ဦးကိုတစ်ဦးအမှီသဟဲပြုကာ အားပြုနိုင်ရန်ဖြစ်သည်။

စည်းလုံးမှုကိုဖော်ပြသောနည်းလမ်းတစ်ခုမှာ ယခုမှအသစ်ဝင်လာသူလူသစ်အားလမ်းညွှန်မှုပြုခြင်းနှင့် အတွေ့ အကြုံနည်းသူကို အတွေ့အကြုံရှိသူကမျှဝေပေးခြင်းတို့ဖြစ်သည်။ သင့်လျော်သည့်အခါမျိုးတွင် သင့်အနေဖြင့် သင့်ထက်အတွေ့အကြုံနည်းသောသူများကို သင့်အတွေ့အကြုံများ၊ ဗဟုသုတများမျှဝေပါ။ (သင့်အနေဖြင့်သူတို့ကို တွန်းအားပေးတာမျိုး၊ ဖိအားပေးတာမျိုး နှင့် အရာအားလုံးကိုသိနေသလိုမျိုးမဖြစ်အောင်ဂရုစိုက်ပါ) သင့်အနေနှင့် လမ်းညွှန်မှုပေးနိုင်သော အစီအစဉ်တစ်ခုကိုရေးဆွဲကာပုံမှန်လုပ်သွားနိုင်ပါသည်။ (ဥပမာ- တစ်လ တစ်ခါ)။ ယင်းတွင် တစ်ဦးကိုတစ်ဦး ယုံကြည်ခြင်းနှင့် သက်တောင့်သက်သာဖြစ် ရန်လိုအပ်သည်။ သင့်အစီအစဉ်တွင် ပါဝင်မည့်သူများကို ဘာအကြောင်းအရာကိုသိချင်လဲ၊ ဘယ်နေရာမှာခက်ခဲနေလဲ စတာတွေကိုမေးမြန်းပြီး သူတို့ဆီက ဘာလိုချင်တယ်ဆိုတာထွက်လာပါစေ။

သူတို့၏လိုအပ်ချက်များသည် တစ်ခါတစ်ရံ "နိုင်ငံရေးသမားတစ်ယောက်အနေနဲ့များပြောင်လှတဲ့ တာဝန်တွေ နဲ့ မိသားစုတာဝန်တွေကို ဘယ်လိုပေါင်းစပ်လုပ်ကိုင်လို့ရနိုင်မလဲ?" ကဲ့သို့သော ခေါင်းစဉ်မျိုးလည်းဖြစ်နေနိုင်ပါသ ည်။"ကိုယ့်ရဲ့ကလေးတွေကိုသူများလက်မှာထားခဲ့ပြီး၊ ကိုယ်ကနိုင်ငံရေးလုပ်နေတော့ ကိုယ့်ကိုကိုယ်အပြစ်တင် နေစိတ်ကိုဘယ်လိုရင်ဆိုင်မလဲ?"၊ "ရုံးမှာ အလုပ်တွေကများလို့ ကိုယ်ကအိမ်မှာ ကလေးနဲ့နေချိန်မှာလည်း

မပျော်နိုင်၊ ကိုယ့်ကိုအပြစ်တင်နေတဲ့စိတ် ကိုဘယ်လိုရင်ဆိုင်မလဲ?"၊ "အမျိုးသားတွေသင့်အပေါ်ပြောဆို လိုက်တဲ့ လိင်နဲ့ပတ်သက်တဲ့မှတ်ချက်တွေကို မသက်မသာရင်ဆိုင်ရတဲ့အခါ ဘာပြန်တုန့်ပြန်မလဲ?"၊ "သင်ကိုယ်တိုင်ကိုဖြစ်စေ၊ သင်က မျက်မြင်သက်သေအဖြစ်တွေ့တာဖြစ်စေ၊ အာဏာပါဝါရှိတဲ့လူ၊ အသက်ကြီးတဲ့လူတွေ ကျူးလွန်တဲ့ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ အမြတ်ထုတ်မှုတွေကိုဘယ်လိုတုန့်ပြန်မလဲ?"၊ "သင့်ရဲ့နိုင်ငံ ရေးဆိုင် ရာအကြံပြုချက်တွေကိုအကုန်လစ်လျူပြုခံရတယ်၊ သင့်ကိုယ်သင်နိုင်ငံရေးမှာအသုံးမဝင်ဘူးခံစား နေရတယ်ဆိုရင် ဘယ်လိုလုပ်မလဲ?"၊"သင့်ပါတီထဲမှာ သင်ပြောသမျှဘယ်သူမှနားမထောင်နေဘူး"၊ "သင့်မဲ ဆန္ဒရှင်တွေနဲ့တွေ့ဖို့ သွားတဲ့အခါ လုံခြုံရေးရှိရို ဘယ်လိုသွားမလဲ?"၊ "အကယ်လို့သင့်ရဲ့မဲဆန္ဒနယ်မြေက လူတွေဟာသင့်အပေါ်မှာ တောင်းဆိုတာတွေသိပ်များနေပြီး၊ သင့်ရဲ့လွှတ်တော်ကိုယ်စားလှယ်အခန်းကဏ္ဍကိုနားမလည်ဘဲ၊ သင့်ကို လူမှုရေး လုပ်သားထင်နေသလား?"၊ "အလုပ်သိပ် များတဲ့အတွက် အားအင်ကုန်ခမ်း အရုပ်ကြိုးပြတ်ဖြစ်နေလား?"။

သင့်မိတ်ဆွေများကို သူတို့အကြောင်းသူတို့ပြန်သုံးသတ်စေခြင်းဖြင့်လည်း ကူညီနိုင်သည်- နိုင်ငံရေးသမားတစ်ယောက်အနေနဲ့သူတို့ဘာတော်သလဲ? သူတို့ရဲ့အရည်အချင်းတွေကဘာတွေလဲ? သူမအနေနဲ့ ဆက်လက်ဖြည့်ဆည်းဖို့လိုနေတာကဘာတွေလဲ? သူမအတွက် လက်တွေ့ကျတဲ့ ရောက်ရှိနိုင်တဲ့ ပန်းတိုင်ကို ဘယ်လိုချမှတ်ရမလဲ? ကွန်ယက်ချိတ်ဆက်ဆောင်ရွက်တယ်ဆိုတာ ဘာကိုခေါ်လဲ? ဥပဒေအသစ်ပြဌာန်းခြင်း တို့အတွက် မိမိကိုယ်မိမိယုံကြည်မှုရှိအောင်ဘယ်လိုလုပ် မလဲ?

အကယ်လို့သင်ဟာငယ်ရွယ်သူဖြစ်ပြီး၊ ယခုမှနိုင်ငံရေးလောကထဲကိုဝင်ရောက်လာသူဖြစ်ပါက၊ သင့်အား တန်ဖိုးရှိသောအကြံညာဏ်ပေးနိုင်မည့် အတွေ့အကြုံရင့်ကျက်သော၊ အသက်ကြီးသော အမျိုးသမီးနိုင်ငံရေး သမား(ဟောင်း) တစ်ဦးနှင့်တွေ့ဆုံသင့်ပါသည်။ ယင်းအတွေ့အကြုံများမှ တစ်ဆင့် သင်သည် သူမများပြီးသော အမှားများကိုသင်ခန်းစာယူနိုင်ခြင်းဖြင့် ယင်းကဲ့သို့သောအမှား များကိုထပ်မံကျူးလွန်စရာမလိုတော့ပါ။ အတွေ့အကြုံရင့်ကျက်သူက ပြောကြားသောနည်းလမ်းများ သည်သင့်အားအကျိုးရှိစေမည်မလွဲပေ။ သင်ကိုယ်တိုင်၏ အတွေ့အကြုံများသည်လည်း တစ်နေ့တွင် သင့်ထက်ငယ်သော အမျိုးသမီးနိုင်ငံရေးသမားများ အတွက် အသုံးဝင်မည်မှာမုချဖြစ်သည်။

- ကျွန်မသည် အတွေ့အကြုံရင့်ကျက်သူများထံမှ မေးမြန်းရမှာမရှက်ပါ။ အခြားသူများကို မျှဝေလမ်းပြရန်လည်း ပြင်ဆင်ထားသည်။

## ၄။ ကျွန်မသည် မီဒီယာများနှင့်ကောင်းစွာ ပူးပေါင်းဆောင်ရွက်နိုင်သည်

နိုင်ငံရေးသမားတစ်ယောက်အတွက် မိမိ၏ နိုင်ငံရေးဆိုင်ရာသဘောထား၊ အယူအဆ၊ တန်ဖိုးထားမှုနှင့် ရည်မှန်းချက် ပန်းတိုင်များကို အသိပေးပြောကြားရန်သည် အရေးကြီးပါသည်။ ယင်းအတွက် နိုင်ငံရေးသမားများသည် မီဒီယာကို ကောင်းစွာအသုံးပြုလေ့ရှိပါသည်။ မီဒီယာသည် မိတ်ဆွေဖြစ်နိုင်သလို၊ ရန်သူလည်းဖြစ်နိုင်ပါသည်။ သင်သည်ရည်ရွယ်ချက်ကြီးသောနိုင်ငံရေးသမားဖြစ်ပါမူ၊ ပြည်တွင်းမီဒီယာသာမက၊ လူမှုကွန်ယက်များကိုပါ မည်ကဲ့သို့အသုံးပြုမည်ဟူသော နိုင်ငံရေးဗျူဟာရှိရန်လိုအပ်ပါသည်။ သို့မှသာ မီဒီယာကသင့်ကိုအသုံးချသည်ကို ခံရမည့်အစား သင်က မီဒီယာကိုအသုံးချနိုင်မည်ဖြစ်ပါသည်။ မီဒီယာများတွင် yellow papers ဟုခေါ်သော ကျင့်ဝတ်မရှိသောမီဒီယာအမျိုးအစားများ (အဝါရောင်သတင်းစာစောင်များ) ရှိပါသည်။ စိတ်မကောင်းစွာပင် နိုင်ငံရေးသမားအများအပြားသည် ၎င်းတို့၏မူလတာဝန်ဖြစ်သည့် ပြည်သူလူထုကိုအလုပ်အကျွေးပြုရန်ကို မေ့လျော့ကြကာ၊ ၎င်းတို့၏ကိုယ်ကျိုးအတွက်သာကြည့်ကြခြင်း၊ လာဘ်ပေး၊ လာဘ်ယူမှုပြုခြင်းများ ပြုလုပ်လေ့ရှိကြပါသည်။ ကမ္ဘာ၏မည်သည့်နေရာတွင်မဆို ပြည်သူလူထုသည် သတင်းစာစောင်များက နိုင်ငံရေးသမားများ၏ အရှုပ်တော်ပုံများ၊ လာဘ်စားခြင်းအမှုများ စသည်တို့ကိုရေးသားဖော်ပြခြင်းများကို နှစ်ခြိုက် အားပေးကြပါသည်။

နိုင်ငံရေး သမားတစ်ဦးရဲ့ အပုပ်သတင်းဟာ အခန့်မသင့်လျှင် လူများကိုနိုင်ငံရေးအပေါ်တွင် လုံးဝစိတ်ကုန်၊ စိတ်ပျက်ဖြစ်သွားစေနိုင်သည်။

---

ပြန်လည်စဉ်းစားသုံးသပ်ရန် - မျှတမှုမရှိသော သတင်းမီဒီယာ

ရွေးကောက်ပွဲနီးကပ်လာပြီ။ သင်သည် အတိုက်အခံပါတီမှ အသက် ၅၀ အရွယ်ရှိကိုယ်စားလှယ်လောင်း အမျိုးသားတစ်ယောက်နှင့် "လာမည့်အစိုးရအနေဖြင့် အခွန်ဘဏ္ဍာ များကို မည်ကဲ့သို့ထိရောက်အောင် လုပ်ဆောင်မည်" ဟူသောခေါင်းစဉ်ဖြင့် စကားစစ်ထိုးခြင်း (Debate) ယှဉ်ပြိုင်ပြောရန် ရှိသည်။ နောက်နေ့တွင် နာမည်ကြီး ပြည်တွင်းစာစောင်တစ်ခုမှ ယင်းစကားစစ်ထိုးပွဲကို သတင်းရေးသည်။ ယင်းသတင်းစာသည် သင်၏အတိုက်အခံပါတီမှ ကိုယ်စားလှယ်လောင်း၏ ပြောကြားချက်များ၊ ချေပမှုများကို အသေးစိတ်ဖော်ပြပြီး၊ သင့်အကြောင်းကိုမူအထူးမဖော်ပြ၊ ထိုအထဲတွင် သင့်၏ ဆံပင်ပုံစံအသစ်အကြောင်းကိုရေးသားထားသည်။
သင်မည်ကဲ့သို့တုန့်ပြန်မည်နည်း?

---

မကျေနပ်စရာကောင်းသည့်အချက်မှာ သတင်းစာစောင်အများစုသည် အမျိုးသားနိုင်ငံရေးသမားများကို အမျိုးသမီးနိုင်ငံရေးသမားများထက် ပိုမိုအလေးပေးရေးသားဖော်ပြလေ့ရှိခြင်းပင်ဖြစ်ပါသည်။ အမျိုးသားများကို များသောအားဖြင့် သူတို့ဘာပြောသည်ဆိုသည်ဆိုသည့်အပေါ်တွင် ဝေဖန်လေ့ရှိကြပြီး၊ အမျိုးသမီးများကိုမူမကြာခဏ သူတို့ဘာဝတ်သည်၊ သူတို့ဘယ်လိုပုံစံရှိသည်၊ သူတို့အကြည့်ကဘယ်လို စသည်တို့အပေါ်တွင် အပြောအဆို အဝေဖန်ခံကြရပါသည်။ ထိုကဲ့သို့ဖြစ်နေခြင်းကိုလတ်တလောတွင် ပြောင်းလဲစေရန် သင်ဘာမျှလုပ်နိုင်မည်မဟုတ်။ သင်လုပ်နိုင်သည်ကတော့ ထိုကဲ့သို့ကြုံတွေ့ လာပါက သင်မည်ကဲ့သို့ကိုင်တွယ်ဖြေရှင်းမည် ဆိုတာသာဖြစ်ပါသည်။ သတင်းစာရှင်းလင်းပွဲပြုလုပ်ခြင်း၊ အယ်ဒီတာသို့စာပို့ခြင်း၊ သင့်အမြင်နှင့်မူဝါဒရပ်တည်ချက်များကိုပြောဆိုခြင်း တို့ကိုသာ စဉ်ဆက်မပြတ်ပြုရမည်ဖြစ်သည်။ သင့်အနေဖြင့် သင့်မဲဆန္ဒနယ်အတွက် သင်တစ်စုံတစ်ခု လုပ် ပေးနိုင်ပါက၊ ယင်းအကြောင်းသင်ပြောဆိုနိုင်ပါသည်။ သို့ရာတွင် ဝါကြွားခြင်းကိုမူ မည်သူမျှ မကြိုက်ကြပါ။

မည်သူမျှအရာရာတိုင်းတွင်တော်နေ၊ တတ်နေ၊ စင်းလုံးချောနေသည်မဟုတ်ပါ။ သင်အမှား လုပ်မိနိုင်သည့်အခါမျိုးလည်းရှိတတ်ပါသည်။ ယင်းကဲ့သို့သောအခြေအနေကို မီဒီယာများက ဖော်ထုတ်တတ်ပါသည်။ ယင်းအခါမျိုးတွင် မိမိကိုယ်ကိုတည်ငြိမ်အောင်ကြိုးစားပါ။ အကယ်လို့ သင့်အမှားသည် ကြီးမားသော အမှားမျိုးဖြစ်ပါက၊ သတင်းသမားများကလဲ ၎င်းကိုသင့်ထံဦးတည် မေးမြန်းလာပါက၊ အကောင်းဆုံးသည် ရိုးသားစွာပင် မိမိအမှားကို မိမိဝန်ခံကာ တောင်းပန်ခြင်းပင်ဖြစ်သည်။

တစ်ခါတစ်ရံ သင်လုံးဝမလုပ်ခဲ့သော ကိစ္စအတွက် သတင်းများတွင်သင့်ကိုအပြစ်တင်ခြင်းများ ကြုံတွေ့ရတတ် ပါသည်။ ယင်းအခြေအနေသည် ရှုပ်ထွေးသောအခြေအနေမျိုးဖြစ်ပါသည်။ သင့်အနေဖြင့် သင့်ကိုယ်သင် ကာကွယ်ရန်အတွက် ယင်းကိုလူထုရှေ့တွင် သင်ကစတင်ဖွင့် ထုတ်ပြောဆိုပါက သင်သည် ပိုများသောအပြစ်တင် ဝေဖန်မှုများကိုဖိတ်ခေါ်သလိုဖြစ်ပါလိမ့်မည်။ အကောင်းဆုံးမှာ တည်တည်ငြိမ်ငြိမ် တိတ်တိတ်ဆိတ်ဆိတ်နေရင်း၊ ကိုယ့်နိုင်ငံရေးအလုပ်များကို ကိုယ်မှန်မှန်ကန်ကန်ဆက်လုပ်နေဖို့ပင်ဖြစ်ပါသည်။

- မီဒီယာများနဲ့ ဘယ်လို အလုပ်လုပ်ရမယ်ဆိုတာ ကျွန်မသိသည်။ ကျွန်မ၏ မူဝါဒများအတွက် အထောက်အပံ့ ရအောင် မီဒီယာကို နည်းလမ်းတစ်ရပ်အနေဖြင့် မည်သို့ အသုံးပြုရမည်ကိုသိသည်။

ယခုခေတ်နိုင်ငံရေးသမားများသည် ဖေ့စ်ဘုတ်(Facebook)၊ တွစ်တာ(Twitter)စသော လူမှုရေးကွန်ယက်များတွင် ၎င်းတို့၏သတင်း စကားများကို ပျံ့နှံ့အောင်နှင့် မဲဆန္ဒရှင်များနှင့် ဆက်သွယ်မှုများပြုလုပ်ရန်အသုံးပြုကြပါသည်။ လူမှုကွန်ယက်များ၏ အထူးအားသာချက်သည် ဆက်သွယ်မှုများပြုလုပ်ပြောကြားရာတွင် ဆူကြုံနိမ့်မြင့် သတ်မှတ်ချက်မှ ကင်းလွတ်ပါသည်။ အခြားတစ်ဖက်တွင်မူ လူမှုကွန်ယက်များကို သုံးရာတွင်စိန်ခေါ်မှုများ၊ အရဲစွန့်ရမှုများလည်းရှိပါသည်။ လူမှု ကွန်ယက်ကို ဆင်ခြင်ညာဏ်ရှိစွာ အသုံးပြုနိုင်မည်ဆိုပါက ယင်းသည် မူဝါဒများအတွက် အထောက်အပံ့ပေး နိုင်သော၊ စည်းရုံးလှုံ့ဆော်နိုင်သော နည်းလမ်းကောင်းတစ်ခုပင်ဖြစ်ပါသည်။

ယခုခေတ်တွင် အထူးသဖြင့်ငွေကြေးမလွယ်ကူသူများသည် လူမှုကွန်ယက်ကိုအသုံးပြုကာ crowd funding ဟုခေါ်သောနည်းလမ်းဖြင့် ရန်ပုံငွေရှာဖွေကြပါသည်။ ယင်းရန်ပုံငွေကို မဲဆွယ်စည်းရုံးရေး အတွက်ကုန်ကျစရိတ် အဖြစ်အသုံးပြုကြပါသည်။ သင့်အနေဖြင့် မိတ်ဆွေများ၊ ထောက်ခံသူများနှင့် မဲဆန္ဒရှင်များထံမှ ထောက်ပံ့ငွေကြေး အနည်းငယ်လက်ခံနိုင်ပါသည်။ တစ်ဦးချင်း၏ထည့်ဝင်ငွေများသည်အလွန်နည်းကောင်း နည်းနေမည်ဖြစ်သော်လည်း ယင်းတို့ကိုစုပေါင်းလိုက်သည့်အခါ သင့်စည်းရုံးရေးအတွက်ထိရောက်မှုရှိပါလိမ့်မည်။ နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုဖြစ်သော IDEA သည် အွန်လိုင်းကိုအသုံးပြုကာ နိုင်ငံရေးဆိုင်ရာ Crowdfunding ကိုလုပ်ဆောင်နေသော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။□

လူမှုကွန်ယက်များကို ဂရုမစိုက်ဘဲ ပေါ့ဆစွာသုံးစွဲခြင်းသည် အကျိုးမဲ့များစွာဖြစ်ပေါ်စေပါသည်။ နိုင်ငံရေးသမား တစ်ယောက်သည် လူမှုကွန်ယက်ကိုအသုံးပြုသောအခါ လူမှုကွန်ယက်မှတစ်ဆင့် ဘယ်လိုစကားသုံးမလဲ စသည်မှ အစ အလွန့် အလွန် သေသေချာချာ စဉ်းစားပြီးမှသာလျှင် သုံးစွဲသင့်ပါသည်။ လူများသည် သင့်အား လူမှုကွန်ယက်မှတစ်ဆင့် လွယ်ကူစွာတိုက်ရိုက်ဆက်သွယ် ပြောဆိုနိုင်ပါသည်။ ဝေဖန်ပြောကြားနိုင်ပါသည်။ ထိုမှတဆင့် အချို့သည် နားလည်မှုလွဲမှားခြင်း လည်းဖြစ်နိုင်ပါသည်။ သင်သည်စိတ်တို၊ စိတ်ဆိုး၊ စိတ်လှုပ်ရှားမှု ဖြစ်နေပါက ယင်းအချိန်မျိုးတွင် လုံးဝစာမရေးပါနှင့်။ မကျေနပ်မှုဒေါသသည် ဒေါသသံကိုသာ ဆက်လက်သယ်ဆောင်လိမ့်မည်။ သင့်အနေနှင့် စကားမာမာ၊ အသုံးအနှုန်းထန်ထန်ပြောနိုင်သည်။ သို့ရာတွင် သင်ပြောသမျှသည် အချက်အလက်ပေါ်တွင်သာအမြဲတမ်းအခြေခံရမည်။ ဟာသညဏ်ရှိခြင်း၊ ဟာသပြောဆိုခြင်း သည် လူပရိတ်သတ်ကိုဆွဲဆောင်နိုင်သည်မှာမှန်သည်။ သို့သော် ဟာသကိုပင်လျှင် ပုံကိုကြည့်ပြီးဖြစ်စေ၊ စာသားကြောင့်ဖြစ်စေ၊ အလွယ်တကူ နားလည်မှုလွဲမှားသွားနိုင်သည်။

အခြားသောပြဿနာကြီးတစ်ခုမှာ သတင်းမှားများပင်ဖြစ်သည်။ စိတ်မကောင်းစရာပင် လူမှု ကွန်ယက်သည် တမဟုတ်ခြင်းခဏအတွင်းမှာပင် သတင်းမှားများကို အလျင်အမြန်စီးဆင်း သွားစေသည့် ဇာတ်ခုံကြီးဖြစ်သည်။

- ကျွန်မသည် လူမှုကွန်ယက်ကို အကျိုးရှိရှိ သတိရှိစွာ သုံးစွဲနေသူတစ်ယောက်ဖြစ်သည်။

## ၅။ ကျွန်မသည် စည်းရုံးလှုပ်ရှားမှုများကို ကောင်းစွာ လုပ်ဆောင်နိုင်သည်

မဲဆွယ်ရေးလှုပ်ရှားမှုများသည် နိုင်ငံရေးသမားများအတွက် မရှိမဖြစ်အရေးပါသောလုပ်ငန်းစဉ် တစ်ခုဖြစ် ပါသည်။ မဲဆန္ဒနယ်တွင်အရွေးချယ်ခံရခြင်းအတွက် သင့်ကိုထောက်ခံသော မဲဆန္ဒရှင် ပြည်သူများရှိရန်လိုအပ်ပါသည်။ ထိရောက်သော မဲဆွယ်လှုပ်ရှားမှုများအား မည်ကဲ့သို့ပြင်ဆင်၊ ပြုလုပ်ရမည် နှင့်သက်ဆိုင်သော ညွှန်ကြား လမ်းညွှန်မှုများ များစွာရှိပါသည်။

အရေးကြီးသောအချက်မှာ အမျိုးသမီးနိုင်ငံရေးသမားတစ်ယောက်အနေဖြင့် စည်းရုံးလှုပ်ရှားမှုများအတွက် သင့်အခန်းကဏ္ဍကို သင်ဦးစွာလေ့လာသုံးသတ်ရန်၊ ပြင်ဆင်ရန်ဖြစ်ပါသည်။ အမျိုးသမီးများအပေါ်တွင်ထားရှိသော လူမှုအသိုင်းအဝိုင်း၏ပုံသေကားကျယူဆချက်များ၊ အမျိုးသမီး၏ အခန်းကဏ္ဍအပေါ်ရှုမြင်မှုများသည် အမျိုးသမီး များအတွက် နိုင်ငံရေးလုပ်ရန်၊ စည်းရုံးလှုံ့ဆော်မှုပြုလုပ်ရန် အတားအဆီးဖြစ်စေပြီး၊ ယင်းအချက်များကပင် အမျိုးသမီးများ၏ မဲဆွယ်စည်းရုံး လှုပ်ရှားမှုများသည် တစ်ခါတစ်ရံ အမျိုးသားများထက် ပိုမိုအခက်အခဲရှိတတ် ပါသည်။ အမျိုးသမီးတစ်ယောက်အနေဖြင့် သင်သည် မဲဆွယ်စည်းရုံးလှုပ်ရှားမှုပြုမည်ဟု သင်ဆုံးဖြတ်လိုက် သည်နှင့် သင်သည် နာမည်ကြီး "စတား" တစ်ယောက်ကဲ့သို့ လူအများ၏အာရုံစူးစိုက်ခြင်းကို ခံရမည်ဖြစ်သည်။ အမျိုးသမီးအများစုသည် ယင်းကဲ့သို့အာရုံစူးစိုက်ခံရမှုကို မခံနိုင်ကြပေ။ ယင်းအတွက် ရဲရင့်မှုလိုအပ်သည်။ ယင်းအခြေအနေတွင် သင်သည် သင့်ကိုယ်သင်သတိပေးရမည်- "ငါကိုယ့်အတွက်ကိုယ် အခုလိုရှေ့ထွက်နေတာ မဟုတ်။ ငါ့အမြင်၊ အတွေးအခေါ်၊ တန်ဖိုးထားမှုတွေနဲ့ ငါ့နိုင်ငံ၊ ငါ့ဒေသရဲ့အနာဂတ် ကို ရှေ့ရှုပြီး ငါအခုလို ရှေ့ထွက်ရခြင်းဖြစ်တယ်။"

နိုင်ငံရေးသမားတစ်ယောက်အနေဖြင့်၊ သင့်တွင် မဲဆွယ်စည်းရုံးမှုအတွေ့အကြုံအချို့ရှိပြီးဖြစ်မည်။ ရွေးကောက်ပွဲ တစ်ခုပြီးတိုင်၊ ယင်းသည် တစ်ဖြည်းဖြည်းပိုမိုလွယ်ကူလာလိမ့်မည်။ သင်သည် အတွေ့အကြုံနှင့်အတူ ရဲရင့်မှု ကိုလည်း ရရှိပိုင်ဆိုင်ပြီးဖြစ်သည်- ငွေကြေးတစ်ခုကတော့ မပြည့်မစုံဖြစ်နေနိုင်သည်။

ငွေမရှိဘဲနှင့် မဲဆွယ်စည်းရုံးရေးဆင်းရန်မဖြစ်နိုင်၊ ကမ္ဘာတွင် မည်သည့်နိုင်ငံတွင်မှ အမျိုးသမီးများသည် အမျိုးသား များနှင့်ယှဉ်လျှင် မဲဆွယ်စည်းရုံးသည့်နေရာတွင် ငွေကြေးအရ တန်းတူညီမျှမှုမရှိကြပေ။ ထို့ကြောင့်၊ လူထုအခြေပြု ရန်ပုံငွေ (crowdfunding) (အပိုင်း ၁၊ အပိုဒ် ဂ၊ အခန်း ၄ တွင် ကြည့်ပါ။) ရှာဖွေခြင်းသည် အမျိုးသမီးများအတွက် ထိရောက်သောနည်းလမ်းဖြစ်သည်။□

အရေးကြီးသည့်အချက်သည် သင့်အတွက်အလုပ်လုပ်ပေးမည့် သစ္စာရှိသော၊ လုပ်ရည်ကိုင်ရည်ရှိသော ပျော်ပျော် ရွှင်ရွှင်အလုပ်လုပ်နိုင်မည့် အဖွဲ့တစ်ခုကို စုစည်းထားရန်ဖြစ်သည်။ သင်က ယုံကြည်စိတ်ချအားထားရသောသူ တစ်ယောက်ကို ခေါင်းဆောင်အဖြစ်ခန့်အပ်ထားပါ။ သင့်အဖွဲ့ထဲတွင် အသက်အရွယ်စုံလူများပါရန်လိုသလို၊ အမ ျိုးသားများလည်းပါဝင်ရန်လိုအပ်သည်။ ထိုကဲ့သို့ အမျိုးသားများပါမှသာ မဲဆန္ဒရှင်များ၏မျက်လုံးတွင် သင်သည် ပိုမို အားကိုးထိုက်သောသူဖြစ်ပြီး အသက်အရွယ်စုံ၊လူတန်းစားစုံပါဝင်ခြင်းသည်လည်း မတူညီသော လူတန်းစား အသီးသီးသို့ သင့်၏သတင်းစကားအလွယ်တကူရောက်ရှိနိုင်မည်ဖြစ်သည်။ သင့်အဖွဲ့ရှိလူများတွင် စည်းရုံးရေး စွမ်းရည် အားကောင်းသောသူများပါဝင်စေရန် အသေအချာလုပ်ဆောင်ပါ။

မဲဆွယ်စည်းရုံးခြင်းသည် တစ်နည်းအားဖြင့် မဲဆန္ဒရှင်များသို့ သင့်ကိုယ်သင်ရောင်းချခြင်းနှင့် အနည်းငယ်ဆင်တူ ပါသည်။ ယင်းသည်လွယ်ကူသည့်သဘောတရားတစ်ခုတော့မဟုတ်ပါ။ နိုင်ငံများစွာတွင် ကိုယ်စားလှယ်လောင်း များအကြားပြိုင်ဆိုင်မှုများသည် ပြင်းထန်ကြပါသည်။ တစ်ဦးနှင့်တစ်ဦးအကြား ကိုယ့်၏အကြံညဏ်များ၊ လုပ်ဆော င်ချက်ကောင်းများကိုတင်ပြရမည့်အစား အတိုက်အခံတစ်ဦးနှင့်တစ်ဦး အပုတ်ချ၊ သိက္ခာကျအောင် ပြုလုပ်ပြော ဆိုစည်းရုံးလေ့ရှိကြပါသည်။ ကောင်းမွန်သော နိုင်ငံရေးဆိုင်ရာမဲဆွယ်စည်းရုံးမှုများတွင်မူ လူအချင်းချင်းဦးတည် ယှဉ်ပြိုင်ကြခြင်းထက် မူဝါဒ သဘောတရားများကိုအဓိကထားပြောဆိုစည်းရုံးကြပါသည်။

- ကျွန်မသည် ထက်မြက်သော မဲဆွယ်စည်းရုံးရေးမှူးကောင်းတစ်ဦးဖြစ်ပါသည်။ မဲဆန္ဒရှင်များသို့ မိမိ၏ မူဝါဒများကို အဓိကထားပြောဆိုကာ မဲဆွယ်စည်းရုံးပါသည်။

# tykdif;(2) toyhmA[kbkwodukpC&nfSSwjcif;

## ၁ ။ ကျား-မ ရေးရာ အမြင်အရ တုန့်ပြန်ထားသော မူဝါဒများ ချမှတ်ရာတွင် သိသင့်သည့် အချက်များ

"ကျား-မရေးရာအမြင်အရတုန့်ပြန်ဆောင်ရွက်ခြင်း" ဆိုသည်မှာအဘယ်နည်း?

ပထမဆုံး "ကျား-မရေးရာအမြင်မရှိခြင်း" ဆိုသည်ကိုဆွေးနွေးပါမည်။ ကျား-မရေးရာအမြင်မရှိသောသူ တစ်ယောက်သည် အမျိုးသားများ၊ အမျိုးသမီးများ၊ ယောကျ်ားလေးများ၊ မိန်းကလေးများအား တစ်စုတည်း အတူတူဖြစ်သည်ဟုရှုမြင်ကာ၊ ၄င်းတို့ကို ပုံစံတစ်မျိုးတည်းဖြင့် စဉ်းစား၊ ဆက်ဆံ၊ လုပ်ကိုင်လေ့ရှိကာ၊ ယင်းကဲ့သို့ တသမတ်တည်း ဆက်ဆံခြင်းကိုပင် "တန်းတူညီမျှမှုရှိသည်" ဟုခံယူလုပ်ကိုင်နေသူ ဖြစ်သည်။ "လူတိုင်းသည် တစ်ဦးနှင့်တစ်ဦးလုံးဝတူညီတဲ့ တစ်ပုံစံတည်းသော (တစ်ပြေးညီ) လုပ်ဆောင်ပေးမှုကိုသာရသင့်သည်" ဟူသော ယင်းအတွေးအခေါ်နှင့် ကျင့်သုံးမှုသည် ကျား-မတန်းတူညီမျှမှုရရှိရေးတွင် ကြီးမားသောအတားအဆီးကို ဖြစ်စေသည်။ ယင်းကျင့်သုံးမှုသည် အမျိုးသမီးများ၏ ခေတ်အဆက်ဆက်ခွဲခြားခံလာရသော အခြေအနေ၊ ဇီဝသဘောအပေါ်အခြေခံကာ ခွဲခြားခံရသောအခြေအနေ (ဥပမာ- အမျိုးသမီးကသာကလေးမွေးနိုင်သည်၊ သို့ အတွက် ကလေးငယ်ကို ပြုစုစောင့်ရှောက်သည့်တာဝန်သည် အမျိုးသမီးများသာ အဓိကပြုလုပ်ရသည်) များကို မျက်ကွယ်ပြုထားပြီး၊ အခွင့်အလမ်းကိုဖမ်းဆုတ်နိုင်မှုတွင် အမျိုးသားနှင့် အမျိုးသမီးသည် တန်းတူညီမျှရှိနှင့်ပြီး ဖြစ်သည်ဟု ယူဆရာရောက်သည်။

ထိုသို့သော ယူဆချက်ကြောင့်ပင် ကျွန်မတို့သည် အမျိုးသား နှင့် အမျိုးသမီးများကို ညီမျှစွာမဆက်ဆံကြပါ။ အမည် ဖော်ပြမထားသော ကိုယ်ရေးရာဇဝင် ဥပမာကို အမှတ်ရစေလိုပါသည်။ အိန္ဒိယရှိကျေးရွာသားများသည် အမျိုးသား မိန့်ခွန်းပြောကြားမှုကို ပိုမိုအမှတ်ပေးခဲ့ကြပြီး ထိုအမျိုးသားကဲ့သို့ပင် လုံးဝတစ်ထပ်တည်း တူညီသောမိန့်ခွန်းကို အမျိုးသမီးပြောကြားသည့်အခါ လျော့နည်းသောအမှတ်ကို ပေးခဲ့ကြပါသည်။ အလားတူ လေ့လာမှုတရပ်ကို ယေးလ်တက္ကသိုလ်(Yale University) မှပြုလုပ်ခဲ့ပါသည်။□ ဓာတ်ခွဲခန်းမန်နေဂျာ ရာထူးအတွက် ကျောင်းသား၊ ကျောင်းသူများ၏အလုပ်လျှောက်လွှာများကို သိပ္ပံပညာရှင်များကလက်ခံရရှိ ကြပါသည်။ ကိုယ်ရေးရာဇဝင် တစ်ခုထည်းကိုပင် အုပ်စုတစ်စုမှ သိပ္ပံပညာရှင်များက အမျိုးသားနာမည်နှင့် ရခဲ့ကြပြီး၊ နောက်အုပ်စုတစ်စုမှ သိပ္ပံပညာရှင်များကတော့ အမျိုးသမီးနာမည်နှင့်ရခဲ့ကြပါသည်။ သုတေသနအဖြေအရ အမျိုးသမီး၏ အလုပ်လျှောက်လွှာကို အမျိုးသားအလုပ်လျှောက်လွှာထက် သိသာစွာ ပိုမိုနိမ့်သောအမှတ်ကို ပေးခဲ့ကြပါသည်။ အလုပ်လျှောက်သူအမျိုးသမီးကိုလည်း အမျိုးသားထက်ပိုနည်းသော လစာငွေကိုကမ်းလှမ်းခဲ့ကြသည်။ အမျိုးသားများနှင့်၊ အမျိုးသမီးအား အလုပ်ခန့်ရန်အတွက် အမှတ်ပေးရွေးချယ် သူများမှာ သိပ္ပံပညာရှင်များဖြစ်ကြသည်။ သိပ္ပံပညာရှင်များသည် ၄င်းတို့၏တိကျမှု၊ ဘက်မလိုက်မှုတို့ကို ယေဘူယျအားဖြင့် ဂုဏ်ယူလေ့ရှိသူများဖြစ်ကြသည်။ သို့ရာတွင် သုတေသနတွေ့ရှိချက်အရ ၄င်းတို့၏ အမူအကျင့်သည် တိကျသော၊ ဘက်လိုက်မှုမရှိသော အမူအကျင့်များမဟုတ်ဘဲ အမျိုးသားနှင့်အမျိုးသမီးအပေါ် တန်းတူညီမျှဖြစ်သောစိတ်ထားကိုလည်း မတွေ့ရပေ။

ယင်းလေ့လာချက်များနှင့် စမ်းသပ်ချက်များကဖော်ပြနေသည့်အချက်မှာ များစွာသောသူတို့ (ကျား၊ မ မဟူ) ၄င်းတို့ကိုယ်တိုင်ပင် မသိပါဘဲ "ကျား-မ ခွဲခြားသော၊ ဘက်လိုက်သောလုပ်ဆောင်မှုများ" ရှိနေသည် ဟူသည့်အချက်ဖြစ်ပါသည်။ ယင်းကဲ့သို့သော ဘက်လိုက်နေသောအတွေးအခေါ်၊ ကျင့်သုံးမှုများကို ဖယ်ရှားပယ် ဖျက်လိုက်ရန်မှာခက်ခဲပါသည်- အကြောင်းမှာ ကျွန်မတို့မွေးစကပင် ယခုအထိ (တစ်ခါတစ်ရံ အလွန်သိမ်မွေ့စွာ)

ရရှိခဲ့သော သတင်းစကားမှာ အမျိုးသားများကပိုမြင့်မြတ်သည်။ ပိုဘုန်းကံရှိသည် ဟုဖြစ်ပါသည်။ ထိုသတင်းစကားများကို လူမှုဝန်းကျင်မှချမှတ်ထားသော စံနှုန်းများမှတစ်ဆင့်လည်း မွေးစကပင် ကျွန်မတို့ သင်ကြားလာခဲ့ကြပါသည်။ ထို့ကြောင့်ပင် ထိုခွဲခြားသော၊ ဘက်လိုက်သောကျင့်သုံးနေမှုများကိုပင် "ဒါဟာမျှတ ညီမျှတယ်၊ ဒီလိုပဲဖြစ်သင့်တယ်" ဟု များစွာသောသူတို့ကယုံကြည်လျက်ရှိနေဆဲပင်ဖြစ်သည်။

ကျား-မရေးရာဘက်လိုက်နေမှုများ ပပျောက်စေပြီး၊ ကျား-မရေးရာကိုထည့်သွင်းစဉ်းစားထားသော အမြင်ရှိရန အတွက် ကျွန်မတို့သည် လောကကို (ကျွန်မတို့လူမှုအသိုင်းအဝိုင်းကို) မျက်မှန်အသစ်တပ်ပြီးကြည့်ရန်လိုပါသည်။ ကျွန်မတို့၏ မျက်စိများကိုဖွင့်၊ နားများကိုစွင့်ကာ အမျိုးသမီးများတွေ့ကြုံနေရသော အတားအဆီးများကို မြင်အောင်ကြည့် တတ်ရပါမည်- ထို့အတူပင်၊ အချို့နေရာများတွင် အတားအဆီးဖြစ်နေသူများမှာ အမျိုးသားများ ဖြစ်နေတတ်ပါသည်။ ကျွန်မတို့သည် နဂိုဖြစ်နေကျပုံစံဖြစ်နေသော၊ မညီမျှမှုများကိုဖြစ်စေသော၊ မညီမျှမှုများကို ထိမ်းသိမ်းထားသည့် အတွေးအခေါ်များ၊ အမူအကျင့်များကို ပြုပြင်ပြောင်းလဲရန် လိုအပ်ပါသည်။ သို့မှသာ "ကျား-မရေးရာအမြင်အရတုန့်ပြန်ဆောင်ရွက်ခြင်း" ဟူသောနေရာသောရောက်ရှိလာမည် ဖြစ်သည်။ အဆိုပါစကားရပ်များကို ထဲထဲဝင်ဝင်ကြည့်ကြပါစို့။

"ကျား-မရေးရာ"(Gender - ဂျန်ဒါ) ဆိုသည့်အဓိပ္ပါယ်ဘာဆိုသည်ကို ကျွန်မတို့သိကြပါသည်။ ရိုးရှင်းစွာပြောရလျှင် ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးထားမှု၊ စံနှုန်းများကို ဇီဝဗေဒအရကွဲပြားမှုထဲသို့ ပေါင်းစပ်ထည့်သွင်းထားခြင်း ဟုသာ ပြောရမည်ဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) က "ကျား၊မရေးရာ" ကို အောက်ပါကဲ့သို့ ဖွင့်ဆို ထားပါသည်။

"ကျား-မရေးရာ (Gender - ဂျန်ဒါ) ဆိုသည်မှာ အမျိုးသမီးဖြစ်ခြင်း၊ အမျိုးသားဖြစ်ခြင်းအပေါ် လူမှုအသိုင်းအဝိုင်း၏ သတ်မှတ်ချက်ဝိသေသလက္ခဏာများဖြစ်သည်။ ယင်းတို့တွင် အမျိုးသား၊ အမျိုးသမီးတို့အတွက် သတ်မှတ်ထားသော စံနှုန်းများ၊ အခန်းကဏ္ဍများ၊ အမျိုးသားနှင့် အမျိုးသမီး အုပ်စုများ အကြား ဆက်ဆံရေး များပါဝင်သည်။ ယင်းသတ်မှတ်ချက် စံနှုန်းများသည် လူမှုအဖွဲ့အစည်းတစ်ခုနှင့် တစ်ခုအကြား မတူညီစွာ ကွဲပြားနေပြီး ယင်းတို့သည် ပြောင်းလဲနိုင်ပါသည်။"□

ကျွန်မတို့သည်ကျား-မရေးရာစံသတ်မှတ်ချက်များကို မည်သို့မြင်ပါသနည်း?- ကျား-မရေးရာစံသတ် မှတ်ချက်များ (gender norms) ဆိုသည်မှာ မည်သည့်အရာက အမျိုးသမီးများအတွက်သင့်လျော်သည်၊ မည်သည့်အရာက အမျိုးသားများအတွက်သင့်လျော်သည် ဟူသောသတ်မှတ်ချက်များ ဖြစ်ပြီး၊ ယင်း သတ်မှတ်ချက်များသည် အချိန်နှင့်အမျှပြောင်းလဲကွာခြားလျက်ရှိသည်။ ဥပမာ- ယခုကာလတွင် အမျိုးသမီးများသာ ဒေါက်မြင့်ဖိနပ်များ စီးပါသည်။ မူလအစက ဒေါက်မြင့်ဖိနပ်များကို အထက်တန်းလွှာမှ အမျိုးသားများ မြင်းစီး၍ အမဲလိုက်ထွက်ရာတွင် စီးရန် ပုံစံရေးဆွဲခဲ့ခြင်း ဖြစ်သည်။ ယင်းတို့သည် ၁၈ ရာစုနှစ် ပြင်သစ်ဘုရင်များ၏ နန်းတွင်းရှိ သူကောင်းမျိုးများအကြား အလွန် ဖက်ရှင်ကျခဲ့သည်။

ယဉ်ကျေးမှုတိုင်းတွင် အတိုင်းအတာတစ်ခုအထိ ကျန်နေခြင်းနှင့် ကျွန်တော်တို့တွင် နက်ရှိုင်းစွာ အမြစ်တွယ်နေသော အမျိုးသားကို လူသားနှင့် တန်းတူ ထားသည့် ခံယူမှုကြောင့် ကျွန်တော်တို့ ကျား-မရေးရာဟု ပြောတိုင်း ကျွန်တော်တို့၏ စိတ်ထဲတွင် အမျိုးသမီးတစ်ဦးကိုသာ ပုံဖော်မိနေပါသည်။ သို့သော် အရေးကြီးသည်မှာ ကျား-မရေးရာဟူသော စကားလုံးသည် ယောကျ်ားများကိုလည်း ရည်ညွှန်းသည်ကို မှတ်မိနေရပါမည်။ လူတိုင်းတွင် ကျား-မရေးရာ အခန်းကဏ္ဍ ရှိပါသည်။ ပုံမှန်အားဖြင့် ကျွန်တော်တို့တွင် မည်သည့် ကျား-မရေးရာ အခန်းကဏ္ဍ ရှိပြီး အမျိုးသားနှင့် အမျိုးသမီး ၂ ဦးလုံးအတွက် မည်သည်က အရေးပါကြောင်း အသိအမှတ်ပြု ရှာဖွေဖော်ထုတ်ခြင်းကို ယဉ်ကျေးမှု၊ ယုံကြည်မှုများနှင့် စံနှုန်းသတ်မှတ်ချက်များက ဆုံးဖြတ်ပေးနေပါသည်။

"ကျား-မရေးရာ" ဟူသော အသုံးအနှုန်းသည် အခြားအခြေအနေတစ်ခုအတွက်လည်း အသုံးဝင်ပါသည်။ ကျွန်တော်တို့တွင် ဇီဝဗေဒသဘောအရ လိင်ဟုခေါ်သော အရာထက် ပို၍ ကျယ်ပြန့်သည့် "ကျား-မရေးရာ" ဟူသော သဘောတရားတစ်ခု ရှိခြင်းသည် လူသားတစ်ဦးဖြစ်ရခြင်းမှာ မည်သို့ဖြစ်သည်ဟူသည်ကို ကျွန်တော်တို့၏ နားလည်မှုအား ကျယ်ပြန့်စေရန် ကူညီပေးပါသည်။ ဥပမာ - လူသားအားလုံးသည် ယောကျ်ားလေး သို့မဟုတ်

မိန်းကလေးဟူသော ခေါင်းစဉ်များ အောက်တွင်သာ ရှိသည် မဟုတ်ပါ။ အချို့မှာ လိင်အင်္ဂါ နှစ်ခုလုံးပါသောသူများဖြစ် ကပါသည်။ ထို့ပြင် မတူညီသော လိင်စိတ်ခံယူမှု ရှိကြပြီး ယင်းကို LGBT ဟုအတိုကောက် ခေါ်ဆိုကြသည် (အမျိုးသမီးချင်းလိင်တူစိတ်ဝင်စားသူ၊ အမျိုးသားချင်း လိင်တူစိတ်ဝင်စား သူ၊ အမျိုးသမီး၊ အမျိုးသားနှစ်မျိုးလုံးကို စိတ်ဝင်စားသူ၊ လိင်ပြုပြင်ပြောင်းလဲ ထားသူ)။ ထို့ကြောင့် ကျား-မ ရေးရာ သည် တစ်ဖက်တွင် ကျွန်တော်တို့၏ လူ့အဖွဲ့အစည်းတွင် အချိန်ကာလတစ်ခု၌ "ကျား"ဖြစ်ခြင်း နှင့် "မ"ဖြစ်ခြင်းအပေါ် စံသတ်မှတ်ချက်များကို ညွှန်းဆိုပြောကြားသလို၊ အခြားတစ်ဖက်တွင်လည်း ကွဲပြားသော လိင်စိတ်ခံယူမှု ရှိသူများအတွက် ပြောဆိုသည်။

တုံ့ပြန်ဆောင်ရွက်ခြင်း(responsive) ဆိုသည်မှာအဘယ်နည်း? "တုံ့ပြန်ဆောင်ရွက်ခြင်း" ဆိုသည် မှာ အခြားလူများ၏လိုအပ်ချက်များ၊ အမျိုးသမီးများ၏လိုအပ်ချက်များ၊ အမျိုးသားများ၏လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားတတ်သော စိတ်နေစိတ်ထား၊ သဘောထား ရှိခြင်းကိုဆိုသည်။ ထို့ကြောင့် "ကျား-မရေးရာ တုံ့ပြန်ဆောင်ရွက်ခြင်း" တွင် ကျွန်ုပ်တို့သည်-

၁။ လက်ရှိ အမျိုးသား၊ အမျိုးသမီး၊ ယောကျာ်းလေးနှင့် မိန်းကလေးများအပေါ်သတ်မှတ်ထားသော စံနှုန်းများ၊ ပုံသေကားကျယူဆချက်များကို သိရှိရန်ပြုခြင်း

၂။ ယင်းစံနှုန်း နှင့် ပုံသေကားကျယူဆချက်များသည် ကျွန်ုပ်တို့လုပ်ဆောင်လိုသောအချက်များကို အပြည့်အဝ လုပ်ဆောင်ခွင့်မရဘဲ အကန့်အသတ်ခံရနိုင်ခြင်းဟုသိမြင်ခြင်း

၃။ အမူအကျင့် နှင့် ကျင့်သုံးမှု၊ ဥပမာ- အမျိုးသမီးနှင့်အမျိုးသားများ မိန်းကလေးနှင့် ယောကျာ်းလေးများ၊ LGBT တို့၏ ကွဲပြားသောလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားထား သော ရေးသားထားသောမူဝါဒများချမှတ်ခြင်း

ဥပမာ- ကျား-မ ရေးရာအမြင် ထည့်သွင်းထားသော ရာသီဥတု ပြောင်းလဲခြင်း ကုစားရေး လုပ်ဆောင်ချက်

**23rd Conference of the Parties to the (UN Framework Convention on Climate Change)** ကမ္ဘာ့ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်မူ ဘောင်တွင်ပြောကြားခဲ့သော ပြောကြားချက်ဖြစ်သည်။

**Sheila Oparaocha, ENERGIA** နိုင်ငံတကာအဖွဲ့အစည်း:

ENERGIA သည် ကျား-မရေးရာနှင့်ရေရှည်တည်တံ့ခိုင်မြဲသည့် စွမ်းအင်များအတွက် လုပ်ကိုင်ဆောင်ရွက်နေသည့် အပြည်ပြည်ဆိုင်ရာကွန်ယက်တစ်ခုဖြစ်ပြီး၊ စွမ်းအင်တည်ငြိမ်ရေးအတွက် အာရှနှင့် အာဖရိကရှိနိုင်ငံပေါင်း ၁၈ နိုင်ငံရှိအဖွဲ့အစည်းပေါင်း ၃၆ ဖွဲ့နှင့်လက်တွဲလုပ်ကိုင်လျက်ရှိပါသည်။ ကျွန်ုပ်တို့အဖွဲ့၏ရည်ရွယ်ချက်တွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအတွက် စရိတ်နည်း လောင်စာစွမ်းအင်ပံ့ပိုးမှုမှ တစ်ဆင့် အမျိုးသမီးများအား ဆင်းရဲတွင်းမှလွတ်မြောက်စေရန်၊ ယင်းမှတဆင့် အမျိုးသမီးများ၏ စွမ်းရည် မြင့်မားလာစေရန် ရည်ရွယ်ပါသည်။

နှစ် ၂၀ အတွင်း ကျွန်မတို့သည် အစိုးရအဖွဲ့အစည်းများနှင့် အလုပ်တွဲလုပ်ကာ အမျိုးသားအဆင့် စွမ်းအင်မူဝါဒများ ရေးဆွဲခြင်းကို စွမ်းအင်ဌာနများ နှင့် ပူးပေါင်းရေးဆွဲခြင်း၊ ကျေးလက်လျှပ်စစ်အေဂျင်စီများနှင့် အတူတကွ လက်တွဲအလုပ်လုပ်ခြင်းများပြုလုပ်ခဲ့ပါသည်။ ကျွန်မတို့၏အလုပ်များ၏အခြေအနေကို သုံးသပ် ဆန်းစစ်ပါက၊ အလွန်ဝေးလံ ခေါင်သီသောဒေသများ၊ အလွန်အခက်အခဲဖြစ်နေသောအုပ်စုများ၊ အမေ့လျော့ခံအုပ်စုများ (ဘေးဖယ်ခံထားရသော အုပ်စုများ) ကို ထိရောက်စွာပံ့ပိုးဆောင်ရွက်ပေးခြင်းများ မရှိသည်ကိုတွေ့ရသည့်အတွက် ကျွန်မတို့၏ ဦးတည်အုပ်စုကို မပြည့်မှီဟုပြောရမည်ဖြစ် သည်။

ကျွန်မတို့သည် စွမ်းအင်ဝန်ဆောင်မှုဖြန့်ဖြူးသည့်စံနစ်တွင် အမျိုးသမီးများကို စွန့်ဦးတီထွင်လုပ်ငန်းရှင်များအဖြစ် ထည့်သွင်းပါဝင်စေပါသည်- အမျိုးသမီးစွန့်ဦးတီထွင်များ၏ စွမ်းအင်ဆိုင်ရာ တန်ဖိုးမြင့် လုပ်ဆောင်ချက်များ တိုးတက်အောင်လုပ်ဆောင်ခြင်းဖြင့် အမျိုးသမီးများ၏ ဝင်ငွေတိုးလာစေခြင်း၊ အခြားတစ်ဖက်တွင်လည်း၊ အမျိုးသမီးအများစု လုပ်ကိုင်နေသောလုပ်ငန်းများ အထူးသဖြင့် လယ်ယာ စိုက်ပျိုးရေးကဏ္ဍနှင့် အလုပ်လုပ်ကိုင်ခြင်း၊ စိုက်ပျိုးရေးထုတ်ကုန်များ အထွက်တိုးအောင် စွမ်းအင်နှင့် ဆက်စပ်သောပံ့ပိုးမှုများလုပ်ဆောင်ခြင်းများပြုလုပ်ပါသည်။ ပြီးခဲ့သော သုံးနှစ်အတွင်း ကျွန်မတို့အဖွဲ့သည် စွန့်ဦးတီထွင်အမျိုးသမီးပေါင်း ၄၀၀၀ကျော်နှင့် အလုပ်လုပ်ခဲ့ပါသည်။ သူတို့၏လုပ်ငန်းများ ၂၀ ရာခိုင်နှုန်းကျော်တိုးတက်လာခဲ့ကာ၊ စွမ်းအင်ဆိုင်ရာထုတ်ကုန်များကို လူ ၂.၆သန်းသို့ ဖြန့်ဖြူးနိုင်ခဲ့ပါသည်။

ယင်းကဲ့သို့အောင်မြင်ရခြင်းသည် မည်သူမျှ (အစိုးရအပါအဝင်၊ မည်သည့်ပုဂ္ဂလိကမျှ) မရောက်ရှိနိုင်သော၊ သွားရောက် အလုပ်မလုပ်နိုင်သော စွန့်စားရသည့်နေရာများကိုသွားရောက်ကာ စွမ်းအင်များပံ့ပိုးပေးနိုင်ခဲ့ခြင်း ကြောင့်ဖြစ်ပါသည်။ ယခုအခါ ကျွန်မတို့တွင် ယင်းဒေသများတွင် စွမ်းအင်ဝန်ဆောင်မှုပေးနေသော အမျိုးသမီးများရှိလာပြီဖြစ်သည်။ အိမ်တွင် "ဆိုလာများ" တတ် ဆင်လာနိုင်ခြင်းသည် အမျိုးသမီးများ စာဖတ်နိုင်ခြင်း၊ မီးဖြင့်ထမင်းချက်နိုင်ခြင်း၊

## ၂။ ကျား-မ ရေးရာအမြင် ပေါင်းစပ်ထည့်သွင်း လုပ်ဆောင်ခြင်း (Gender mainstreaming) တွင် ရှိသိသင့်သည့် အချက်များ

"ပေါင်းစပ်ထည့်သွင်းလုပ်ဆောင်ခြင်း (mainstreaming)" ဆိုတာဘာကိုပြောပါသနည်း? အဘိဓာန်တွင် ယင်းကို "ဘုံတူညီမှုရှိ သောကျင့်သုံးမှု" ဟုဘာသာပြန်ဆိုထားပါသည်။ ဆိုရပါမူ "ပေါင်းစပ်ထည့်သွင်း လုပ်ဆောင်ခြင်း" ဆိုသည်မှာ တစ်စုံတစ်ရာကို အားလုံးတွင်ဘုံတူညီမှုဖြစ်အောင် တူညီသောကျင့်သုံးလက်ခံမှုကို ပြောင်းလဲ ဖြစ်စေခြင်း ဟုဆိုရပါလိမ့်မည်။

"ကျား-မရေးရာအမြင်ပေါင်းစပ်ထည့်သွင်းလုပ်ဆောင်ခြင်း (gender mainstreaming)" သည် သဘောတရား တစ်ရပ်ဖြစ်ပြီး၊ ယင်း သဘောတရားကို ပြန့်ပွားစည်ပင်အောင် ကုလသမဂ္ဂ အပါအဝင် အဖွဲ့အစည်းအသီးသီးမှ ဆယ်စုနှစ်များစွာကတည်းက လုပ်ဆောင်ခဲ့ကြပါသည်။ ကုလသမဂ္ဂ၏ အဓိပါယ်ဖွင့်ဆိုချက်အရ "ကျား-မရေးရာ အမြင်ပေါင်းစပ်ထည့်သွင်းလုပ်ဆောင်ခြင်း ဆိုသည်မှာ ကျား-မတန်းတူညီမျှရေးတိုးတက် ရန်အတွက် အပြည်ပြည် ဆိုင်ရာနိုင်ငံတကာမှလက်ခံကျင့်သုံးနေသော ဗျူဟာတစ်ရပ်ဖြစ်ပါသည်။ ကျား-မ တန်းတူညီမျှရေး ရည်မှန်းချက် ကိုရရှိရန်အတွက်နည်းလမ်းတစ်ခု ချဉ်းကပ်နည်းတစ်ခုဖြစ်ပါသည်။ ယင်းအတွက် လုပ်ဆောင်မှုအဆင့်တိုင်းတွင် ကျား-မရေးရာအလေးပေးသောအမြင်ဖြင့်ကြည့်မြင်ရန်လိုအပ်ပါသည်။ စီမံကိန်း၊ စီမံချက်၏အဆင့်တိုင်း ဆိုသည် မှာ- မူဝါဒဖော်ဆောင်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ တိုက်တွန်းပြောဆိုခြင်း၊ ဥပဒေပြုခြင်း၊ အရင်းအမြစ်များ ခွဲဝေခြင်း၊ အစီအစဉ်ချခြင်း၊ လက်တွေ့အကောင်အထည် ဖော်ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်း" ဟူသော အဆင့်အားလုံးကိုဆိုလိုသည်။

ပေါင်းစပ်ထည့်သွင်းလုပ်ဆောင်ခြင်းဆိုရာဝယ် လက်ရှိလုပ်ငန်းအစီအစဉ်တွင် "အမျိုးသမီး" ကို သို့မဟုတ်"ကျား-မ တန်းတူညီမျှရေး"ကိုအကြောင်းအရာတရပ်၊အစီအစဉ်တရပ်အဖြစ်ထည့်သွင်းခြင်းမျှကိုဆိုလိုခြင်းမဟုတ်ပါ။ယင်းသည် "အမျိုးသမီးများ၏ပူးပေါင်းပါဝင်မှု တိုးတက်လာသည်" ဟူသောအချက်ထက် များစွာ ကျယ်ပြန့်နက်နဲပါသည်။ ကျား-မတန်းတူညီမျှမှု၏ အဓိက အခရာကျမှုသည် နိုင်ငံရေး၊ မူဝါဒ ဆုံးဖြတ်ချက် ချမှတ်မှုများ၊ ရေတို-ရေလတ်အစီအမံများ၊ ဘတ်ဂျက်ခွဲဝေမှုများနှင့် အဖွဲ့တွင်း ဖွဲ့စည်းပုံ နှင့် ဖြစ်စဉ်များ ပေါ်တွင် တည်မှီပါသည်။ တနည်း အားဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်၏အဆင့်တိုင်းတွင် အမျိုးသမီးနှင့် အမျိုးသားတို့၏ ပါဝင်မှု၊ ကိုယ်စားပြုမှု၊ ဆုံးဖြတ်ချက်ချမှု နှင့် အကျိုးခံစားခွင့်ရှိမှုတို့ကို သေချာစေသော မူဝါဒ၊ ဗျူဟာ နှင့် ပန်းတိုင်များ ပြောင်းလဲချမှတ်လာမှုကို ကျား-မရေးရာသဘောတရားများပေါင်းစပ်ထည့်သွင်းခြင်းမှ တစ်ဆင့်သာရရှိ ဖော်ဆောင် မည်ဖြစ်ပါသည်။ ယင်းအတွက် အဖွဲ့အစည်းများရှိ ဖွဲ့စည်းပုံ၊ လုပ်ထုံးလုပ်နည်း၊ ဌာနတွင်းယဉ်ကျေးမှု (ထုံးစံ) တို့ကို ကျား-မတန်းတူညီမျှမှုကိုဖော်ဆောင်သည့် ယဉ်ကျေးမှု၊ ပတ်ဝန်းကျင်ဖြစ်ရန် ပြောင်းလဲရပါမည်။[26]

ကုလသမဂ္ဂ စားနပ်ရိက္ခာအဖွဲ့ (FAO) တွင် စားနပ်ရိက္ခာဖူလုံရေးစီမံချက်များအတွက် ကျား-မရေးရာအမြင်ပေါင်းစပ်ထည့်သွင်းလုပ်ဆောင်ရန် (Guide to mainstreaming gender in FAO's project cycle.) ဟူသည့်လမ်းညွှန်စာအုပ်ကောင်းတစ်အုပ်ရှိပါသည်။ □

ဥပမာ- FAO နှင့် ကျား-မရေးရာသဘောတရားများကို ပေါင်းစပ်ထည့်သွင်းခြင်း

The Grameen Krishi (Agricultural) Foundation (GKF) ကို ၁၉၉၁ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်တွင် the Grameen Bank မှတည်ထောင်ခဲ့ပါသည်။ GKF သည် လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက် ရေးအတွက် ရေသွယ်မှုများ၊ စုငွေချေးငွေများ နှင့် ဝန်ဆောင်မှုများပံ့ပိုးပေးခြင်းများမှတစ်ဆင့် လုပ်ဆောင်ပါသည်။ ယင်းဖောင်ဒေးရှင်း၏ ကျားမရေးရာမဟာဗျူဟာကို ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ ပထမတွင် အမျိုးသားများသာ GKF ၏သီးနှံ ထုတ်လုပ်ရေးတွင်ပါဝင်နိုင်ပြီး၊ အမျိုးသမီးများသည် ၎င်းတို့၏ရိုးရာဓလေ့အတိုင်း အိမ်တွင်းအခြေပြု အိမ်တွင်းမှုလုပ်ငန်းလေးများ (ဆန်ဖွတ်ခြင်း၊ အသေးစားတစ်နိုင်တစ်ပိုင် မွေးမြူရေးစသည်) ကိုသာ လုပ်ကိုင်ကြရပါသည်။ တဖြည်းဖြည်း နှင့် GKF သည် သီးနှံထုတ်လုပ်ရေးတွင် အမျိုးသမီးများ၏ အရေးပါသော အခန်းကဏ္ဍကို သတိပြုမိလာပါသည်။ ယင်းသတိပြုမိခြင်းသည် အသိအမှတ်ပြုခြင်းဖြစ်လာပြီး GKF ၏ ကျားမရေးရာမဟာဗျူဟာသည် ၎င်းစီမံချက်၏ ရေသွင်းမှုများ၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများအား အမျိုးသမီးလယ်သမားများအဖြစ်လက်ခံဦးတည်ကာ ပါဝင်စေခဲ့ခြင်းဖြင့် ၎င်းတို့၏ ကျားမရေးရာ မဟာဗျူဟာကို ပြောင်းလဲခဲ့ပါသည်။ လယ်ယာမြေ၊ ရေအရင်းအမြစ် အသုံးချနိုင်မှု၊ မျိုးစေ့၊ ရင်းနှီးမတည်ငွေ၊ ဓာတ်မြေဩဇာ နှင့် ဈေးကွက်လိုအပ်ချက်များ ပံ့ပိုးပေးမှုတို့ကို အမျိုးသမီးများရရှိကြခြင်းဖြင့် လယ်ယာစိုက်ပျိုးရေးထုတ်လုပ်မှုတွင် အမျိုးသမီးများ၏ လက်လှမ်းမီမှုမှာ တိုးမြင့်လာပါသည်။ အမျိုးသမီးများသည် ယခင်ရှေးရိုးအတိုင်းလုပ်နေကျအလုပ်များထက်ပိုသော ဝင်ငွေများကို လယ်ယာစိုက်ပျိုးရေးမှရရှိကြပါသည်။

ကျား-မရေးရာအမြင်များကိုပေါင်းစပ်ထည့်သွင်းလုပ်ဆောင်ခြင်း သည် ကျား-မရေးရာတန်းတူညီမျှမှု အတွက် မူဝါဒများဆိုင်ရာအခြေခံလိုအပ်ချက်တစ်ခုဖြစ်ပါသည်။ ထိရောက်သောပေါင်းစပ်ထည့်သွင်းခြင်းကို ရရှိနိုင်ရန်အတွက် စီမံကိန်းတွင်ပြုလုပ်သောလုပ်ဆောင်ချက်များအားလုံးတွင် "ကျား-မရေးရာအမြင်များ"ကို မျက်ခြေမပြတ်ဂရုပြုကာ ထည့်သွင်းလုပ်ဆောင်ရန်လိုအပ်သည်။ "ကျား-မရေးရာသဘောတရားအမြင်များ" ဆိုရာ မည်သည့်မူဝါဒများ၊ စီမံကိန်းများ၊ တိုက်တွန်းချက်များလုပ်ဆောင်သည်ရာတွင် ပထမဦးစွာ အလေးထားရမည့်အချက်သည် ယင်းကျင့်သုံးနေသည့် မူဝါဒ၊ စီမံကိန်း၊ နှင့် တိုက်တွန်းချက်များသည် အမျိုးသမီး၊ အမျိုးသား၊ မိန်းကလေး နှင့် ယောက်ျားလေးများအပေါ် မည်သည့်အကျိုးသက်ရောက်မှုကို ဖြစ်စေသလဲ ဟူသောအချက်ဖြစ်ပါသည်။ ယင်းကဲ့သို့ မတူညီသည့်အကျိုးသက်ရောက်မှုများကို ဆန်းစစ်ခြင်းဖြင့် "မြင်သာသော ကျား-မရေးရာအမြင် ထည့်သွင်းခြင်း"ကို ဖြစ်စေပါသည်။

ယင်းသည်အလွန်ရိုးရှင်းလွယ်ကူသည်ဟုထင်ရသော်လည်း လှည့်ကွက်အနည်းငယ်ပါရှိပါသည်။ လုပ်ငန်းအစီအစဉ်များ မလုပ်ခင်မှာပင် ယင်းလုပ်ဆောင်ချက်၏ လူများအပေါ်အကျိုးသက်ရောက်နိုင်ခြေကိုဆန်းစစ်ရသည်။ ယင်းအတွက် စီမံကိန်းမစခင် စီမံကိန်းဇရိယာရှိလူအများ၏ အခြေအနေ ဆန်းစစ်ချက် -အမျိုးသားများ၊ အမျိုးသမီးများ၊ ယောက်ျားလေးများ၊ မိန်းကလေးများ၏ အခြေအနေဆန်းစစ်ချက်-ကို (ပုံသေကားကျ ထင်မြင်တွေးဆချက်များပေါ်တွင် အခြေမခံဘဲ) တကယ့်သတင်းအချက်အလက်များအပေါ်တွင် အခြေခံကာပြုလုပ်ရပါမည်။ ယင်းအတွက် ကျား-မ ခွဲခြားထားသည့် သတင်းအချက်အလက်များကို ရရှိရန်သည် အလွန် အရေးကြီးပါသည်။

စီမံချက် သို့မဟုတ် စီမံကိန်းတစ်ခုကို ကျား-မရေးရာရှုထောင့်မှ အကဲဖြတ်ရန်အတွက် အောက်ပါ မေးခွန်းများ မေးရပါသည်။[28]

၁။ သင်ဖြေရှင်းရန်ကြိုးစားနေသောပြဿနာတွင် အမျိုးသမီးများ၊ အမျိုးသားများ၊ မိန်းကလေးများ နှင့် ယောကျ်ားလေးများ၏ အမြင်များကို ထည့်သွင်းရှုမြင်ထားပါသလား?

၂။ စီမံကိန်း၏လုပ်ဆောင်ချက်များသည် ဦးတည်အုပ်စုကို ရည်ရွယ်ထားပါသလား?

၃။ စီမံကိန်းမှလုပ်ဆောင်မည့်လုပ်ဆောင်ချက်များတွင် အမျိုးသမီးများ၊ အမျိုးသားများ၊ ယောကျ်ားလေး နှင့် မိန်းကလေးများ၏ မတူညီသောလိုအပ်ချက်များကို ရှင်းရှင်းလင်းလင်းမြင်ပါရဲ့လား?

၄။ စီမံကိန်း ဦးတည်အုပ်စုတွင်ပါဝင်သည့် အမျိုးသမီးများ နှင့် အမျိုးသားများ၊မိန်းကလေးများ နှင့် ယောကျ်ားလေးများ၏ ပါဝင်မှုအချိုးအစားမှာ ဘယ်လောက်ပါလဲ?

၅။ ရည်ရွယ်သည့် ရလဒ်ရရှိရန်အတွက် လုပ်ဆောင်ချက်များသည် ကျား၊မ မတူသည့်အလျောက် ကွဲပြားသည့် လုပ်ဆောင်ချက်များလုပ်ဆောင်ရန်လိုအပ်ပါသလား?

၆။ လုပ်ဆောင်မည့်စီမံချက်သည် မတူညီသောအုပ်စုများ - အမျိုးသား၊ အမျိုးသမီး၊ ယောကျ်ားလေးမိန်းကလေး များကို ဦးတည်ပါရဲ့လာ?

---

ပြန်လည်စဉ်းစားသုံးသပ်ရန် - ခြိုးခြံချွေတာခြင်း၏အကျိုးဆက်များအားတိုင်းတာခြင်း

ရန်ပုံငွေအခက်အခဲရှိသဖြင့် သင့်မဲဆန္ဒနယ်ရှိကျောင်းတစ်ကျောင်းကိုပိတ်သိမ်းတော့မည်ဖြစ်ပြီး၊ ယင်းကျောင်းမှ ကျောင်းသားများသည် အနီးအနားကျေးရွာရှိကျောင်းကို ပြောင်းတက်ကြရမည်ဖြစ်သည်။ ထို့ကြောင့် ကျောင်းသားများသည် နေ့စဉ် ၁-၂ နာရီကြာအောင် အနီးအနားကျေးရွာရှိကျောင်းကိုသွားကြရမည်ဖြစ်သည်။
ကျောင်းပိတ်လိုက်ရသည့်အတွက် ရွာရှိမိန်းကလေးများ၊ ယောကျ်ားလေးများ၊ မိန်းမများ နှင့် ယောကျ်ားလေးများ အပေါ် ကျရောက်နိုင်ခြေရှိသည့် အကျိုးဆက်များကိုဖော်ပြ ရေးချပါ။
အစိုးရသည် အခွန်ငွေပိုလိုအပ်သည့်အတွက် စွမ်းအင်သုံးစွဲရေးအပေါ် အခွန်နှုန်းထားအသစ်များ ကောက်ခံမည် ဖြစ်ပါသည်။ လျှပ်စစ်နှင့် လောင်စာဆီတို့မှ ရရှိသောအခွန်ငွေသည် ၁၀ ရာခိုင်နှုန်းမြင့်တက်လာပါလိမ့်မည်။
ယင်းသည် သင့်မဲဆန္ဒနယ်ရှိအမျိုးသမီး နှင့် အမျိုးသား၊ မိန်းကလေး နှင့် ယောကျ်ားလေးများအပေါ် မည်ကဲ့သို့ သက်ရောက်မှုရှိမည်နည်း?

---

## ၃ ။ ကျား-မရေးရာ အမြင်အရ တုန့်ပြန်ထားသော ဘဏ္ဍာရေး ခွဲဝေလျာထား သတ်မှတ်မှု (Gender Responsiv Budgeting - GRB) အကြောင်းသိသင့်သည့်အချက်များ

ကျား-မရေးရာအမြင်များ ပေါင်းစပ်ထည့်သွင်းလုပ်ဆောင်မှု၏ အရေးကြီးသည့်အစိတ်အပိုင်းတစ်ခုသည် ကျား-မရေးရာအမြင်အရတုန့်ပြန်ထားသော ဘဏ္ဍာရေးခွဲဝေလျာထားသတ်မှတ်မှု (gender responsive budgeting)

ဖြစ်ပါသည်။ ယင်းသည် အမျိုးသမီးများအတွက် သီးသန့်ရည်ရွယ်ထားသော ဘတ်ဂျက်ဖန်တီးရန် မရည်ရွယ်ပါ။ Wiki-Gender အရ ကျား-မရေးရာအမြင်အရတုန့်ပြန်ထားသော ဘဏ္ဍာရေးခွဲဝေလျာထားသတ်မှတ်မှုသည် - □

- "စတင်စဉ်းစားခြင်း၊ အစီအစဉ်ချမှတ်ခြင်း၊ အတည်ပြုချက် ပေးအပ်ခြင်း၊ လက်တွေ့ဆောင်ရွက်ခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ ခွဲခြားဆန်းစစ်ခြင်း၊ ဘဏ္ဍာရေး စာရင်းစစ်ခြင်း" စသည့် ဖြစ်စဉ်များကို ကျား-မရေးရာ အမြင်ဖြင့် ထည့်သွင်းစဉ်းစား၊ ဆောင်ရွက်ခြင်း ကိုဆိုလိုသည်။
- ယင်းတွင် အမျိုးသမီးနှင့် မိန်းကလေးငယ်များအတွက်အသုံးပြုသော လက်တွေ့ကုန်ကျသည့် (များသောအားဖြင့်အစိုးရ၏) အသုံးစရိတ် နှင့် အမျိုးသား နှင့် ယောကျာ်းလေးများအတွက်အသုံးပြုသည့် အသုံးစရိတ်တို့ကို နှိုင်းယှဉ် ခွဲခြားဆန်းစစ်ခြင်း ပါဝင်သည်။
- မူဝါဒများ ရေးဆွဲခြင်း၊ ပြန်လည်ချိန်ညှိခြင်း၊ ဦးစားပေးကဏ္ဍများပြန်လည် သတ်မှတ်ခြင်း တို့ကို မည်ကဲ့သို့ ဆုံးဖြတ်ရမည်ကို အစိုးရများအား ကူညီပေးသည်။
- ခွဲဝေမှုများသည် မူဝါဒ ကတိကဝတ်များနှင့် ကိုက်ညီမှု ရှိမရှိ၊ လိုအပ်သော အကျိုးသက်ရောက်မှု ရမရ တို့ကို စစ်ဆေးနိုင်မည့် ထိရောက်သော မူဝါဒ အကောင်အထည်ဖော်မှုများ အတွက် ကိရိယာတစ်ခု ဖြစ်သည်။

Wiki-Gender သည် ကျား-မရေးရာအမြင်ထည့်သွင်းထားသော ဘဏ္ဍာရေးခွဲဝေလျာထားသတ်မှတ်မှု၏ အဆင့်ငါးဆင့် ကို စာရင်းပြုစုထားသည် □

၁။ ကဏ္ဍတစ်ခုတွင် အမျိုးသမီး နှင့် အမျိုးသားများ၊ မိန်းကလေး နှင့် ယောကျ်ားလေးများ (နှင့် မတူညီသောအုပ်စုခွဲများ) ၏ အခြေအနေအပေါ် ခွဲခြားဆန်းစစ်ခြင်း

၂။ ပထမအဆင့်တွင် ဖော်ပြထားသော ကျား-မရေးရာ ကိစ္စရပ်များနှင့် ဟာကွက်များကို ကဏ္ဍ၏ မူဝါဒက မည်မျှအထိ ဖြေရှင်းသည်ကို အကဲဖြတ် ဆန်းစစ်မှု။ ဤအဆင့်တွင် သက်ဆိုင်သော ဥပဒေများ၊ မူဝါဒများ၊ စီမံချက်များ၊ နှင့် အစီအစဉ်များကို အကဲဖြတ်ဆန်းစစ်မှု ပါဝင်သင့်သည်။ ယင်းတွင် ရေးသားထားသော မူဝါဒများသာမက အစိုးရ၏ လုပ်ဆောင်မှုများတွင် ထင်ဟပ်နေသည့် မထင်ရှားသော မူဝါဒများကို ခွဲခြားဆန်းစစ်မှု ပါဝင်သည်။ ယင်းတွင် အမျိုးသမီးများ၏ လူမှုစီးပွားနှင့် အခြား အခွင့်အရေးများကို အထက်ပါ အချက်များက ဖြည့်ဆည်းပေးနေသည့် အတိုင်းအတာကို သုံးသပ်မှု ပါဝင်သင့်သည်။

၃။ အထက် အဆင့် ၂ တွင်ဖော်ပြထားသော ကျား-မရေးရာအမြင်ထည့်သွင်းထားသည့် မူဝါဒနှင့်စီမံကိန်းများ အကောင်အထည်ဖော်ရန်အတွက် လုံလောက်သောဘတ်ဂျက်ခွဲဝေ လျာထားမှု အပေါ်လေ့လာဆန်းစစ်မှု။

၄။ ခွဲဝေထားသောဘတ်ဂျက်များကို လျာထားချက်အတိုင်း သုံးစွဲမှုရှိမရှိ၊ မည်သူ့ကို ဘယ်လောက်ခွဲ ဝေသည်၊ မည်သို့ အသုံးပြုသည်တို့ကို စောင့်ကြည့်လေ့လာခြင်း။ ယင်းတွင် ဘဏ္ဍာငွေကြေးအား စစ်ဆေးခြင်းအပြင်၊ ရုပ်ဝတ္ထုပစ္စည်းများ ကိုစစ်ဆေးခြင်း နှစ်မျိုးလုံးပါဝင်သည်။ (ကျား-မ ခွဲခြားထားသော ကိန်းကဏန်း အချက်အလက်များ)

၅။ မူဝါဒ၊ စီမံကိန်း၊ မူဘောင်များ၏ အကျိုးသက်ရောက်မှုနှင့် အဆင့် ၁ တွင်ဖော်ပြထားသော အခြေအနေများ ပို၍ကောင်းသော ကျား-မရေးရာ တန်းတူညီမှုထံ ဦးတည်ချက်သို့ မည်မျှအထိ ပြောင်းလဲလာသည်ကို အကဲဖြတ်ဆန်းစစ်မှု။

"အာရှပစိဖိတ်ဒေသအတွင်း ကျာ-မရေးရာအမြင်ထည့်သွင်းထားသော ဘဏ္ဍာရေးခွဲဝေလျာထားသတ်မှတ်မှု GRB ဆိုင်ရာ သဘောတရားများနှင့် အမူအကျင့်ကောင်းများ (၂၀၁၈ခုနှစ် ကုလသမဂ္ဂ၏အစီရင်ခံစာ)"□ သည် ဒေသတွင်းနိုင်ငံအသီးသီး၏ မတူညီသော ဘတ်ဂျက်ငွေကြေးခွဲဝေလျာထားမှုများကို လေ့လာထားပါသည်။ မြန်မာနိုင်ငံသည် ကျားမရေးရာအမြင်ထည့်သွင်းထားသောဘဏ္ဍာရေးအသုံးစရိတ် ဆိုင်ရာကဏ္ဍတွင် တိုးတက်မှု အချို့ကိုတွေ့ရသော်လည်း၊ ဖိလစ်ပိုင်သည် အဆိုပါကဏ္ဍတွင် ဒေသတွင်း ဦးဆောင်မှုပြုနေသော နိုင်ငံဖြစ်ပါသည်။

ဥပမာ- ဖိလစ်ပိုင် နှင့် ကျား-မရေးရာအမြင်ထည့်သွင်းထားသောဘဏ္ဍာရေးခွဲဝေလျာထားသတ်မှတ်မှု

GRB ထည့်သွင်းလုပ်ဆောင်နေသော ဘတ်ဂျက်စက်ဝန်း၏ အဆင့်များ - ရေးဆွဲခြင်း၊ ဥပဒေပြုခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စာရင်းစစ်ဝင်ခြင်း/ပြန်လည်သုံးသပ်ခြင်း

အဓိကတိုက်တွန်းဦးဆောင်သူ - ဖိလစ်ပိုင် အမျိုးသမီး ကော်မရှင် (Philippine Commission on Women - PCW)

အောင်မြင်မှုအတွက် အချက်များ - ခိုင်မာအားကောင်းသော အဖွဲ့အစည်းမူဘောင်ရှိခြင်း၊ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကို စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် တာဝန်ခံမှုရှိသော စနစ်ယန္တရားများ

၁။ အခြေအနေ - ဖိလစ်ပိုင်သည် ကျာ-မရေးရာအမြင်ထည့်သွင်းထားသော ဘဏ္ဍာရေး ခွဲဝေလျာထား သတ်မှတ်မှုကို နိုင်ငံတော်အဆင့်နှင့် ဒေသန္တရအဆင့်များတွင် ပေါင်းစပ်ကျင့်သုံးခဲ့သည်မှာ ဆယ်စုနှစ် နှစ်ခုကျော် ရှိခဲ့ပြီဖြစ်သည်။

လက်ရှိ "ကျား-မရေးရာနှင့် ဖွံ့ဖြိုးတိုးတက်မှု (Gender and Development - GAD) ဘတ်ဂျက်မူဝါဒ" သည် Magna Carta of Women (၁၉၉၉) အပါအဝင် အခြားသောဥပဒေဆိုင်ရာ လုပ်ပိုင်ခွင့် ညွှန်ကြားချက်များ မှတဆင့် တိုးတက် ဖြစ်ပေါ်လာသည်။ အဆိုပါ မူဝါဒအရ အစိုးရအဖွဲ့အစည်းများအားလုံးသည် ၄င်းတို့ နှစ်အလိုက် ဘတ်ဂျက်လျာထားမှု၏ အနည်းဆုံး ၅ ရာခိုင်နှုန်းကို ကျား-မရေးရာဆိုင်ရာ ကိစ္စရပ်များအား ဆောင်ရွက်ပေးရန်အတွက် ခွဲဝေချထားရန် လိုအပ်ပါသည်။ ရည်ရွယ်ချက်မှာ ထို ၅% မှ ကျန် ၉၅% အပေါ် လွှမ်းမိုးမှု ဖြစ်စေရန် ဖြစ်သည်။

၂။ အကောင်အထည်ဖော်ခြင်း - အစိုးရအဖွဲ့အစည်းများသည် နှစ်စဉ် GAD အစီအစဉ်နှင့် ဘတ်ဂျက် သာမက အစီရင်ခံစာ တစ်ခုကိုပါ ထုတ်လုပ်ပေးရန် လိုအပ်သည်။ ထိုအဖွဲ့အစည်းများအတွက် နည်းပညာပံ့ပိုးမှုများ နှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း ထောက်ပံ့မှုများကို PCW က သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အကြံပေးဝန်ဆောင်မှုများ၊ လမ်းညွှန်မှုများရေးသားခြင်း များမှတစ်ဆင့် ပေးအပ်ပါသည်။ PCW အပြင် GAD ဘတ်ဂျက် မူဝါဒ အကောင်အထည်ဖော်မှုကို စောင့်ကြည့်နေသည့် အဖွဲ့အစည်းများတွင် ဘတ်ဂျက်နှင့် စီမံခန့်ခွဲမှု ဌာန၊ ပြည်ထဲရေးနှင့် ဒေသန္တရအစိုးရ ဌာန၊ နိုင်ငံတော်အဆင့် စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အာဏာပိုင်အဖွဲ့၊ နှင့် စာရင်းစစ်ကော်မရှင်တို့ ပါဝင်သည်။

ဖိလစ်ပိုင်နိုင်ငံ GRB ၏ ထူးခြားချက်တစ်ခုမှာ ကျား-မရေးရာအမြင်ဖြင့် စာရင်းစစ်ဆေးခြင်း (gen-

"ကမ္ဘာ့စီးပွားရေးဖိုရမ် The World Economic Forum" မှ ကျား-မရေးရာအမြင်ထည့်သွင်းထားသည့် ဘဏ္ဍာငွေကြေး ခွဲဝေလျာထားမှုအတွက် လမ်းညွှန်မှုအချို့ကိုပြဆိုထားပါသည်။[32]

- ဥပဒေကြောင်းအရဘောင်ဝင်အောင်ပြုထားခြင်းသည်အရေးပါသည်။- ဘဏ္ဍာငွေကြေး ခွဲဝေလျာထားမှုအတွက် ဥပဒေအရဘောင်ဝင်နေခြင်းသည် အရေးကြီးသောခေါင်းဆောင်ပိုင်း၊ အစိုးရ အပြောင်းအလဲရှိစေကာမူ စဉ်ဆက်မပြတ်သော ငွေကြေးထောက်ပံ့မှုကို သေချာစေပါသည်။ ဩစတေးလျနိုင်ငံ၊ ဘိုလေးဗီးယားနိုင်ငံ၊ ရဝမ်ဒါနိုင်ငံတို့တွင် ကျား-မ ရေးရာအမြင်လွှမ်းသည့် ဘဏ္ဍာငွေကြေး ခွဲဝေလျာထားမှုကို ၎င်းတို့၏ အခြေခံဥပဒေတွင် ထည့်သွင်းရေးဆွဲထားပါသည်။

- စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုသည်အရေးကြီးသည်။- လေ့လာဆန်းစစ် ချက်များအရ "စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန" ၏ဦးဆောင်မှု ခိုင်မာကောင်းမွန်ပါက ကျား-မရေးရာအမြင်လွှမ်းသည့် ဘဏ္ဍာငွေကြေး ခွဲဝေလျာထားမှုသည် ပိုမိုတည်မြဲမ်ကာ သက်တမ်းရှည်ကြောင်း တွေ့ရှိရပါသည်။ (ဥပမာ- အယ်လ်ဘားနီးယားနိုင်ငံ၊ ကိုးရီးယားနိုင်ငံ၊ ယူဂန်ဓါနိုင်ငံ)

- အရပ်ဖက်လူမှုအဖွဲ့အစည်း၊ ကျား-မရေးရာဝန်ကြီးဌာန နှင့် အခြားဝန်ကြီးဌာနများ၊ လွှတ်တော်နှင့် ပညာရေး တို့သည် အဓိကပါဝင်ပတ်သက်သူများဖြစ်ကြသည်။ တီမောလက်စ်တွင်၊ ဝန်ကြီးချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များသည် အရေးကြီးသည့် ဆုံးဖြတ်ချက်များ (resolutions) အောင်မြင်အောင် ပြုရာတွင် အဓိကအရေးပါသူများဖြစ်ကြသည်။ ဗြိတိန်နိုင်ငံတွင် Women's Budget Group ကို ၁၉၈၀ ခုနှစ်တွင် စတင်တည်ထောင် ခဲ့ပြီး၊ အစိုးရဘတ်ဂျက်ခွဲဝေလျာထားမှုများကို နှစ်စဉ် လေ့လာဆန်းစစ်မှုများ ပြုလျက်ရှိသည်။

- နိုင်ငံတော်အဆင့်ဖွံ့ဖြိုးမှုအစီအစဉ်များ သို့မဟုတ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ နှင့် ချိတ်ဆက်မှု ရှိပါစေ။ မော်ရိုကိုနိုင်ငံ၊ အာဖဂန်နစ္စတန်နိုင်ငံတို့တွင် အစောပိုင်းတွင်၎င်းတို့၏ နိုင်ငံတော်အဆင့်ဖွံ့ဖြိုး တိုးတက်မှုအစီအစဉ်များကို ထောင်စုနှစ်ပန်းတိုင်များနှင့်ချိတ်ဆက်ကာ ယခုတွင် ၎င်းတို့၏ ရည်ရွယ်ချက်များကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ နှင့်ဆက်လက် ချိတ်ဆက်ရေးဆွဲချမှတ်ခဲ့ပါသည်။

- အခွန်ငွေထမ်းခြင်းကဏ္ဍကို မမေ့မလျော့ အလေးထားပါ။- နိုင်ငံအများစုသည် "သုံးစွဲမှု" အပိုင်းကိုသာ အာရုံစိုက်ကြကာ၊ "အခွန်ငွေထမ်းခြင်း" မေ့လျော့ထားကြပါသည်။ အမှန်မှာ အခွန်ငွေထမ်းခြင်း ကဏ္ဍသည် အမြဲအားဖြင့် ကျား-မတန်းတူညီမျှမှုရှိနေသည်မဟုတ်ပေ။ ဩစတေးလျနိုင်ငံသည် ၎င်း၏ကျား-မတန်းတူညီမျှရေးဆိုင်ရာရည်မှန်းချက်များတွင် လည်းကောင်း၊ အခြားနိုင်ငံများ (ဖင်လန်၊ အိုင်ယာလန် နှင့် စပိန်နိုင်ငံတို့) တွင်လည်းကောင်း၊ ၎င်းတို့နိုင်ငံ၏ ဝင်ငွေနှင့်အခွန်မူဝါဒများကို ကျား-မရေးရာအမြင် ရှုထောင့်မှ လေ့လာမှုများပြုလုပ်ခဲ့ကြသည်။

- အစိုးရ၏နေရာအဆင့်တိုင်းတွင် လုပ်ဆောင်ရန်အခန်းကဏ္ဍကိုယ်စီရှိပါသည်။ ယူဂန်ဓါနိုင်ငံ၏ "Local budget clubs" သည် အစိုးရ၏တာဝန်ခံယူ နှင့် ဦးစားပေးမှုများ ဆိုင်ရာတို့ကို နိုင်ငံသားတိုင်း တက်ရောက်ဆွေးနွေးနိုင်စေရန် လမ်းဖွင့်ထားသည်။ အိန္ဒိယနိုင်ငံသည် မူလတန်းအဆင့်ကျောင်းဝင်ခွင့် တိုးမြင့်လာစေရေးဆောင်ရွက်ရန် လိုအပ်သောဘဏ္ဍာငွေကြေး ခွဲဝေမှုကို သေချာစေခြင်းဖြင့် ကျား-မတန်းတူညီမျှရေး ကို ဆောင်ရွက်သည်။

## ၄။ အမျိုးသမီးနိုင်ငံရေးသမားများအတွက် "ကိုတာစနစ်" အကြောင်း သိသင့်သည့် အချက်များ

စီဒေါကွန်ဗင်းရှင်း အပိုဒ် ၄ တွင် တန်းတူညီမျှမှုလျင်မြန်စွာ ရရှိစေရေးအတွက် ယာယီအထူးလုပ်ဆောင်ချက်များ ဆောင်ရွက် ပေးရန်နှင့် အပိုဒ် ၇ တွင် နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသမီးနှင့် အမျိုးသားများ နိုင်ငံရေးတွင် တန်းတူညီမျှပါဝင်မှုရှိစေရေး ဆောင်ရွက်ပေးရန်ဟူ၍ ဖော်ပြထားပါသည်။ ကွန်ဗင်းရှင်းတွင် အချိန်ကာလ သတ်မှတ်ထားသည့် ရည်မှန်းချက် ဖော်ပြထားခြင်းမရှိပါ။ စီဒေါကွန်ဗင်းရှင်းရေးဆွဲစဉ်ကတည်းကပင် ကုလသမဂ္ဂက ၁၉၉၅ ခုနှစ် ဘေဂျင်းညီလာခံတွင် အမျိုးသမီးများ နိုင်ငံရေးတွင်ပါဝင်မှုမှာ ၃၀% ရှိရမည်ဟု ရည်မှန်းချက်ချမှတ်ခဲ့ပြီး ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ် မတ်လတွင် ကုလသမဂ္ဂစီဒေါ ကော်မတီနှင့် ပါလီမန် အဖွဲ့အစည်း (IPU) တို့က ၂၀၃၀ ပြည့်နှစ်တွင် အမျိုးသမီးဦးဆောင်မှု ၅၀% ဖြစ်ရမည်ဟု ပူးတွဲ ကြေညာချက် ထုတ်ပြန်ခဲ့ပါသည်။□

အဆိုပါ ပန်းတိုင်များသည် အထူးလုပ်ဆောင်ချက်များ မရှိဘဲ အောင်မြင်နိုင်မည်မဟုတ်ပါ။ တိုးတက်မှုမြန်ဆန်စေရန်အတွက် စီဒေါကွန်ဗင်းရှင်းကပြဋ္ဌာန်းထားသည့် အထူးလုပ်ဆောင်ချက်အနေဖြင့် အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်နိုင်စေရေး ကိုတာစနစ်ထားရှိရန် နိုင်ငံအမြောက်အများက ချမှတ်ခဲ့ပါသည်။ "ကိုတာစနစ်" တွင် အဓိက သုံးမျိုးရှိပါသည် -

(၁) ဥပဒေပြုရာတွင် ထည့်သွင်းသည့် "ကိုတာစနစ်" - လွှတ်တော်ထဲတွင် အမျိုးသမီးများအတွက် သတ်မှတ်ထားသော ပမာဏဖြင့် နေရာဖယ်ထားပေးခြင်း။

(၂) ဥပဒေပြု ရွေးကောက်ခံကိုတာစနစ် - နိုင်ငံရေးပါတီများက ရွေးကောက်ပွဲတွင် သတ်မှတ်ထားသည့် အမျိုးသမီး ပမာဏအား တင်သွင်းရွေးကောက်ခံစေခြင်း။

(၃) ပါတီမှ ဆန္ဒအလျောက်ပေးသည့် "ကိုတာစနစ်" - ပါတီများက လွှတ်တော်ရွေးကောက်ပွဲတွင် ၎င်းတို့၏ စာရင်း၌ သတ်မှတ်ထားသည့် အမျိုးသမီးပမာဏအား ဆန္ဒအလျောက် ထည့်သွင်းပေးခြင်း။

အထက်ပါအားလုံးတွင် အားနည်းချက်နှင့် အားသာချက်များရှိကြသော်လည်း နိုင်ငံအများအပြား၏ လွှတ်တော်ထဲတွင် ပိုမို အကျုံးဝင်မှု ရှိစေရန်အတွက် အသုံးပြုခဲ့ကြပါသည်။ ပါတီမှ ဆန္ဒအလျောက်ပေးသည့် ကိုတာစနစ်တွင် ပါတီနှင့် လွှတ်တော်နှစ်မျိုးလုံး၌ အမျိုးသမီးများအတွက် နေရာဖန်တီးပေးရန် ပြောင်းလဲပေးနိုင်သည့် အကျိုးကျေးဇူး ရှိပါသည်။ ပြီးခဲ့သော ရွေးကောက်ပွဲစနစ်၏ အစောပိုင်းကာလတွင် ပါတီများက အမျိုးသမီးများအား နိုင်ခြေရှိသည့် ရွေးကောက်ခံနယ်မြေများအတွက် ရွေးချယ်ကြရန်အရေးကြီးပါသည်။ ထိုသို့မဟုတ်ပါက အမျိုးသမီးများအား ရွေးကောက်ပွဲ ဝင်ရန် ရွေးချယ်ခြင်းက အပြောင်းအလဲတစုံတရာဖြစ်နိုင်မည်မဟုတ်ပါ။

International IDEA က ကမ္ဘာတဝှမ်းလုံးရှိ နိုင်ငံအသီးသီးတွင် ကျင့်သုံးသည့် ကျား၊ မ ရေးရာကိုတာစနစ်ဆိုင်ရာ သတင်းအချက်အလက်နှင့် ပတ်သက်သည့် အွန်လိုင်းဒေတာစနစ်ကို ပံ့ပိုးပေးပါသည်။□

---

ပြန်လည်စဉ်းစားသုံးသပ်ရန် - မြန်မာနိုင်ငံနှင့် အမျိုးသမီးများအတွက်ကိုတာစနစ်

ဖော်ထုတ်ရန် - နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်မှု တိုးမြင့်ရန်အတွက် မြန်မာနိုင်ငံသည် ကိုတာစနစ်ကို အသုံးပြုပါသလား? ကျွန်မတို့၏ ပါတီတွင်းတွင်ရော? ဆန္ဒအလျောက်ပေးသည့် ကိုတာစနစ်ကို မိတ်ဆက်ပေးရန်အတွက် ဆွေးနွေးမှုမျိုး ရှိခဲ့ပြီးပြီလား ?

---

အခွင့်အလမ်း တန်းတူညီမျှမှုကို နားလည်သဘောပေါက်လျှင်အမျိုးသမီးများအတွက် "ကိုတာစနစ်" လိုအပ်မည် မဟုတ်ပါ။ ထိုသို့ ဆိုပါက အမျိုးသမီးများသည် အမျိုးသားများနည်းတူ ရွေးကောက်ခံသူများ၊ နိုင်ငံရေးပါတီများနှင့် ကော်မတီများ၏ ဥက္ကဋ္ဌများ၊ ၎င်းတို့နိုင်ငံ၏ အစိုးရဌာနဆိုင်ရာ ဝန်ကြီးများနှင့် ခေါင်းဆောင်များအဖြစ် အရွေးချယ်ခံနိုင်ရန် ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။ သို့သော် ကျား၊ မ ရေးရာမညီမျှမှု (အိန္ဒိယကျေးရွာပြည်သူများ၊ အမည်မသိ ကိုယ်ရေးအချက်အလက်များ၊ ယေးလ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များ စသည့်ဥပမာများကို သတိရပါ။) ကို ခံစားခဲ့ရသည့်အတွက် အမျိုးသမီးများ ကျင်လည်ရာ နယ်ပယ်သည် အမျိုးသားများနှင့် မတူညီကြပါ။ ဤအချက်က ယာယီအထူးလုပ်ဆောင်ချက် အဘယ်ကြောင့်လိုအပ်သည်ကို ဖော်ပြနေပါသည်။ "တန်းတူ အခွင့်အလမ်း" အနေဖြင့် "ကိုတာစနစ်" ကို ဆောင်ရွက်ခြင်းဖြင့် "တန်းတူရလဒ်" အတွက် အာမခံချက် ရရှိနိုင်စေမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိအမျိုးသမီးများနှင့် အမျိုးသားများ တန်းတူညီမျှရေးတွင် တည်ရှိနေသည့် ကွာဟချက်များ၏ အခြေအနေကို ကောင်းစွာဖော်ပြထားသည့် အကြောင်းအရာအား ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ သန်းခေါင်စာရင်း အစီရင်ခံစာဖြစ်သည့် ကျား၊ မ ရေးရာ ရှုထောင့်မှ သုံးသပ်သည့် အစီရင်ခံစာတွင် တွေ့မြင်နိုင်ပါသည်။□

## ၅။ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူ စာချုပ် (CEDAW) မှသိသင့်သည့်အချက်များ

### ၅.၁။ စီဒေါသဘောတူစာချုပ် (စီဒေါကွန်ဗင်းရှင်း)

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည်။ ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၈ခုနှစ်တွင် ရေးဆွဲခဲ့သည့် လူ့အခွင့်ရေးကြေငြာစာတမ်း (UDHR) သည် ကုလသမဂ္ဂကို လူသိများထင်ရှားစေသည်။

လူ့အခွင့်အရေးကြေငြာစာတမ်း (UDHR) သည် ကုလသမဂ္ဂ ရေးဆွဲခဲ့သည် လူ့အခွင့်အရေးဆိုင်ရာ တစ်ခုတည်း သောစာတမ်းမဟုတ်ပေ။ စီဒေါဟုလူသိများသော "အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေး အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်" (CEDAW)သည် အမျိုးသမီးအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ဥပဒေ တစ်ရပ်ဖြစ်ပါသည်။ ကုလသမဂ္ဂ အထွေထွေညီလာခံသည် ၁၉၇၉ခုနှစ် ဒီဇင်ဘာလတွင် စီဒေါသဘောတူစာချုပ်ကို ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းစာချုပ်တွင် ဥယျောဇဉ် နှင့် အမျိုးသမီးများအားခွဲခြားမှုဆိုင်ရာအခြေခံ အကြောင်းအရာများ ကိုဖော်ပြထားသည့် အပိုဒ် ၃၀ ပါဝင်ပြီး၊ ကျားမတန်းတူညီမျှရေးအတွက် နိုင်ငံတော်မှ တုန့်ပြန်ဆောင်ရွက်ရမည့် နိုင်ငံတော်အဆင့်လုပ်ငန်းအစီအစဉ်များပါဝင်ပါသည်။ စီဒေါစာချုပ်ကို အမျိုးသမီးများနှင့်သက်ဆိုင်သည့်စာချုပ်ဟု ညွှန်းဆိုကြသည်။ အဘယ့်ကြောင့်ဆိုသော် "စီဒေါ" သည်အခြားသဘောတူစာချုပ် များနှင့်မတူဘဲ၊ ဥပဒေများနှင့် စည်းနှောင်ထားသည့် "မူ" (legally-binding principles) ပါဝင်သော၊ အမျိုးသမီးအခွင့်အရေးကို အသိအမှတ်ပြုထား သော "စံ" (standards) ပါဝင်သော စာချုပ်ဖြစ်သော ကြောင့်ဖြစ်ပါသည်။

စကားရပ် - ကြေငြာစာတမ်း (Declaration) and သဘောတူစာချုပ် (Convention)

ကြေငြာစာတမ်း(ဥပမာ- UDHR) နှင့် သဘောတူစာချုပ် (ဥပမာ- စီဒေါ CEDAW) တို့၏ ကွဲပြားခြားနားချက်သည် အဘယ်နည်း?
"ကြေငြာစာတမ်း"သည် ဥပဒေနှင့် စည်းနှောင်ထားခြင်း မဟုတ်၊ သို့ရာတွင် ယင်းကိုမကြာခဏညွှန်းဆိုကြ အသုံးပြုကြကာ၊ နိုင်ငံရေးအရ "သိမ်မွေ့သောဥပဒေ" (soft law) ဟုရှုမြင် ကြပါသည်။
"သဘောတူစာချုပ်" သည် ပိုခိုင်မာ၊ပြင်းထန်သောသဘောရှိပါသည်။ ယင်းသည် ဥပဒေအရ စည်းနှောင်ထားသော၊ အကောင်အထည်ဖော်ရသည့်စာချုပ်စာတမ်းတစ်ရပ်ဖြစ်ပါသည်။ ဆိုလိုသည်မှာ နိုင်ငံတော်အစိုးရ အနေဖြင့် စာချုပ်တစ်ခုကိုသဘောတူကတိကဝတ်ပြုထားပါက (ဥပမာ- စီဒေါ) ယင်းသဘောတူထားသည့် စာချုပ်ပါအချက်အလက်များကို လိုက်နာရန်၊ ကျင့်သုံးရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရတွင် တာဝန်ရှိပါသည်။ နိုင်ငံတော်သည် ယင်းတာဝန်ရှိမှုကို ပြီးမြောက်အောင် ဆောင်ရွက်ရပါမည်။

၁၉၈၂ ခုနှစ်မှစကာ စီဒေါကော်မတီသည် ပုံမှန်အစည်းအဝေးများကျင်းပပြုလုပ်ကာ၊ စာချုပ်ပါ အဖွဲ့ဝင်နိုင်ငံများမှ လေးနှစ်တစ်ကြိမ်တင်သွင်းလာသော စီဒေါအစီရင်ခံစာများကို ဖတ်ရှုကာ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် စာချုပ်ပါ တာဝန်များအား ပြည့်မီဆောင်ရွက်နေမှုများကို သုံးသပ် အကဲဖြတ်မှုများပြုလုပ်ပါသည်။

လေ့ကျင့်ခန်း- မြန်မာ နှင့် စီဒေါ

ကမ္ဘာပေါ်တွင် နိုင်ငံအများစုသည် စီဒေါစာချုပ်ပါအချက်များကို သဘောတူ လိုက်နာကြပါသည်။ အနည်းငယ်မျှသောနိုင်ငံများသာ စီဒေါအဖွဲ့ဝင်နိုင်ငံများမဟုတ်ကြပေ။
ဖြေဆိုရန်-
မြန်မာနိုင်ငံသည် မည်သည့်အချိန်မှစတင်ကာ စီဒေါသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံဖြစ်လာ ပါသနည်း?
မြန်မာနိုင်ငံအစိုးရ၏သည် စီဒေါကော်မတီသို့ နောက်ဆုံးတင်သွင်းခဲ့သော စီဒေါအစီရင်ခံစာကို မည်သည့်ခုနှစ်တွင် တင်သွင်းခဲ့ပါသနည်း?

စီဒေါအဖွဲ့ဝင်နိုင်ငံများမှ အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် ၄င်းတို့၏ "စီဒေါ စင်ပြိုင်အစီရင်ခံစာ" ကို စီဒေါ ကော်မတီသို့ တင်သွင်းလေ့ရှိကြပါသည်။

လေ့ကျင့်ခန်း- မြန်မာနိုင်ငံ နှင့် စီဒေါစင်ပြိုင်အစီရင်ခံစာ

အချက်အလက်ရှာဖွေပါ။

မြန်မာနိုင်ငံမှ အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် "စီဒေါစင်ပြိုင်အစီရင်ခံစာ" ကို တင်သွင်းခဲ့ပါသလား?

တင်သွင်းခဲ့ပါက စီဒေါကော်မတီသို့ နောက်ဆုံးတင်သွင်းခဲ့သော ၎င်းတို့၏ စင်ပြိုင် အစီရင်ခံစာကို ဘယ်နှစ်ခုနှစ်တွင် တင်သွင်းခဲ့ပါသနည်း?

၂၀၀၀ ခုနှစ်တွင် စီဒေါ သဘောတူစာချုပ်တွင် "စီဒေါသဘောတူစာချုပ်၏နောက်ဆက်တွဲ သဘော တူညီချက်" ကို အသစ်ထပ်မံဖြည့်သွင်းခဲ့ပါသည်။ ယင်းနောက်ဆက်တွဲသဘောတူညီချက်သည် အမျိုးသမီးတစ်ဦးဖြစ်စေ၊ သို့မဟုတ် အမျိုးသမီးအစုအဖွဲ့ဖြစ်စေ ၎င်း(တို့)၏အခွင့်အရေးများအားလေးစားမှုမရှိဘဲ၊ ချိုးဖောက်ခံရပါက ၎င်းအမျိုးသမီးတစ်ဦးမှဖြစ်စေ၊ အမျိုးသမီးအစုအဖွဲ့မှဖြစ်စေ စီဒေါကော်မတီသို့ တင်ပြလျှောက်ထားနိုင်သော ယန္တရားတစ်ခုဖြစ်ပါသည်။ မြန်မာသည် စီဒေါကို သဘောတူလက်မှတ်ရေးထိုးထားသော်လည်း၊ ၎င်း "စီဒေါသဘောတူစာချုပ်၏ နောက်ဆက်တွဲသဘောတူညီချက်" ကိုမူ လက်မှတ်ရေးထိုးထားခြင်းမရှိသေးပါ။

စကားရပ် - သဘောတူလက်မှတ်ထိုးခြင်း (Signing) နှင့် ကတိကဝတ်ပြုခြင်း (Ratifying)

"သဘောတူလက်မှတ်ထိုးခြင်း" နှင့် "ကတိကဝတ်ပြုခြင်း" တို့၏ ကွာခြားချက်သည် အဘယ်နည်း?

နိုင်ငံတော်အစိုးရသည် သဘောတူစာချုပ်ကို "လက်မှတ်ရေးထိုးခြင်း (Signing)" ပြီးသောအခါ၊ ၎င်းအနေ ဖြင့် ၎င်းနိုင်ငံ၏အခြေအနေကို စတင်ကြည့်ရှုသုံးသပ်ပါသည်။ သဘောတူစာချုပ်ပါအချက်များကို လိုက်နာ ကျင့်သုံးနိုင်ရန်ရည်သန်၍ လိုအပ်ပါက အစိုးရသည် နိုင်ငံတော်အဆင့်ဥပဒေပြုခြင်း စသည်တို့ကို လုပ်ဆောင် ရန်ကြိုးပမ်းဆောင်ရွက်ပါသည်။ (သဘောတူလက်မှတ်ရေးထိုးပြီးသောအခါ၊ ဖင်လန်နိုင်ငံသည် ကနဦးဆောင်ရွက်မှုအဖြစ် ၎င်းနိုင်ငံ၏ ပြည်ထောင်စုအဆင့်ဥပဒေပြုရေး ကို ပြင်ဆင်ရေးသားဆောင်ရွက်ခဲ့ပါသည်။)

၎င်းကဲ့သို့ လိုအပ်သောပြင်ဆင်မှုများကို ဆောင်ရွက်ပြီးသောအခါ နိုင်ငံတော်သည် သဘောတူစာချုပ်ပါ အချက်အလက်များအားဆောင်ရွက်ရန် အာမခံချက်ပေးကြောင်း အခြားအဖွဲ့ဝင်နိုင်ငံများကို အသိပေး အကြောင်းကြားပါသည်။ ယင်းကို "ကတိကဝတ်ပြုခြင်း (Ratifying)" ဟုခေါ်ပါသည်။

စီဒေါသည် အဖွဲ့ဝင်နိုင်ငံများတစ်နိုင်ငံချင်းကို ၎င်းတို့နိုင်ငံရှိအမျိုးသမီးများ နှင့် မိန်းကလေးငယ်များ၏တန်းတူ ညီမျှမှုရရှိစေရန်အတွက် လက်တွေ့ကျသောလုပ်ဆောင်ချက်၊ လုပ်ငန်းစဉ်ကို ချမှတ်လုပ်ကိုင်နိုင်စေမှုကို ပံ့ပိုးပါ သည်။ စီဒေါသည် အမျိုးသမီးနှင့်မိန်းကလေးငယ်များကို ပညာသင်ကြားလေ့လာစေရေး၊ လူမှုနှင့်ဆုံးဖြတ် ချက်ချနိုင်သောနေရာများတွင်ပါဝင်လာစေရေး၊ ဝင်ငွေရရှိစေရေး၊ အကြမ်း ဖက်မှုလျော့ချရေး၊ ဆင်းရဲမွဲတေမှုလျော့ချရေး၊ ဒီမိုကရေစီစံနှုန်းများ ထွန်းကားရေး နှင့် စီးပွားရေးတိုးတက်အောင်ဆောင်ရွက်ရေး တို့တွင် အခွင့်အလမ်းများရရှိလာအောင် ပံ့ပိုးလုပ်ဆောင်ပါသည်။ စီဒေါစာချုပ်ပါအချက်များကို လေးစားလိုက်နာ ဆောင်ရွက်ရန် ကတိကဝတ်ပြု ထားသောနိုင်ငံများတွင် အမျိုးသမီးများသည် ၎င်းတို့၏အစိုးရနှင့်အတူပူးပေါ

င်း ဆောင်ရွက်ကာ မူဝါများချမှတ်ခြင်းဖြင့် ၎င်းတို့နှင့် ၎င်းတို့မိသားစုများ၏ဘဝများအတွက် အခွင့်အလမ်းများ ဖော်ဆောင်ကာ ပိုမိုလုံခြုံသောဘဝများကို ဖန်တီးကြပါသည်။

ဥပမာ-

- ပညာရေးဆိုင်ရာအခွင့်အလမ်းများ- ဥပမာ- ဘင်္ဂလားဒေ့ရှ် နိုင်ငံသည် စီဒေါစာချုပ်ပါ အချက်အလက်များ ကိုအသုံးပြု၍ မူလတန်းအဆင့်တွင် မိန်းကလေးနှင့် ယောကျ်ားလေးအရေအတွက် တူညီစွာ ကျောင်းဝင်ခွင့် ရရှိရေးကို ၂၀၁၅ခုနှစ်အတွက် ရည်မှန်းချက်ပန်းတိုင် ချမှတ်ကာဆောင်ရွက်ခဲ့ခြင်း၊ အလယ်တန်းအဆင့် ကျောင်းဝင်ခွင့်ရရှိမှုရှိတွင် မိန်းကလေး နှင့် ယောကျာ်းလေးအရေအတွက်ကွာဟမှုကို လျော့ကျအောင် ပြုလုပ်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။
- အမျိုးသမီးနှင့်မိန်းကလေးငယ်များအပေါ်အကြမ်းဖက်မှု- ဥပမာ- မက္ကဆီကိုနိုင်ငံသည် စီဒေါစာချုပ်ပါ သဘောတရားများ၊ စာသားများကိုအသုံးပြုကာ ၎င်းတို့၏ ခိုင်မာထိရောက်မှုမရှိသော အကြမ်းဖက်မှုဆိုင်ရာ ဥပဒေများကို ပြုပြင်ခဲ့ပါသည်။ ၂၀၀၉ ခုနစ်တွင် မက္ကဆီကိုရှိ ပြည်နယ် (၃၂) ပြည်နယ် အားလုံးတွင် ယင်းပြုပြင်မှုကိုလုပ်ဆောင်နိုင်ခဲ့ပါ သည်။
- လက်ထပ်ထိမ်းမြားရေးနှင့် မိသားစုဆက်ဆံရေး- ဥပမာ- ကင်ညာနိုင်ငံသည် စီဒေါစာချုပ် ပါအချက်အလက် များကိုအသုံးပြု၍ မညီမျှသောအမွေဆက်ခံပိုင်ခွင့်၊ မုဆိုးမနှင့် ရောဂါရှိသော သမီးများအား ခွဲခြားမှုများကို ကိုင်တွယ်ဖြေရှင်းခြင်း လျော့ကျအောင် ဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ပါသည်။
- နိုင်ငံရေးတွင်ပါဝင်ဆောင်ရွက်မှု- ဥပမာ- ၂၀၀၅ ခုနှစ် ကူဝိတ်နိုင်ငံ၏လွှတ်တော်တွင် ၎င်းနိုင်ငံ၏ ခွဲခြားမှုရှိ နေသောရွေးကောက်ပွဲဥပဒေရှိ "အမျိုးသမီးများ မဲပေးခွင့်" ကို တိုးမြှင့်ရန် မဲခွဲဆုံးဖြတ်ခဲ့ကြရာတွင် စီဒေါကော်မ တီ၏တိုက်တွန်းအကြံပြုချက်များကို ကိုးကား ဆောင်ရွက်ခဲ့ပါသည်။ □
- နိုင်ငံအများစုသည် စီဒေါသဘောတူစာချုပ်ကို သဘောတူကြောင်းဖော်ပြ၍ဖြစ်စေ သို့မဟုတ် စိတ်ဝင်စား ကြောင်းပြသ၍ဖြစ်စေ၊ နှစ်မျိုးလုံးပြု၍ဖြစ်စေ လက်မှတ်ရေးထိုးခြင်း နှင့် ကတိကဝတ်ပြုခြင်းများအားပြု လုပ်ကြပါ သည်။ ဥပမာ- အယ်ဂျီးရီးယားနိုင်ငံ၊ အီဂျစ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကူဝိတ်နိုင်ငံ၊ လက်ဘနွန် နိုင်ငံ၊ မလေးရှားနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ အိုမန်နိုင်ငံ၊ တူနီးရှားနိုင်ငံ၊ နှင့် တူရကီနိုင်ငံတို့က စီဒေါစာချုပ်ပါ အချက်အလက်များထဲမှ "လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာဥပဒေ" သည် ၎င်းတို့နိုင်ငံ၏ ဘာသာရေးဆိုင်ရာ ရှရီယာ ဥပဒေနှင့်သော်လည်းကောင်း၊ လက်ရှိပြဋ္ဌာန်းဥပဒေများနှင့်သော်လည်းကောင်း ဆန့်ကျင်နေသော အခါ၊ စီဒေါသဘောတူစာချုပ်ကို အဖွဲ့ဝင်နိုင်ငံအဖြစ်ဝင်ရောက်ထားသောလည်း စီဒေါစာချုပ်ကို လက်မှတ် မထိုးဘဲ၊ "စိတ်ဝင်စားကြောင်း"အဆင့်တွင်ပြသကြပါသည်။
- 

  မြန်မာနိုင်ငံသည် စီဒေါသဘောတူစာချုပ်၏ အပိုဒ် ၂၉ (၁) ကို စိတ်ဝင်စားကြောင်း အဆင့်တွင်ရှိကြောင်း စာဖြင့်အကြောင်းကြားထားပါသည်။

ပြန်လည်စဉ်းစားသုံးသပ်ရန် - မြန်မာနိုင်ငံ၏ စီဒေါသဘောတူစာချုပ်တွင် "စိတ်ဝင်စားကြောင်း" ပြသထားခြင်း
အပိုဒ် ၂၉

"မြန်မာနိုင်ငံအစိုးရသည် အောက်ဖော်ပြပါအချက်ထဲမှ အပိုဒ် ၁ ကို လိုက်နာကျင့်သုံးရန် ကတိကဝတ် ပြုထားခြင်း (Ratifying) မရှိပါ။"

၁။ ယခုသဘောတူညီချက်စာချုပ်ကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင်ဖြစ်စေ၊ လျှောက်ထားရာတွင်ဖြစ်စေ၊ စာချုပ်အဖွဲ့ဝင်နိုင်ငံ အကြားတွင်ဖြစ်စေ၊ ထိုထက်ပိုမိုသော နိုင်ငံများအကြားတွင်ဖြစ်စေ၊ ပေါ်ပေါက်လာသည့် မည်သည့် အငြင်းပွားမှုကိုမဆို စေ့စပ်ညှိနှိုင်းခြင်းအားဖြင့် မဖြေရှင်းနိုင်ပါက ခုံရုံးဖွဲ့၍ဆုံးဖြတ်ပေးရန်၊ အဆိုပါတင်သွင်း သောနေ့မှ (၆) လအတွင်း ခုံရုံးဖွဲ့၍မရပါက အပြည်ပြည်ဆိုင်ရာတရားရုံးသို့ အဆိုပါနိုင်ငံများ၏ တရားရုံး ဥပဒေအဆင့်ဆင့်နှင့်အညီ လွှဲပေးနိုင်သည်။

၂။ လက်ရှိသဘောတူညီချက်ကို လက်မှတ်ရေးထိုးသောအချိန် (သို့မဟုတ်) လိုက်နာကျင့်သုံးမည်ဟု ကတိ ကဝတ်ပြုသော အချိန် (သို့မဟုတ်) လက်ခံသောအချိန်တွင် ယခုအပိုဒ်၊ အပိုဒ် (၁) ပါ အချက်နှင့်အညီ ခံဝန်ချက်လုပ်ထားခြင်းကို စဉ်းစားမည်မဟုတ်ကြောင်း နိုင်ငံတိုင်းကကြေငြာနိုင်သည်။ မည်သည့်အဖွဲ့ဝင် နိုင်ငံကမဆို ထားရှိသော အဆိုပါခြွင်းချက်နှင့် စပ်လျဉ်း၍ အခြားနိုင်ငံများသည် ထိုအပိုဒ်နှင့် ချည်နှောင်ထားခြင်း မရှိစေရ။

၃။ ဤအပိုဒ်၏ အပိုဒ် (၂) နှင့်အညီ ခြွင်းချက်ထားရှိသော နိုင်ငံတိုင်းသည် ထိုခြွင်းချက်ကို ရုပ်သိမ်းလိုပါက ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံ အချိန်မရွေး အကြောင်းကြားနိုင်သည်။
ကိုးကား - အမျိုးသမီးများအဖွဲ့ချုပ် (ဗမာပြည်)

## ၅.၂။ စီဒေါအစီရင်ခံစာတင်သွင်းခြင်းလုပ်ငန်းစဉ်

အထက်တွင်ဖော်ပြသကဲ့သို့ပင် အဖွဲ့ဝင်နိုင်ငံတိုင်းသည် ၄င်းတို့၏စီဒေါစာချုပ်ပါအချက်အလက်များအကောင် အထည်ဖော်နေမှုအခြေအနေအား စီဒေါကော်မတီသို့ ကနဦးအစီရင်ခံစာတင်သွင်းခြင်းနှင့် လေးနှစ်တစ်ကြိမ် အစီရင်ခံစာတင်သွင်းခြင်းတို့မှတစ်ဆင့် တင်ပြကြပါသည်။ စီဒေါကော်မတီတွင် လွတ်လပ်သော ကျွမ်းကျင်ပညာရှင် (၂၃) ဦးပါဝင်ပါသည်။ ၄င်း (၂၃) ဦးသည် စီဒေါစာချုပ်ပါ အချက်အလက်များ အကောင်အထည်ဖော်နေမှု အခြေအနေများကို တင်သွင်းလာသော အစီရင်ခံစာများအပေါ်အခြေခံ၍ သုံးသပ် အကဲဖြတ်ကြပါသည်။ လုပ်ငန်းစဉ်အဆင့်များမှာ-

၁။ အစိုးရ၏စီဒေါအစီရင်ခံစာအားပြင်ဆင်ခြင်း/ စီဒေါစင်ပြိုင်အစီရင်ခံစာပြင်ဆင်ခြင်း

- အဖွဲ့ဝင်နိုင်ငံတိုင်းသည် ၄င်းတို့၏ စီဒေါစာချုပ်ပါအချက်အလက်များအကောင်အထည်ဖော်နေမှု အခြေ အနေအား စီဒေါကော်မတီသို့ ကနဦးအစီရင်ခံစာတင်သွင်းခြင်းနှင့် လေးနှစ်တစ်ကြိမ် အစီရင်ခံစာတင် သွင်းခြင်းတို့မှတစ်ဆင့် တင်ပြကြပါသည်။

၂။ ပဏာမ ဆွေးနွေးချက် (အချက်အလက်များ၊ မေးခွန်းများထုတ်နှုတ်ခြင်း)

- ပဏာမဆွေးနွေးချက် လုပ်ငန်းကော်မတီတွင် အဖွဲ့ဝင် (၅) ယောက်မှ (၁၀) ယောက်ပါဝင်ကာ၊ တင်သွင်း လာသောအစီရင်ခံစာများကိုသုံးသပ်ခြင်း၊ အရေးကြီးသောအချက်အလက်များထုတ်နှုတ်ခြင်း၊ မေးခွန်းများ ပြင်ဆင်ခြင်းတို့ပြုလုပ်ကြပါသည်။

၃။ ထုတ်နှုတ်ထားသောအချက်အလက်များ၊ မေးခွန်းများကိုပေးပို့ပြန်ကြားခြင်း

- ထုတ်နှုတ်ထားသော အချက်အလက်များနှင့်မေးခွန်းများကို သက်ဆိုင်ရာအစိုးရဆီသို့ပေးပို့ကာ သက်ဆိုင်ရာအစိုးရမှ လိုအပ်သောသတင်းအချက်အလက်များနှင့် မေးခွန်းများကိုဖြေဆိုကာ သတင်း (၆)ပတ် အတွင်း ပြန်လည်ပြန်ကြားပေးပါရန်တောင်းဆိုထားပါသည်။

၄။ အပြုသဘောဆောင်သော အပြန်အလှန် ဆွေးနွေးမှုများ

- စီဒေါကော်မတီသည် ပြန်လည်ပေးပို့သော သတင်းအချက်အလက်များ ဖြေကြားချက်များကို သုံးသပ်ပြီး နောက်၊ စီဒေါကော်မတီနှင့် သက်ဆိုင်ရာနိုင်ငံ၏အစိုးရတို့ မျက်နှာချင်းဆိုင်ဆွေးနွေးမှုများ ပြုလုပ်ကြ ပါသည်။

၅။ စီဒေါကော်မတီ၏အနှစ်ချုပ်သုံးသပ်ချက်

- ယင်းအနှစ်ချုပ်သုံးသပ်ချက်တွင် စီဒေါကော်မတီ၏ အရေးကြီးထောက်ပြလိုသောအချက်များ၊ တိုက်တွန်း အကြံပြုချက်များပါဝင်ပါသည်။ စီဒေါကော်မတီသည် အထွေထွေအကြံပြုချက်များကို လည်းဖော်ပြထား ပါသည်။ ယင်းတို့သည် (အကြောင်းအရာတစ်ရပ်အပေါ်) နိုင်ငံအားလုံးကို ခြုံငုံသုံးသပ်ထားသော အကြံပြုချက်များ ဖြစ်ပါသည်။

စီဒေါလုပ်ငန်းစဉ်အားလွှမ်းမိုးရန် သုံးသပ်နေစဉ်ကာလအတွင်းပြုလုပ်နိုင်သောနည်းလမ်းသွယ် ၃ ခုရှိပါသည်။

၁။ အစီရင်ခံစာတင်သွင်းခြင်း သို့မဟုတ် သက်ဆိုင်ရာသတင်းအချက်အလက်အား ပဏာမ ဆွေးနွေးချက်လုပ်ငန်းကော်မတီသို့ ပေးပို့ခြင်း။

၂။ ပဏာမဆွေးနွေးချက်လုပ်ငန်းကော်မတီဆွေးနွေးပွဲသို့တက်ရောက်ခြင်း နှင့် လိုအပ်သောသတင်း အချက်အလက်ပံ့ပိုးခြင်း။

၃။ စီဒေါစင်ပြိုင်အစီရင်ခံစာတင်သွင်းခြင်း။ □

---

ပြန်လည်စဉ်းစားသုံးသပ်ရန် - စီဒေါနှင့် သာမာန်အမျိုးသမီးတစ်ဦး

ကိုယ်မသိတဲ့အခြားနိုင်ငံတစ်ခုကရှေ့နေများရေးဆွဲထားတဲ့သဘောတူညီမှုစာချုပ်နဲ့ ပတ်သက်တဲ့ ပြောဆို ချက်တွေဟာ သင့်အတွက် ရှုပ်ထွေးကောင်းရှုပ်ထွေးနေပါလိမ့်မည်။
မြန်မာနိုင်ငံရှိလူများ၏ဘဝတွင် ဤသဘောတူစာချုပ်ကိုမည်သို့လက်ခံကျင့်သုံးကြမည်နည်း?
ဥပမာတစ်ခုစဉ်းစားရန်-
စီဒေါသဘောတူစာချုပ်သည် မြန်မာနိုင်ငံရှိအမျိုးသမီး တစ်ဦး သို့မဟုတ် မိန်းကလေးငယ် တစ်ဦး၏ ဘဝအပေါ် အဘယ်ကဲ့သို့ အကျိုးသက်ရောက်မည်နည်း?

---

## ၆။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များနှင့် ပတ်သက်၍ သိသင့်သည့် အချက်များ

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များကို ၂၀၁၂ ခုနှစ်တွင် အစပြု ဆောင်ရွက်ခဲ့ကြပါသည်။ ဦးတည်ချက်မှာ ကျွန်ုပ်တို့ ကမ္ဘာမြေကြီး၏ သဘာဝပတ်ဝန်းကျင်၊ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ အရေးပေါ် စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်သည့် ပန်းတိုင်များ ချမှတ်ဆောင် ရွက်ရန်ဖြစ်ပါသည်။ အဖွဲ့ဝင်နိုင်ငံများသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များကို သဘော

တူညီခဲ့ကြပြီး အဆိုပါ ပန်းတိုင်များအား ၂၀၁၆ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ကြပြီး ၂၀၃၀ ထိ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များသည် ကမ္ဘာမြေကြီးအား ကာကွယ်ရာတွင် ၎င်း၏ ကြွယ်ဝမှုကို မြှင့်တင်လုပ်ဆောင်နိုင်ရေးအတွက် ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်နိုင်ငံများအားလုံးကို ခေါ်ယူကာ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သဖြင့် စုစည်းညီညွတ်မှု ရှိပါသည်။ ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးအတွက်လုပ်ဆောင်ရာတွင် စီးပွားရေးမြှင့်တင်ဆောင်ရွက်ခြင်းနှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ အစရှိသည့် လူမှုရေး လိုအပ်ချက်များအား ဖြေရှင်းဆောင်ရွက်ခြင်း မဟာဗျူဟာများနှင့် ဟန်ချက်ညီညီ လုပ်ဆောင်ရမည်ဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း ကိုင်တွယ်ကြရမည်ဖြစ်ပါသည်။

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်တွင် - ၁) ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ ၂) ငတ်မွတ်ခေါင်းပါးမှု မရှိရေး၊ ၃) ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုရရှိရေး၊ ၄) အရည်အချင်းပြည့်ဝသော ပညာရေး ရရှိရေး၊ ၅) ကျား၊ မ တန်းတူ ညီမျှမှုရှိရေး၊ ၆) သန့်ရှင်းသောသောက်သုံးရေနှင့် မိလ္လာစနစ်ရရှိရေး၊ ၇) လူတိုင်းလက်လှမ်းမီမှုရှိပြီး သန့်ရှင်းသော စွမ်းအင် ရရှိရေး၊ ၈) သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် စီးပွားရေးဖွံ့ဖြိုးမှု ရရှိရေး၊ ၉) စက်မှုလုပ်ငန်း၊ ဆန်းသစ်တီထွင်မှုနှင့် အခြေခံအဆောက်အအုံမြှင့်တင်ရေး၊ ၁၀) မညီမျှမှုများ လျော့နည်းသွားစေရေး၊ ၁၁) ရေရှည်တည်တံ့သော မြို့ပြဒေသများနှင့် ကျေးလက်လူမှု အဖွဲ့အစည်းများထူထောင်ရေး၊ ၁၂) တာဝန်သိစွာစားသုံးမှုပုံစံဖြစ်ပေါ်စေရေး၊ ၁၃) ရာသီဥတု ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရေး၊ ၁၄) ရေအောက်သက်ရှိလောက ထိန်းသိမ်းစောင့်ရှောက်ရေး၊ ၁၅) မြေပေါ်သက်ရှိလောက ထိန်းသိမ်းစောင့်ရှောက်ရေး၊ ၁၆) ငြိမ်းချမ်းရေးနှင့် တရားမျှတမှုတည်ဆောက်ရေး၊ ၁၇) ရည်မှန်းချက်များအားလုံးအတွက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေး စသည့် ပန်းတိုင်စုစုပေါင်း ၁၇ ခု ရှိပါသည်။ ရည်မှန်းချက် ပန်းတိုင်များသည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေကြောင်း ရှင်းလင်းစွာ တွေ့မြင်ရပါသည် - ဆင်းရဲနွမ်းပါးမှုပပျောက်လျှင် ငတ်မွတ်ခေါင်းပါးမှုမရှိနိုင်ပါ၊ ထို့ကြောင့် အကြောင်းအရာတစ်ခု၏ အကျိုးဆက်သည် အခြားအကြောင်းအရာတစ်ခုပေါ်တွင် သက်ရောက်မှုရှိနေပါသည် - ကျား၊ မ တန်းတူညီမျှမှုရှိလျှင် မညီမျှမှုများ လျော့နည်းသွားမည်သာ ဖြစ်ပါသည်။

ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် အင်တာနက်စာမျက်နှာတွင် - "အမျိုးသမီးများနှင့် အမျိုးသမီး ငယ်များအား ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်များအား တန်းတူလက်လှမ်းမီ ရရှိစေရန်နှင့် နိုင်ငံရေး၊ စီးပွားရေးတွင် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များ၌ ကိုယ်စားပြုမှုများ ရှိစေရန်ပံ့ပိုးပေးခြင်းဖြင့် စဉ်ဆက်မပြတ်စီးပွားရေးတိုးတက်မှု၊ လူမှုအသိုက်အဝန်း အကျိုးကျေးဇူး ရရှိစေမှုနှင့် လူသားချင်း စာနာထောက်ထားမှုများ မြင့်တက်လာမည်ဖြစ်သည်" ဟု ဖော်ပြထားပါသည်။ လုပ်ငန်းခွင်တွင်း အမျိုးသမီးများ၏ တန်းတူညီမျှမှုဆိုင်ရာဥပဒေမူဘောင်သစ်အား အကောင်အထည်ဖော်ခြင်းနှင့် အမျိုးသမီးများအား ပစ်မှတ်ထားသည့် ထိခိုက်နစ်နာစေသော အလေ့အထ များ ပပျောက်စေခြင်းတို့သည် ကမ္ဘာတစ်ဝှမ်းလုံးရှိ နိုင်ငံအများအပြားတွင် ကြုံတွေ့နေရသည့် ကျား၊ မ အခြေပြု အကြမ်းဖက်မှု များအား အဆုံးသတ်စေရေးအတွက် အဓိကကျပါသည်။□

ပြန်လည်စဉ်းစားသုံးသပ်ရန် - ထိခိုက်နစ်နာစေသော အလေ့အထများ

ထိခိုက်နစ်နာစေသော အလေ့အထများဆိုသည်မှာအဘယ်နည်း? ကုလသမဂ္ဂသည် ကျား-မ တန်းတူ ညီမျှရေးနှင့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏ အခွင့်အရေး စသည်တို့ ဖြည့်ဆည်းဆောင်ရွက်ရာတွင် အဟန့်အတားဖြစ်နေသည့် ရိုးရာဓလေ့ထုံးတမ်းများကို စာရင်းပြုစုထားပါသည်။ ၎င်းတွင် ကလေးသူငယ်ထိမ်းမြားမှု၊ အတင်းအကြပ်လက်ထပ်စေမှု၊ လက်ထပ်ကြေးတင်တောင်းမှုနှင့် သက်ဆိုင် သည့် အကြမ်းဖက်မှု သို့မဟုတ် ထိပါးနှောင့်ယှက်မှု၊ အမျိုးသမီး လိင်အင်္ဂါဖြတ်တောက်မှု၊ ဂုဏ်သိက္ခာ ကြောင့် ဖြစ်ပွားရသည်ဟု ခေါ်ဆိုသည့် ပြစ်မှုများ၊ မီးဖြင့်ရှို့မှု၊ အက်ဆစ်ဖြင့် တိုက်ခိုက်မှု၊ မုဒိမ်းမှု ကျူးလွန်ခံရသည့် သားကောင်အား ကျူးလွန်သူနှင့် အတင်းအကြပ်လက်ထပ်စေမှု၊ လျော်ကြေးပြန် ပေးရမှု သို့မဟုတ် လက်တုံ့ပြန်သည့် မုဒိမ်းကျင့်မှု၊ အမျိုးသမီးများ အမွေဆက်ခံပိုင်ခွင့်မရှိမှု၊ မုဆိုးမများအား လွဲမှားစွာ ပြုမူဆက်ဆံမှု အစရှိသည့် အလေ့အထများ ပါဝင်ပါသည်။

ကုလသမဂ္ဂတွင် ၎င်းနှင့် ပတ်သက်၍ သတင်းအချက်အလက်ပိုမိုပြည့်စုံသည့် အသုံးဝင်သော စာတမ်း တစ်ခု ရှိပါသည် - အမျိုးသမီးများအား "ထိခိုက်နစ်နာစေသည့် အလေ့အထများ" ဆိုင်ရာ ဥပဒေပြုမှုနှင့် သက်ဆိုင်သည့် ကောင်းသော အလေ့အထများ။

အဆိုပါထိခိုက်နစ်နာစေသည့် အလေ့အထများသည် မြန်မာနိုင်ငံတွင် ဖြစ်ပွားနေပါသလား? အကယ်၍ ဖြစ်ပွားနေပါက အဆိုပါအလေ့အထများ ကျင့်သုံးနေသည့်သူများ ရပ်တန့်စေရန်အတွက် မည်သည်တို့ လုပ်ဆောင်နိုင်မည်လဲ?

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များနှင့် ပတ်သက်၍ ကုလသမဂ္ဂအင်တာနက်စာမျက်နှာ (UN page) "စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ - ဗဟုသုတလမ်းကြောင်း" တွင် ရှာဖွေလေ့လာနိုင်ပါသည်။ [40]

## ၇။ အမျိုးသမီးများ ပူးပေါင်းပါဝင်မှုအတွက် သိသင့်သည့် အချက်များ

### ၇.၁။ ပါတီတွင်း အမျိုးသမီးအဖွဲ့များ (Women's Wings – WW)

အာရှဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံရှိ အရပ်ဖက်လူမှုအဖွဲ့အစည်းဖြစ်သည့် ဖန်တီးအိမ်တို့၏ "မြန်မာနိုင်ငံရှိ အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်မှု" သုတေသန အစီရင်ခံစာအရ မြန်မာနိုင်ငံမှ အမျိုးသမီးနိုင်ငံရေးသမားများ သည် အမျိုးသားနိုင်ငံရေးသမားများထက် ပညာအရည်အချင်းပိုမိုမြင့်မားကြောင်းတွေ့ရှိရပါသည်။[41] အမျိုးသမီး များ နိုင်ငံရေးနယ်ပယ်တွင် တိုးတက်မြင့်မားရေးမှာ ခက်ခဲပါသည်။ အဆိုပါအစီရင်ခံစာတွင် အမျိုးသမီးနိုင်ငံရေး သမားများက မိမိကိုယ်ကိုယုံကြည်မှုမရှိခြင်းသည် ၎င်းတို့၏ အဓိက ပြဿနာများထဲမှ တစ်ခုဖြစ်ကြောင်း ပြောကြားခဲ့ကြပါသည်။ ထို့အတွက် တစုံတခု လုပ်ဆောင်ရန် လိုအပ်နေပါသည်။

နိုင်ငံအမြောက်အမြားရှိ နိုင်ငံရေးပါတီများ၌ အဆိုပါ ပါတီ၏ အမျိုးသမီးအဖွဲ့ဝင်များသာ ပါဝင်ဖွဲ့စည်းသည့် အမျိုးသမီးအဖွဲ့များ Women's Wings (WW) ရှိပါသည်။ အဆိုပါအဖွဲ့များတွင် အမျိုးသမီးများဆွေးနွေးနိုင်ခြင်း၊ သင့်အနေဖြင့် ဥက္ကဋ္ဌတာဝန်ကို ယူနိုင်ခြင်း၊ ပါတီ၏ မူဝါဒများတွင် ကျား-မ ရေးရာအမြင်ပေါင်းစပ်ထည့်သွင်းလုပ်ဆောင်ခြင်းစသည့် အခွင့်အလမ်းများရရှိလာပြီး အဆိုပါ စိတ်ကူးအကြံဉာဏ်များကို ပါတီတစ်ခုလုံး၏

အခြေခံမှုများတွင် ဆောင်ရွက်နိုင်ပါသည်။ အမျိုးသမီးအဖွဲ့ တစ်ဖွဲ့သည် နိုင်ငံရေး မည်သို့လုပ်ကိုင်ရမည်ဆိုသည်ကို သင်ယူနိုင်သည့် ဖိုရမ်တစ်ခုလည်း ဖြစ်နိုင်ပါသည်။ သို့ရာတွင် ၎င်းသည် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် လမ်းကြောင်းတစ်ခုဖြစ်နိုင်သလို ဖြစ်လည်းဖြစ်သင့် ပါသည်။ အထက်တွင် ဖော်ပြထားသည့် အာရှဖောင်ဒေးရှင်းနှင့် ဖန်တီးအိမ်တို့၏ သုတေသနအစီရင်ခံစာအရ နိုင်ငံရေး၌ တက်ကြွ ဆောင်ရွက်သည့် အမျိုးသမီးထုအတွင်း ညီညွတ်မှုမရှိခြင်းကလည်း မြန်မာနိုင်ငံတွင် ကြီးမားသည့် ပြဿနာတစ်ရပ် ဖြစ်နေပါသည်။ သင့်ပါတီတွင်းမှ အမျိုးသမီးအဖွဲ့များသည် ကောင်းမွန်သည့် အမျိုးသမီးအဖွဲ့များ ဖြစ်ရန် ရည်မှန်းချက်များထားရှိသည့် ကောင်းစွာလု ပ်ငန်းလည်ပတ်ဆောင်ရွက်သော ညီအစ်မသဖွယ် အဖွဲ့အစည်းဖြစ်ပါက ၎င်း၏ပံ့ပိုးမှုဖြင့် အခြားအမျိုးသမီးများအား ယုံကြည်မှုရှိရန်နှင့် ၎င်းတို့နှင့်အတူတကွ ပူးပေါင်းဆောင်ရွက်ရန် သင်ယူနိုင်မည်ဖြစ်ပါသည်။

ကောင်းစွာလုပ်ငန်းလည်ပတ်ရန်အတွက် အမျိုးသမီးအဖွဲ့များသည် ပါတီ၏အဓိကကျသော အစိတ်အပိုင်း တရပ် ဖြစ်သင့်ပါသည် - ပါတီ၏ ဆုံးဖြတ်ချက်ချမှတ်သူများထဲတွင် ကိုယ်စားပြုမှုရှိသင့်ပြီး ပါတီ၏အဆင့်အသီးသီးသို့ မြှင့်တင်ရောက်ရှိစေရန်အတွက် လမ်းကြောင်း တစ်ခုအနေဖြင့် ဆောင်ရွက်သင့်ပါသည်။ အချို့သောနိုင်ငံများတွင် ပါတီခေါင်းဆောင်များ၏ ဇနီးများနှင့် ညီအစ်မ များသည် အမျိုးသမီးအဖွဲ့များ၏ ဥက္ကဋ္ဌများဖြစ်ကြပါသည်။ ၎င်းသည် ဒီမိုကရေစီနည်းလမ်းမကျပါ - လူတစ်ဦးတစ်ယောက်၏ ကိုယ်ပိုင် အရည်အသွေးသည်သာလျှင် ရွေးချယ်မှု၏ အခြေခံဖြစ်ရပါမည်။

၎င်းတွင် ကျယ်ပြန့်သော အမြင်တစ်ရပ်လည်းရှိနေပါသည်။ အမျိုးသမီးများသည် မိမိတို့၏ ရပ်ရွာအသိုက်အဝန်း၊ မိမိမြို့နှင့် နိုင်ငံ၊ မိမိ ဒေသနှင့် ကမ္ဘာကြီးတစ်ခုလုံးကို ပြောင်းလဲလိုသည့် တက်ကြွမှုရှိလာပါက အတူတကွ ရောက်ရှိ လာကြပါသည် - ဥပမာ ကုလသမဂ္ဂညီလာခံကြီးများတွင် တွေ့ဆုံပြီး ပိုမိုကောင်းမွန်သော အပြောင်းအလဲများ ဖြစ်လာစေရေးအတွက် မူဝါဒများ ဆွေးနွေးခြင်းဖြင့် ၎င်းတို့သည် ဝမ်းမြောက်ဖွယ်ရာ အစဉ်အမြဲ ပူးပေါင်း ဆောင်ရွက်ကြပါသည်။ ညီလာခံပြီးသည့်နောက် ၎င်းတို့၏အိမ်၊ ၎င်းတို့၏လွှတ်တော်များသို့ ပြန်လည် ရောက် ရှိကြပြီး ပူးပေါင်းဆောင်ရွက်မှု ရပ်တန့်သွားကြပါသည်။ ၎င်းတို့၏ သက်ဆိုင်ရာနေရာများသို့ ပြန်လည်ဝင်ရောက် သွားကြပြီး အခြားသောပါတီများမှ အမျိုးသမီးများကို ပြိုင်ဘက်များ သို့မဟုတ် ရန်သူများ အဖြစ် စတင်ရှုမြင်လာကြပါသည်။

အမှန်အားဖြင့် ပါတီများအတွင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ၎င်းတို့သည် ပိုမို၍ အောင်မြင်နိုင်ကြပါသည်။ သင်၏ လွှတ်တော်၊ ကောင်စီအတွင်းမှအမျိုးသမီးများအားလုံးဂရုစိုက်ရမည့်ခေါင်းစဉ်တစ်ခု (ဥပမာ - အမျိုးသမီးများအပေါ် အိမ်တွင်းအကြမ်းဖက်မှု သို့မဟုတ် လူကုန်ကူးမှု သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု) ရှိလာပြီး အမျိုးသမီးများကအဆိုပါပြဿနာကိုဖြေရှင်းရန်အတွက်ဥပဒေပြုမှုသို့မဟုတ်ငွေကြေးခွဲဝေချထားမှုကိုအပြောင်းအလဲ ပြုလုပ်လိုပါက အခြားပါတီများမှ အမျိုးသမီးများဆီသို့ သွားရောက်လေ့လာရန်မှာ အလွန်အရေးကြီးပါသည်။ ယင်းသည် ပါတီနစ်ခုတည်းသာရှိသည့် လွှတ်တော်ထက် ပါတီစုံစနစ်တွင် ပိုမို၍ လွယ်ကူပါသည်။ ထိုကဲ့သို့သော လွှတ်တော်များတွင် အမျိုးသမီးများ ပါတီပြင်ပနှင့် ချိတ်ဆက်ဆောင်ရွက်မှုမှာ ပိုမိုမြင့်မားပါသည်။

သုံးသပ်မှုပြုလုပ်ရန်: အမျိုးသမီးအဖွဲ့များ တည်ထောင်ခြင်း

သင့်ပါတီတွင် အမျိုးသမီးအဖွဲ့ ရှိပါသလား? မရှိလျှင် သင့်ပါတီအတွင်း အမျိုးသမီးအဖွဲ့ ဖွဲ့စည်းတည်ထောင်ရန်အတွက် ဖြစ်နိုင်ခြေရှိသည်ဟု တွေးမိပါသလား? စတင်တည်ထောင်ရန်အတွက် အချိန်ကောင်းဖြစ်ပါသလား? ဖြစ်သည်ထင်ပါက အောက်ပါအချက်အချို့အားသင်စဉ်းစားသင့်ပါသည်။

- အမျိုးသမီးအဖွဲ့ စတင်တည်ထောင်ရန်အတွက် အမျိုးသမီးများ၏ စိတ်ဝင်စားမှုကို မည်သို့ ရယူမလဲ?
- အမျိုးသမီးအဖွဲ့ တည်ထောင်ရန် လိုအပ်ကြောင်း ပါတီ၏ ခေါင်းဆောင်မှုပိုင်းအား မည်သို့ တိုက်တွန်းစည်းရုံးမလဲ?
- အမျိုးသမီးအဖွဲ့ ၏ အလုပ်များအတွက် အဓိက ရည်ရွယ်ချက်များကို သင်ဘယ်လိုဖော်ထုတ်မလဲ? ၎င်းအား ရေတို၊ ရေရှည် ရည်မှန်းချက်ပန်းတိုင်များအဖြစ် ခွဲခြားဖော်ထုတ်ပါက အသုံးဝင်နိုင်မည်ဖြစ်သည်။
- အဖွဲ့ဝင်တွေကရော - ပါတီတွင်းမှ အမျိုးသမီးများသီးသန့်လား သို့မဟုတ် အားလုံးဖိတ်ခေါ်မှာလား?
- ဥက္ကဌရာထူးအား အလှည့်ကျတာဝန်ယူနိုင်ရေးအတွက် နည်းဥပဒေမှာ ထည့်သွင်းရေးဆွဲရင် ကောင်းမလား? (ဥပမာ - လူတစ်ဦးသည် အချိန်ကာလတစ်ခုအတွင်း ၂-၃ ကြိမ်သာ တာဝန်ယူရန်)
- ရုံးချုပ်နဲ့ အောက်ခြေအဆင့်ကြား ဆက်နွယ်မှုကို ဘယ်လို စီမံဆောင်ရွက်မလဲ?
- အမျိုးသမီးအဖွဲ့ မှာ လွတ်လပ်တဲ့ ရန်ပုံငွေရှိအောင် ဘယ်လိုလုပ်မလဲ?

## ၇.၂။ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ (Women's Caucus)

နိုင်ငံအမြောက်အများ၏ လွှတ်တော်များတွင် အမျိုးသမီးများ၏ ညီလာခံဟုခေါ်သည့် - အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ရှိပါသည်။ နိုင်ငံရေးပါတီအသီးသီးမှ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ အားလုံးသည် အမျိုးသမီးများ အနေဖြင့် ၎င်းတို့နှင့် သက်ဆိုင်သည့် အကြောင်းအရာများကို လေ့လာရန် စုစည်းတွေ့ဆုံကြပါသည်။ ဥပမာ - အရပ်ဘက် လူမှုအဖွဲ့အစည်းမှ တစ်စုံ တစ်ယောက်သည် ညီလာခံအစည်းအဝေးသို့ လာရောက်ကာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ကြေညာချက် ၁၃၂၅ - အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအကြောင်းကို ပြောကြားသည်။ ထို့နောက် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကာ ၎င်းတို့အဖွဲ့ဝင်ဖြစ်နေသည့် လွှတ်တော်အနေဖြင့် ပဋိပက္ခအတွင်းမှ အမျိုးသမီးများ၏ ထိခိုက်ခံစားရမှုများအား မည်သို့ ဖြေရှင်းဆောင်ရွက်ပေးနိုင်မည်နှင့် အမျိုးသမီးငြိမ်းချမ်းရေးကိုယ်စားလှယ်များတိုးမြင့် လာစေရေးအတွက် မည်သို့ ဆောင်ရွက်နိုင်မည်ကို စဉ်းစားကြပါသည်။

သင့်လွှတ်တော်ထဲတွင် အမျိုးသမီးများ၏ အစုအဖွဲ့ ရှိပါသလား? အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ (women's causus) အနေဖြင့် အမျိုးသမီးများ၏ အခြေအနေ တိုးတက်လာစေရေးအတွက် ရည်မှန်းချက် ပန်းတိုင်များ အောင်မြင်စေရန်နှင့် မူဝါဒများရေး ဆွဲနိုင်စေရန် အလိုရှိသည်ဆိုပါက အရေးကြီး သည့်အချက်မှာ ဖြေရှင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဖော်ထုတ်ပြီး သင်တို့အားလုံး သဘောတူနိုင်မည့် မူဝါဒများအကြောင်း ပြောကြားရန်ဖြစ်ပါသည်။ သင်တို့အားလုံးက ကျား၊ မ အခြေပြု အကြမ်းဖက်မှုသည် ကြီးမားသည့် ပြဿနာ တစ်ရပ်ဖြစ်သည်ဟု ယူဆပါက ထိုအရာကို တိုက်ဖျက်နိုင်သည့် မူဝါဒတစ်ခုကို သဘောတူနိုင်ပါသည်။ ၎င်းသည် ဥပဒေပြုပြီးဖြစ်သလား၊ အမျိုးသမီးရဲဝန်ထမ်းများ ပိုမိုခန့်ထားသလား၊ အကြမ်းဖက်ခံရသူကို အကူအညီပေးသည့် ရဲများ၊ တရားရေးကဏ္ဍမှ တာဝန်ရှိသူများနှင့် လူမှုရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သူများအား သင်တန်းပေး ထားသလား၊ အမျိုးသမီးများအတွက် နားခိုရန်နေရာများ၊ ဥပဒေနှင့်ကျန်းမာရေးဝန်ဆောင်မှုများ ရှိသလား သို့မဟုတ် သတင်း အချက်အလက်ပေးရန် လှုပ်ရှားမှုများ စတင်မလား။ ညီလာခံတွင် အားလုံးအတူတကွ ဆွေးနွေးပြီးသည့်နောက် သင်တို့

တစ်ဦးချင်းစီသည် အဆိုပါအကြောင်း အရာအား မိမိတို့၏ သက်ဆိုင်ရာ ပါတီသို့ ယူဆောင်သွားပြီး ပြဿနာကိုဖြေရှင်း ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် ဆောင်ရွက်မှုများ လုပ်ဆောင်နိုင်ရန် ဆွေးနွေးမှု စတင်နိုင်ပါသည်။

## ၈။ မြန်မာနိုင်ငံ၏ နိုင်ငံရေး အခြေအနေနှင့် ပတ်သက်၍ သိသင့်သည့်အချက်များ

### ၈.၁။ မြန်မာနိုင်ငံ၏ စံတန်ဖိုးများ

ဤလမ်းညွှန်စာအုပ်တစ်အုပ်လုံးတွင် စံတန်ဖိုးအကြောင်း အထူးသဖြင့် ခွဲခြားဆက်ဆံမှုမရှိစေရေး အကြောင်း ပြောခဲ့ပါသည်။ "ခွဲခြားဆက်ဆံမှုမရှိစေရေး" ဆိုသည်မှာ မည်သည်ကိုဆိုလိုကြောင်း သိရှိနားလည်ရန် အရေးကြီးပြီး ခွဲခြားဆက်ဆံမှု မပြုလုပ်စေရေးနှင့် ခွဲခြားဆက်ဆံသည့် အပြုအမူများအား လက်မခံစေရေး အတွက် မည်သို့သော အခြေအနေများတွင် လူအများ ခွဲခြားဆက်ဆံမှု ပြုလေ့ရှိကြောင်းကို ဖော်ထုတ် ရန်လိုအပ်ပါသည်။

အခြားအရေးကြီးသည့် စံတန်ဖိုးမှာ မတူကွဲပြားမှုဖြစ်ပါသည်။ မြန်မာနိုင်ငံသည် မတူကွဲပြားသည့် တိုင်းရင်းသား လူမျိုးစုများ တည်ရှိနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည် - ဘာသာ၊ ယဉ်ကျေးမှု ကွဲပြားခြားနားသည့် တိုင်းရင်းသား လူမျိုးစုပေါင်း (၁၃၀) ကျော် ရှိပါသည်။ တူညီသည့် တိုင်းရင်းသားလူမျိုးစုထဲမှာပင် ယဉ်ကျေးမှု ထုံးတမ်းစဉ်လာ ကွဲပြားနိုင်ပါသည်။ ကျွန်ုပ်တို့သည် မတူ ကွဲပြားမှု၏ အလှတရားကို သိမြင်ရန်လိုအပ်ပြီး ၎င်းကို အားသာချက် အဖြစ် ရှုမြင်နိုင်ကြရန် သင်ယူကြရပါမည်။ ကျွန်ုပ်တို့နှင့် မတူညီသည့်လူမျိုးစုထဲမှလူများအား သံသယရှိနေ ကြမည့်အစား ၎င်းတို့အားယုံကြည်ရန်သင်ယူကြဖို့ လိုအပ်ပါသည်။ နိုင်ငံရေးသမားတစ်ယောက်အနေဖြင့် သင်သည် လူအများ နိုင်ငံရေးသမားများကို မယုံကြည်ကြသည်ကို သိရှိမည်ဖြစ်ပါသည်။ အထူးသဖြင့် အထွေထွေရွေးကောက်ပွဲနီးကပ် လာသည့်အခါ နိုင်ငံရေးသမားများသည် အပြစ်တင်ခံကြရပါသည်။ ကျွန်ုပ်တို့သည် အတွေးအခေါ်များကိုပြောင်းလဲ ရန် လိုအပ်ပါသည် - မတူကွဲပြားမှုကို ခြိမ်းခြောက်မှုအဖြစ်မရှုမြင်ပဲ ၎င်း၏တန်ဖိုးကိုနားလည်ရန် သင်ယူကြရပါမည်။ နိုင်ငံရေးသမား တစ်ယောက်သည် အဆိုပါယုံကြည်မှုတည်ဆောက်ရာတွင်စံနမူနာပြအဖြစ် ပြုမူနေထိုင်နိုင်ပါသည်။

မြန်မာနိုင်ငံသည် ကြီးမားပြီး မတူကွဲပြားမှုများ ရှိသည့်အလျောက် ကျွန်မတို့သည် လိုက်လျောညီထွေ နေထိုင်နိုင်ရန် လိုအပ်ပါသည်။ လိုက်လျောညီထွေရှိမှုသည် ဖွံ့ဖြိုးတိုးတက်မှု၏အဓိကအချက်ဖြစ်ပြီး ၎င်းသည် ကျား၊ မ တန်းတူညီ မျှမှုရှိစေရေးအတွက် လိုအပ်သည့်အချက်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် တည်ငြိမ်မှုမရှိသည့်နိုင်ငံတစ်ခုဖြစ်နေပါသည် (၁၇၈ နိုင်ငံထဲတွင် ၂၂ နိုင်ငံမြောက် ဖြစ်သည်)။ □ လက်နက်ကိုင်အဖွဲ့အစည်းအသီးသီးအကြား ပဋိပက္ခများ (တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကြား၊ တပ်မတော် နှင့် ဒေသတွင်းပဋိပက္ခများ) နှစ်ပေါင်းများစွာ ဖြစ်ပွားခဲ့ကြပါသည်။ ၎င်းအချက်က ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအတွက် ကြီးမားသည့် ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်စေပါသည်။ သို့ရာတွင် နိုင်ငံ၏တနေရာရာ၌ ပဋိပက္ခများမည်သို့ပင် ဖြစ်ပွား စေကာမူ ပဋိပက္ခများရပ်တန့်စေရေးမှာ မြန်မာနိုင်ငံရှိနိုင်ငံရေးသမားတိုင်းစိတ်ထဲတွင် ထားရှိရမည့် ရည်မှန်းချက် တစ်ရပ်ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ နိုင်ငံရေးသမားတစ်ယောက်သည် ပဋိပက္ခများကို ကောင်းစွာသဘောပေါက် နားလည်မှုရှိသည့် မှန်ကန်သည့် ချဉ်းကပ်မှုကို သင်ယူရန် လိုအပ်ပါသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ကြေညာချက် ၁၃၂၅

၂၀၀၀ ပြည့်နှစ်တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကြေညာချက် ၁၃၂၅ ကို ချမှတ်ခဲ့ပါသည်။ ၄င်းနောက်တွင် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးနှင့် သက်ဆိုင်သည့် အခြား ကြေညာ ချက်များဖြစ်သော ဆုံးဖြတ်ချက် (၇) ချက် (ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ကြေညာချက် ၁၈၂၀၊ ၁၈၈၈၊ ၁၈၈၉၊ ၁၉၆၀၊ ၂၁၀၆၊ ၂၁၂၂ နှင့် ၂၂၄၂) တို့ကို ချမှတ်ခဲ့ပါသည်။ ရည်ရွယ်ချက်များမှာ ပဋိပက္ခအတွင်း အမျိုးသမီးများ၏အသံကို နားထောင်ပေးရန်၊ စစ်ပွဲနှင့် ပဋိပက္ခ များအတွင်း ကျား-မ အခြေပြုအကြမ်းဖက်မှုရပ်တန့်စေရန်၊ ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေး ပွဲများတွင် အမျိုးသမီးများပါဝင်စေရန်၊ လူတိုင်းအကျုံးဝင်သော ဒီမိုကရေစီနည်းလမ်းကျသည့်ငြိမ်းချမ်းရေးဆောင်ရွက်မှု လုပ်ငန်းစဉ်များဖန်တီးရန်နှင့် ပိုမို၍တန်းတူညီမျှမှုရှိသော ငြိမ်းချမ်းရေးသဘောတူညီချက်များရေးဆွဲရန် စသည်တို့ဖြစ်ပါ သည်။
နိုင်ငံအတော်များများတွင် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံအဆင့် လုပ်ငန်းစီမံချက်များ ရေးဆွဲခဲ့ကြပါ သည်။ မြန်မာနိုင်ငံတွင်မူ ယခုအချိန်ထိမရှိသေးပါ။ သို့ရာတွင် နိုင်ငံအဆင့် လုပ်ငန်းစီမံချက် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် ကြေညာချက် ၁၃၂၅ နှင့် ၄င်း၏ ဆက်စပ် ကြေညာချက်များကို လိုက်နာကြရမည် ဖြစ်ပါ သည်။
မြန်မာနိုင်ငံ၏ လက်ရှိ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် သင့်အနေဖြင့် ပါဝင်ရန် အခွင့်အလမ်းရရှိသည်ဆိုပါက ကျေးဇူးပြု၍ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်ကို ဆောင်ယူသွားစေချင်ပါသည်။ သို့မဟုတ်ပါက ထိုသို့ ဆောင်ရွက်နိုင်သည့် လူများအား သင့်အနေဖြင့် ပံ့ပိုးမှုပေးပါ။

မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံတစ်ခုတွင် သံတမန်ဆန်မှု မှာလည်း နိုင်ငံရေးသမားတစ်ယောက်အတွက် အခြားသော အဓိက ကျသည့် အချက်တစ်ချက်ဖြစ်ပါသည်။ ၄င်းကို အပိုင်း ၁၊ အခန်း ၂ တွင် ပြောကြားခဲ့ပြီး ဖြစ်ပါသည်။ အခန်း ၉ တွင်မူ တရားဥပဒေစိုးမိုးရေးနှင့် ကောင်းမွန်သော အုပ်ချုပ်မှု အစရှိသည်တို့ကဲ့သို့သော မည်သည့် ဒီမိုကရေစီစနစ်တွင်မဆို အဓိကကျလှသည့် စံတန်ဖိုးများအကြောင်း ပြောကြားမည်ဖြစ်ပါသည်။

## ၈.၂။ ဖက်ဒရယ်စနစ် (Federalism)

မြန်မာနိုင်ငံကဲ့သို့သော ပထဝီအနေအထားနှင့် လူဦးရေရှိသည့် နိုင်ငံအများအပြားတွင် ဖက်ဒရယ်စနစ်ကို ကျင့်သုံးကြပါသည်။ ၄င်းနိုင်ငံများတွင် လွတ်လပ်မှု အများအပြားရှိပြီး ပြည်ထောင်စုအဆင့်က အဓိကဥပဒေပြုမှုနှင့် နိုင်ငံခြားရေး မူဝါဒများကို ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံတွင် ဖက်ဒရယ်စနစ်ကို ထူထောင်ရန် ပြောကြားမှုများရှိခဲ့ကြပြီး လူအတော်များများကလည်း ကြိုက်နှစ်သက်ကြပါသည်။ ဖက်ဒရယ်စနစ်ထူထောင်ရန်မှာ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲရန် လိုအပ်ပါသည်။ အဆိုပါ ပြုပြင်ပြောင်းလဲရေးမှာ တိုင်းဒေသကြီးအဆင့် လွှတ်တော်များ၏ ဥပဒေပြုရေးအခန်းကဏ္ဍကို ပြောင်းလဲရန်အတွက် ကြီးမားသည့်လုပ်ဆောင်မှုတစ်ခု ဖြစ်ပါသည်။

UN Women အဖွဲ့သည် "မြန်မာနိုင်ငံ၏ ဖက်ဒရယ်စနစ်အတွင်းမှ ကျား၊ မ ရေးရာ တန်းတူညီမျှမှု" ဟူသည့် ဖက်ဒရယ်စနစ်၏ အားသာချက်၊ အားနည်းချက်များကို ကျား၊ မ ရေးရာရှုထောင့်မှ သုံးသပ်သည့် သုတေသန အစီရင်ခံစာကို ထုတ်ပြန်ခဲ့ပါသည်။□

## ၈.၃။ ပထဝီနိုင်ငံရေး

ကျွန်ုပ်တို့ ကမ္ဘာကြီး၏ နိုင်ငံအတော်များများတွင် အိမ်နီးချင်းနိုင်ငံများနှင့် ပြဿနာအချို့ရှိကြသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ရှိနေပါသည်။

---

ပြန်လည်စဉ်းစားသုံးသပ်ရန် - မြန်မာနိုင်ငံမှ တရုတ်ကို ပြန်ပေးရမည့် ပြဿနာ

ဗြိတိန်သတင်းစာဖြစ်သည့် ဂါးဒီးယန်းတွင် ၂၀၁၉ ခုနှစ်၊ မတ်လ၌ အဆိုပါ ဆောင်းပါးဖော်ပြခဲ့ပါသည် (၎င်းသည် ခက်ခဲ သည့် အိမ်နီးချင်းက မည်သို့သော ပြဿနာများ ကြုံတွေ့နိုင်သည်ဆိုသည်ကို ဖော်ပြသည့် တစ်ခုတည်းသော ဥပမာဖြစ် ပါသည်)။
မြန်မာနိုင်ငံ၏ ကချင်တိုင်းရင်းသားလူနည်းစုထဲမှ အမျိုးသမီးများအား တဖက်နိုင်ငံသို့ ဖြတ်ကျော်ကာ တရုတ်များ၏ ဇနီးမယားများအဖြစ်ရောင်းချပြီး ကိုယ်ဝန်ရရှိသည်အထိ မုဒိမ်းကျင့်ခံကြရသည့် ကုန်သွယ်မှုလုပ်ငန်းတိုးမြင့်လာသည်ကို တိုင်ကြားမှုများအား မြန်မာနှင့် တရုတ်အာဏာပိုင်များသည် မျက်ကွယ်ပြုနေခဲ့ကြပါသည်။
လူ့အခွင့်အရေး စောင့်ကြည့်လေ့လာမှုအဖွဲ့၏ "ငါတို့ကို ကလေးတစ်ယောက်ပေး၊ မင်းတို့ကို ပြန်လွှတ်မယ်" ဟု အမည်ရသည့် စုံစမ်းလေ့လာမှုအရ အချို့သောအမျိုးသမီးများသည် ကလေးများ မွေးဖွားပြီးနောက် မိမိအိမ်သို့ ပြန်ခွင့် ရခဲ့ကြသော်လည်း ၎င်းတို့၏ ကလေးများ ကို ထားခဲ့ရန် ဖိအားပေးခံကြကြောင်းတွေ့ရှိရပါသည်။
ဘေးအန္တရာယ်မှ ပြန်လည်လွတ်မြောက်ခဲ့သူ တစ်ဦးက "ကျွန်မ ကလေးမွေးပြီး တစ်နှစ်အကြာမှာ တရုတ်အမျိုးသားက ဘာလုပ်ရမယ်ဆိုတာ ရွေးချယ်ခိုင်းခဲ့ပါတယ်၊ ကျွန်မအိမ်ကို ပြန်ခွင့်ရခဲ့ပေမယ့် ကလေးကိုတော့ ခေါ်လာခွင့်မရခဲ့ပါဘူး" ဟုပြောကြားခဲ့ပါသည်။ □
ထိုကိစ္စတွေရဲ့ အခြေခံအကြောင်းရင်းကဘာတွေလဲ? ဒီလိုကိစ္စမျိုးထပ်မဖြစ်ပွားအောင် ဘာတွေလုပ်သင့်သလဲ? ဘာတွေ လုပ်နိုင်သလဲ?

---

မြန်မာနိုင်ငံအား အခြားသော အိမ်နီးချင်းနိုင်ငံများက အဘယ်ကြောင့် စိတ်ဝင်စားသလဲဟူသည့် အကြောင်းပြချက်များထဲမှတစ်ခုမှာ နိုင်ငံ၏သယံဇာတပေါကြွယ်ဝမှုကြောင့်ဖြစ်ပါသည်။ ဖော်ပြခဲ့ပြီးသော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် ပန်းတိုင်များ (အပိုင်း ၂၊ အခန်း ၅ တွင်ကြည့်ပါ) တွင် သဘာဝ သယံဇာတများကို စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်ရန် ပါဝင်ပါသည်၊ အထူးသဖြင့် ရည်မှန်းချက်ပန်းတိုင် ၁၄ နှင့် ၁၅ ကို ကြည့်ပါ။ အဆိုပါ သယံဇာတများပေါကြွယ်ဝခြင်းက စစ်ပွဲများဖြစ်ပွားရခြင်းနှင့် ဆက်စပ်မှု ရှိနေပါသည်။ သဘာဝ သယံဇာတများအား မည်သူပိုင်ဆိုင်ပါသနည်း? ၎င်းတို့၏ အသက်မွေးဝမ်းကြောင်းမှုအတွက် ပတ်ဝန်းကျင်ကို မှီခိုနေရသည့် ဒေသခံပြည်သူများက ပိုင်ဆိုင်ပါသလား သို့မဟုတ် အရင်းမြစ်များအား ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ပြီး ပိုမိုကျယ်ပြန့်သည့် လူစုများ၏ ဝင်ငွေနှင့် အကျိုးကျေးဇူးကို ဖန်တီးပေးနိုင်သည့် နိုင်ငံတစ်ခုလုံးက ပိုင်ဆိုင်ပါသလား? သို့မဟုတ် ကုန်ကြမ်းမှ ကုန်ချောအဖြစ် ထိရောက်စွာထုတ်လုပ်ပေး နိုင်သည့် ကုမ္ပဏီကြီးများက ပိုင်ဆိုင်ပါသလား ?

ပြန်လည်စဉ်းစားသုံးသပ်ရန် - သဘာဝသယံဇာတများအား ပိုင်ဆိုင်မှု

သင်နေထိုင်သည့် နေရာတွင် အမျိုးမျိုးသောသူများက စိတ်ဝင်စားသည့် သဘာဝသယံဇာတများရှိနေပါသလား? သင်နေထိုင်သည့် နယ်ပယ်အတွင်းမှ ပြည်သူများအား သဘာဝသယံဇာတများ၏ အကျိုးကျေးဇူးကို စဉ်ဆက်မပြတ် ရရှိခံစားနိုင်ဖို့ သင်ကူညီနိုင်သည်ဟု ထင်မြင်ပါသလား?

## ၈.၄။ လွှတ်တော်အဆင့်တွင် စီဒေါအကောင်အထည်ဖော် ဆောင်ရွက်မှု

အပိုင်း ၃၊ အခန်း ၄တွင် စီဒေါကွန်ဗင်းရှင်းအကြောင်း ပြောခဲ့ကြပါသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် စီဒေါလုပ်ငန်းစဉ် များအတွင်း ပါဝင်နိုင်သည့် အခွင့်အလမ်းရှိပါသည်။ စီဒေါကော်မတီမှ အဖွဲ့ဝင်နိုင်ငံများအတွက် အကြံပြုချက်အများအပြား ရှိပါသည်။ ၎င်းတို့ထဲတွင် အောက်ပါတို့ ပါဝင်ပါသည် -

- လွှတ်တော်များသည် အစီရင်ခံစာတင်သွင်းရေးလုပ်ငန်းစဉ်နှင့် ကွန်ဗင်းရှင်းနှင့် ၎င်း၏ ကျင့်ဝတ်များအား အကောင် အထည်ဖော်ဆောင်ရွက်ခြင်းတို့တွင် ပြည့်ဝစွာ ပါဝင်ဆောင်ရွက်ရမည်။
- ကိုယ်စားလှယ်များမှ မဲပေးသူများကို စီဒေါကော်မတီ၏ လုပ်ငန်းများအကြောင်းအသိပေးရန် လွှတ်တော်က တိုက်တွန်းအားပေးရမည်။
- နိုင်ငံတော်က သက်ဆိုင်ရာ သတင်းအချက်အလက်များအားလုံးကို လွှတ်တော်ကိုယ်စားလှယ်များအား ပုံမှန် ပံ့ပိုးပေး ရမည်။
- အဖွဲ့ဝင်နိုင်ငံတစ်ရပ်အနေဖြင့် သတင်းအချက်အလက်များရယူရန်မှာ နိုင်ငံတော်၏ တာဝန်ဝတ္တရားဖြစ်ပြီး အခြားသော ဖြေရှင်းဆောင်ရွက်ပေးရန်ရှိသည့်ကိစ္စရပ်များကို လွှတ်တော်ကိုယ်စားလှယ်များထံ ဆောင်ယူ ပေးရမည်။
- စီဒေါကော်မတီအဖွဲ့ဝင်များအား အဖွဲ့ဝင်နိုင်ငံသို့ ဖိတ်ကြားသည့်အခါများတွင် အဖွဲ့ဝင်နိုင်ငံအနေဖြင့် ဆန္ဒရှိပါက လွှတ်တော်ကိုယ်စားလှယ်များနှင့် အစည်းအဝေးများ ကျင်းပပေးနိုင်သည်။

ကော်မတီသည် လွှတ်တော်အဆင့်တွင် တန်းတူညီမျှမှုရှိစေရေးအတွက် ကျား၊ မ တန်းတူညီမျှရေး ကော်မရှင်များ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ စုံစမ်းလေ့လာမှုနှင့် သတင်းအချက် အလက်ရယူမှုများ၊ အမျိုးသမီးများ နှင့် အမျိုးသား များကြား တန်းတူညီမျှမှုအတွက် ဥပဒေပြုရေးဆိုင်ရာ တိုးတက်မှုများအစရှိသည့်နိုင်ငံတော်အဆင့် ယန္တရားအားကောင်းစေရန် အရေးကြီးကြောင်းဖော်ပြပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) ကို အရပ်ဘက် လူမှုအဖွဲ့ အစည်းများ အားလုံးပါဝင်မှုဖြင့် ရေးဆွဲခဲ့ပါသည် (အောက်တွင်ကြည့်ပါ)၊ အွန်လိုင်းတွင်လည်း ဖတ်ရှုနိုင်ပါသည်။ □

ဘေဂျင်းလုပ်ငန်းအစီအစဉ်၊ စီဒေါနှင့် မြန်မာနိုင်ငံ

မြန်မာနိုင်ငံအစိုးရသည် စတုတ္ထအကြိမ် ကမ္ဘာ့အမျိုးသမီးများညီလာခံ(ဘေဂျင်း ၁၉၉၅) တွင် ပါဝင်တက်ရောက် ခဲ့ပြီးနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ (Myanmar National Committee on Women's Affairs – MNCWA) ကို ၁၉၉၆ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ကော်မတီအား ၂၀၁၈ ခုနှစ်တွင် အရပ်ဘက်လူမှုအဖွဲ့ အစည်းများ နှင့် ကျား-မရေးရာကွန်ရက်အဖွဲ့များမှ ကိုယ်စားလှယ်များ၏ ပါဝင်မှုဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ (Myanmar National Committee on Women – MNCW) အဖြစ် ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။

ကုလသမဂ္ဂစီဒေါနှင့် ဘေဂျင်းလုပ်ငန်းအစီအစဉ်များအပေါ် နိုင်ငံတော်အစိုးရမှ ကတိပြုဆောင်ရွက်သည့်အနေဖြင့် လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် ကုလသမဂ္ဂ ကျား-မ ရေးရာအဖွဲ့နှင့် ကျား၊ မ တန်းတူညီမျှရေးကွန်ရက်တို့၏ နည်းပညာဆိုင်ရာ ပံ့ပိုးမှုဖြင့် "အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃ -၂၀၂၂)" □ ကို ရေးဆွဲချမှတ်ခဲ့ပါသည်။ အဆိုပါ စီမံကိန်းသည် ဘေဂျင်းလုပ်ငန်းအစီအစဉ်မှ ဦးစားပေးနယ်ပယ် ၁၂ ရပ်နှင့် စီဒေါ၏ စည်းမျဉ်းများပေါ်တွင် အခြေခံထားပါသည်။ စီမံကိန်းထိရောက်စွာ အကောင်အထည် ဖော်ဆောင်ရွက်ရေးအတွက် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ ၄ ဖွဲ့ဖြစ်သည့် - (၁) အမျိုးသမီးများအပေါ် အကြမ်းဖက်မှု နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ (၂) အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးနည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ (၃) အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှု နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့နှင့် (၄) ကျား၊ မရေးရာအမြင်ပေါင်းစပ် ထည့်သွင်းလုပ်ဆောင်ခြင်း နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ တို့ကို ၂၀၁၈ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပါသည်။

စီဒေါကော်မတီသည် လွှတ်တော်မှ အမျိုးသမီးအခွင့်အရေးကို တိုးမြှင့်ဆောင်ရွက်ရာတွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ အမျိုးသမီးအဖွဲ့အစည်းများနှင့်အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်ဆောင်ရွက်မှုများနှင့် အလွတ်သဘော ချိတ်ဆက် ဆောင်ရွက်မှုများရှိရန် အရေးကြီးကြောင်းဖော်ပြပါသည်။

လွှတ်တော်၏ တာဝန်ဝတ္တရားများကို ပိုမို သိသာထင်ရှားစေရေးအတွက် အဖွဲ့ဝင်နိုင်ငံများ၏ အစီရင်ခံစာများအား ကော်မတီမှ ကြားနာစစ်ဆေးခြင်းမပြုလုပ်မီ ကိုယ်စားလှယ်အဖွဲ့ထဲတွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရနှင့် လွှတ်တော်ကြား ဆက်သွယ်မှုဆိုင်ရာအထူးအကြံပေးတစ်ယောက်အားထည့်သွင်းရန် ကော်မတီမှ တိုက်တွန်းခဲ့ပါသည်။

## ၉။ ဒီမိုကရေစီ၏ စံတန်ဖိုးများနှင့် ကျင့်သုံးမှုများအကြောင်း သိသင့်သည့် အချက်များ

ကမ္ဘာ့တစ်ဝှမ်းလုံးတွင် ဒီမိုကရေစီ စံနှုန်း ရာနှုန်းပြည့် ရှိသောနိုင်ငံဟူ၍မရှိပါ။ အမှားမကင်းသည့် လူသား များဖြင့် တည်ဆောက်ထားသည့် ကျွန်ုပ်တို့၏ နိုင်ငံရေး စနစ်များသည်လည်း မှန်ကန်တိကျမှုအပြည့်အဝမရှိနိုင်ပါ။ ထိုသို့ မဟုတ်သည့်အတွက် ဒီမိုကရေစီ၏ ပန်းတိုင်သို့ တင်းပြည့်ကျပ်ပြည့် အားလုံး ရောက်ရှိနိုင်ရေးမှာ ဖြစ်နိုင်မည် မဟုတ်ပါ။ ရွေးကောက်ခံရသူများနှင့် ၎င်းတို့အား ရွေးကောက်တင်မြှောက်ကြသည့် နိုင်ငံသားတိုင်းသည် အောက်ပါ ဒီမိုကရေစီ၏

အခြေခံမှုများအားသိရှိပြီး ၎င်းတို့ကို တန်ဖိုးထားကြရန် အရေးကြီးပါသည်။

## တန်းတူညီမျှမှုနှင့် လူ့အခွင့်အရေး

လူသားတိုင်းသည် တန်းတူညီမျှ တန်ဖိုးထားခံပိုင်ခွင့်ရှိသည်၊ တန်းတူအခွင့်အလမ်း ရှိသည်၊ ၎င်းတို့၏ လူမျိုး၊ ဘာသာ၊ တိုင်းရင်းသားဖြစ်မှု၊ ဘာသာစကား၊ ကျား၊ မ ရေးရာ သို့မဟုတ် လိင်စိတ်ခံယူမှု ကွဲပြားခြင်းအပေါ် မူတည်၍ ခွဲခြားမှု မရှိစေရပါ။ နိုင်ငံသားတိုင်း၏ လူ့အခွင့်အရေးအား အကာအကွယ်ပေးရပါမည်။ ဥပမာ -

- လူသားတိုင်းသည် မိမိ၏ နိုင်ငံတွင် လွတ်လပ်စွာ လှုပ်ရှားသွားလာပိုင်ခွင့်၊ နေထိုင်ခွင့်ရှိပြီး မိမိနိုင်ငံမှ ထွက်ခွာခွင့်နှင့် မိမိနိုင်ငံသို့ ပြန်လာပိုင်ခွင့်ရှိသည်။
- လူသားတိုင်းသည် လွတ်လပ်စွာ တွေးခေါ်ခွင့်၊ လွတ်လပ်စွာ သိခွင့်နှင့် လွတ်လပ်စွာ ကိုးကွယ်ပိုင်ခွင့် ရှိသည်။
- လူသားတိုင်းသည် လွတ်လပ်စွာ သဘောထားပိုင်ခွင့်နှင့် ထုတ်ဖော်ပြောကြားခွင့်ရှိသည်။
- လူသားတိုင်းသည် လွတ်လပ်စွာ စုစည်းခွင့်ရှိပြီး ငြိမ်းချမ်းစွာ စုဝေးပါဝင်ခွင့်ရှိသည်။

## စီးပွားရေးဆိုင်ရာ လွတ်လပ်မှု

အစိုးရသည် ပိုင်ဆိုင်မှုနှင့်စီးပွားရေးလုပ်ငန်းအချို့အား ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ပြုသည်။ ပြည်သူများအား ၎င်းတို့၏ ကိုယ်ပိုင်အလုပ်ကို ရွေးချယ်ခွင့်ပြုပြီး အလုပ်သမားသမဂ္ဂများတွင် ပါဝင်ခွင့်ပြုသည်။ ယေဘုယျအားဖြင့် ဒီမိုကရေစီစနစ်တွင် လွတ်လပ်သည့်ဈေးကွက်ရှိသင့်ကြောင်းလက်ခံပြီး အစိုးရအနေဖြင့် စီးပွားရေးကိုထိန်းချုပ်မှု မပြုလုပ် သင့်ပါ။

## အခွင့်အရေးဆိုင်ရာ ဥပဒေ

နိုင်ငံသားများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များဆိုင်ရာ ဖော်ပြချက်တစ်ခုဖြစ်သည်။ အဆိုပါဖော်ပြချက်တွင် အစိုးရ၏ အခွင့်အာဏာ ကို ကန့်သတ်ထားပြီး လွတ်လပ်မှုသည် ပြည်သူတိုင်းအတွက် ဖြစ်ကြောင်းနှင့် အစိုးရ၏ ပြည်သူများအပေါ် အခွင့်အာဏာအလွဲသုံးမှုမှ အကာအကွယ်ပေးထားကြောင်း ရှင်းလင်းထားခြင်းလည်း ဖြစ်သည်။

## တရားဥပဒေစိုးမိုးမှု

တရားဥပဒေ ရှေ့မှောက်တွင် လူသားတိုင်း တန်းတူညီမျှမှုရှိပြီး ဥပဒေ၏ အကာအကွယ်ပေးမှုကို ခွဲခြားမှု မရှိပဲ ရရှိစေရမည်။ တရားဥပဒေအထက်တွင် မည်သူမျှ မရှိစေရ - ၎င်းတွင် ရွေးချယ်တင်မြှောက်ခံရသူများ၊ ရဲနှင့် တပ်မတော်အဖွဲ့ဝင်များ ပါဝင် သည်။ ဥပဒေသည် တန်းတူညီမျှစွာ၊ မျှတစွာ၊ ညီညွတ်စွာ စိုးမိုးမှုရှိရမည်။

## အာဏာအလွဲသုံးမှုကို ထိန်းချုပ်ခြင်း

အစိုးရဝန်ထမ်းများသည် ပြည်သူပိုင် ရန်ပုံငွေကို ၎င်းတို့ ကိုယ်ကျိုးအတွက် သုံးစွဲလာသည့်အခါ သို့မဟုတ် ၎င်းတို့၏ အာဏာ ကို တရားမဝင်သည့် နည်းလမ်းဖြင့် အသုံးပြုလာသည့်အခါတွင် လာဘ်စားမှုဖြစ်ပေါ်လာသည်။ အဆိုပါ အာဏာအလွဲသုံးမှုကို ကာကွယ်ရန်အတွက် ဒီမိုကရေစီအစိုးရများသည် အစိုးရရုံးများ၏ အခွင့်အာဏာဆိုင်ရာ တည်ဆောက်ပုံများကို ကန့်သတ် ထားလေ့ရှိပါသည်။

## လွတ်လပ်၍ မျှတသော ရွေးကောက်ပွဲများ

ရွေးကောက်ခံရသူများသည် ပြည်သူမှ လွတ်လပ်စွာ မျှတစွာ ရွေးချယ်ခံရသူများဖြစ်ပါသည်။ ရွေးကောက်ပွဲများအား သတ်မှတ် နှစ်ကာလအတွင်း ပုံမှန် ကျင်းပကြပါသည်။ အရွယ်ရောက်ပြီးသူ အများစုမှာ မဲပေးပိုင်ခွင့်ရှိပြီး လူမျိုး၊ ကျား-

မ၊ တိုင်းရင်းသား ဖြစ်မှုနှင့် စီးပွားရေးအခြေအနေပေါ် မူတည်ခြင်းမရှိပဲ မဲပေးနိုင်ကြပါသည်။ ရွေးကောက်ပွဲ မတိုင်မီနှင့် ရွေးကောက်ပွဲ ကာလ အတွင်း ဖိအားပေးမှု၊ လာဘ်စားမှု သို့မဟုတ် ခြိမ်းခြောက်မှုများ မရှိစေရပဲ မဲပေးရန်အတွက် အဟန့်အတားများမရှိစေရပါ။

## ပါတီစုံစနစ်များ

ရွေးကောက်ပွဲတွင် တစ်ပါတီထက်ပိုသောပါတီများပါဝင်ခဲ့ကြပြီး အစိုးရ၏အခန်းကဏ္ဍများတွင် ပါဝင်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ပါတီစုံစနစ်တွင် အစိုးရအား ကိစ္စရပ်များအပေါ် မတူညီသည့်အမြင်ရှုထောင့်များပေးပြီး မဲပေးသူများအား ရွေးကောက်ခံကိုယ်စားလှယ်များ၊ ပါတီများနှင့်မူဝါဒများကို ရွေးချယ်ခွင့်ပေးထားပါသည်။ တစ်ပါတီတည်းသာရှိသည့် နိုင်ငံများသည် အများအားဖြင့် အာဏာရှင်စနစ်များ/သက်ဦးဆံပိုင် စနစ်များ ဖြစ်ကြပါသည်။

## နိုင်ငံသားများ ပါဝင်မှု

အစိုးရတွင် နိုင်ငံသားများပါဝင်မှုမှာ အခွင့်အရေးတစ်ရပ်ထက်ပိုပါသည် - ၄င်းသည် တာဝန်ဝတ္တရားတစ်ရပ်ဖြစ်သည်။ ပါဝင်မှုသည် ရွေးကောက်ခံခြင်း၊ ရွေးကောက်ပွဲတွင် မဲပေးခြင်း၊ သတင်းပေးခံ ပြည်သူများဖြစ်လာခြင်း၊ ကိစ္စရပ်များအပေါ် ငြင်းခုံမှုရှိခြင်း၊ ရပ်ရွာလူထုအစည်းအဝေးများတွင်တက်ရောက်ခြင်း၊ အခွန်ပေးဆောင်ခြင်း၊ တရားစီရင်ရေးအဖွဲ့တွင် တာဝန်ထမ်းဆောင်ခြင်းနှင့် ကန့်ကွက်ခြင်းများ ပါဝင်ပါသည်။ နိုင်ငံသားများ၏ ပါဝင်မှုသည် အားကောင်းသော ဒီမိုကရေစီစနစ်ကို ထူထောင်နိုင်ပါသည်။

## တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှု

ရွေးကောက်ခံနှင့် အစိုးရ အမှုထမ်း/အရာထမ်းများသည် ၄င်းတို့၏ လုပ်ဆောင်ချက်များအတွက် တာဝန်ရှိကြပြီး ပြည်သူလူထုကို တာဝန် ခံကြရပါသည်။ ၄င်းတို့သည် ဆုံးဖြတ်ချက်များချမှတ်ရပြီး ၄င်းတို့ကိုယ်တိုင်အတွက် မဟုတ်ဘဲ ၄င်းတို့ကိုယ်စားပြုသူများ၏ဆန္ဒအတိုင်း တာဝန်များကိုထမ်းဆောင်ကြရပါသည်။ အစိုးရ၏ တာဝန်ခံမှုရှိစေရန်အတွက် ပြည်သူလူထုက အစိုးရအနေဖြင့် မည်သည့်လုပ်ဆောင်ချက်များဆောင်ရွက်နေသည်ကို သိရှိကြရမည်ဖြစ်ပါသည်။ ပွင့်လင်းမြင်သာမှုရှိသော အစိုးရသည် လူထုအစည်းအဝေးများကျင်းပပြီး ပြည်သူလူထုတက်ရောက်ရန် အခွင့်ပေးပါသည်။ ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များအား ရှင်းလင်းပွဲများပြုလုပ်ပြီး ပြည်သူလူထုထံ သို့ အမြဲသတင်းပေးပါသည်။

## လွတ်လပ်သော တရားစီရင်ရေး

တရားရုံးများနှင့်တရားစီရင်ရေးစနစ်သည် သမာသမတ်ကျပါသည်။ တရားသူကြီးများနှင့်တရားစီရင်ရေးဌာနမ ျား သည် အစိုးရ၏အုပ်ချုပ်ရေးနှင့်ဥပဒေပြုရေးမဏ္ဍိုင်များ၏လွှမ်းမိုးမှု သို့မဟုတ် ချုပ်ကိုင်မှုမရှိဘဲ လွတ်လပ်စွာ ဆောင်ရွက်နိုင်ကြသည်။ ၄င်းတို့သည် အခြားသော လူပုဂ္ဂိုလ်များ၊ စီးပွားရေး လုပ်ငန်း များနှင့် နိုင်ငံရေးအုပ်စုများ၏ နှောင့်ယှက်မှု သို့မဟုတ် လွှမ်းမိုးမှုလည်းမရှိရပါ။

## နိုင်ငံရေးအရ သည်းခံမှု (Political Tolerance)

နိုင်ငံရေးအရ သည်းခံမှုကို နားလည်သဘောပေါက်စေရန် "သည်းခံမှု" ဆိုသည်ကို ဦးစွာနားလည်ရန်လိုပါသည်။ ပြင်သစ်သနပညာရှင် ဗော်လ်တဲယား ပြောဆိုသည်ဟုယုံကြည်ရသော အဆိုအမိန့်တစ်ရပ်တွင် "ခင်ဗျားပြောတာ ကျွန်တော်လက်မခံဘူး၊ ဒါပေမယ့် ခင်ဗျားရဲ့ပြောဆိုခွင့်အခွင့်အရေးကို ကျွန်တော်သေသည်အထိ ကာကွယ်ပေးသွားပါမယ်" ဟုဖော်ပြခဲ့သည်။

ယင်းသို့ တွေးခေါ်မှုပုံစံသည် ”သည်းခံမှု” ကို ကောင်းစွာဖော်ညွှန်းပါသည်။ ”သည်းခံမှု” ဆိုသည်မှာ အပြုသဘော ဆောင်သော သဘောတရားတစ်ရပ်ဟု မှန်ကန်စွာနားလည်ရပါမည်။ ”သည်းခံမှု” သည် ကျွန်ုပ်တို့ကို ထုတ်ဖော် ပြော ဆိုနိုင်သည့်အခွင့်အလမ်းကိုပေးပါသည်။ ယင်းသည် ဒီမိုကရေစီစနစ်ကို ကျင့်သုံးမှုအားလုံးတွင် အခရာ ပင်ဖြစ်သည်။ တစ်နည်းဆိုရသော် "သည်းခံမှု" ကို ကျယ်ပြန့်စွာစဉ်းစားပါက ဘက်လိုက်မှုကင်းစွာဖြင့် ချဉ်းကပ် ခြင်းဟု ဆိုရပါမည်။

လူမှုအဖွဲ့အစည်းသည် မတူညီသည့် ဘာသာရေး၊ မတူညီသည့် ကိုယ်စားပြုလူမျိုးများ၊ မတူညီသည့် ကျား၊ မ ရေးရာ ခံယူမှုများ သို့မဟုတ် မတူညီသည့် လိင်စိတ်တိမ်းညွတ်မှုများအစရှိသည့် မတူညီသော ယဉ်ကျေးမှု နောက်ခံရှိသည့် လူများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ အဆိုပါ မတူကွဲပြားသည့် လူမှုစီးပွားရေးနှင့် တိုင်းရင်း သား အုပ်စုများမှ ပြည်သူများ အားလုံးသည် တူညီသည့်နိုင်ငံရေးအမြင်များကို တန်ဖိုးထား ဆုပ်ကိုင်ထား ကြခြင်းဖြစ်သည်။ ဒီမိုကရေစီ လူမှုအဖွဲ့အစည်းသည် နိုင်ငံရေးအရ သည်းခံမှုရှိရမည်ဖြစ်ပြီး လူနည်းစုများနှင့် အခြားအုပ်စုများ၏ အခွင့်အရေးများကို အကာအကွယ်ပေးရမည် ဖြစ်သည်။ အဆိုပါ အခွင့်အာဏာလက်ဝယ် မရှိသည့်သူများအား စုစည်းခွင့်ပေးပြီး ၎င်းတို့၏ သဘောထားအမြင်များကိုမျှဝေခွင့်ပေးရမည် ဖြစ်သည်။

## ရွေးကောက်ပွဲရလဒ်များကိုလက်ခံခြင်း

လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများတွင် အနိုင်၊အရှုံးရှိမည်သာဖြစ်သည်။ ဒီမိုကရေစီစနစ်သည် အာဏာ ကို တစ်ပါတီမှ အခြားပါတီသို့ ငြိမ်းချမ်းစွာ လွှဲပြောင်းပေးရမည် ဆိုသည့်အချက်ပေါ်တွင် အခြေခံထားခြင်းဖြစ်သဖြင့် ရှုံးနိမ့်သူများ နှင့် ၎င်းတို့အား ပံ့ပိုးသူများသည် ရွေးကောက်ပွဲတွင် ရှုံးနိမ့်သည်ကို လက်ခံကြရမည်ဖြစ်သည်။ □

## လွတ်လပ်စွာ ရှင်းလင်းပြောကြားခွင့်

မဲပေးသူများ လွတ်လပ်စွာ တွေးတော ဆုံးဖြတ်နိုင်စေရန်အတွက် မီဒီယာ အများအပြားရှိရန်နှင့် လွတ်လပ်မှုရှိရန် အရေးကြီးပြီး ၎င်းတို့အား အစိုးရက ထိန်းချုပ်မှုမရှိစေရပါ။

"ကျား၊ မ တန်းတူညီမျှမှုရှိသော နိုင်ငံများသည် ပိုမိုကောင်းမွန်သည့် စီးပွားရေးတိုးတက်မှုရှိပါသည်။ အမျိုးသမီးခေါင်းဆောင် များရှိသည့် ကုမ္ပဏီများသည် ပိုမို၍ ကောင်းမွန်အောင် စွမ်းဆောင်နိုင်ကြပါသည်။ အမျိုးသမီးများ ပါဝင်သည့် ငြိမ်းချမ်းရေး သဘောတူညီချက်များသည် ပိုမို တည်တံ့ပါသည်။ အမျိုးသမီးများ ပိုမို ပါဝင်သည့် လွှတ်တော်များတွင် အဓိက လူမှုရေးဆိုင်ရာ ကိစ္စရပ်များဖြစ်သည့် ကျန်းမာရေး၊ ပညာရေး၊ ခွဲခြား ဆက်ဆံမှုပပျောက်ရေးနှင့် ကလေးသူငယ်ပံ့ပိုးမှု အစရှိသည် ဥပဒေပြုမှု များကို ပိုမိုဆောင်ရွက်နိုင်ကြပါသည်။ သာဓကမှာ ရှင်းလင်းပါသည် - အမျိုးသမီးများအတွက် တန်းတူညီမျှမှုသည် အားလုံးအတွက် တိုးတက်မှုဖြစ်သည်”

ဘန်ကီမွန်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အထွေထွေအတွင်းရေးမှူး ၂၀၀၇-၂၀၁၇

ကျမ်းကိုးစာရင်း


7 Isabel Hardman 2018: Why We Get the Wrong Politicians

8 Banerjee & Duflo 2011: Poor Economics – A Radical Rethinking of the Way to Fight Global Poverty

15 https://en.wikipedia.org/wiki/U_Thant

18 Beijing Platform for Action, 1995

19 https://www.ohchr.org/EN/NewsEvents/Pages/DisplayNews.aspx?NewsID=24279&LangID=E

24 https://www.iisd.org/story/gender-responsive-climate-action/

27 http://www.fao.org/3/a-i6854e.pdf

39 https://www.un.org/womenwatch/daw/egm/vaw_legislation_2009/Report%20EGM%20harmful%20practices.pdf

44 https://www.theguardian.com/world/2019/mar/21/kachin-women-from-myanmar-raped-until-they-get-pregnant-in-china

46 https://myanmar.unfpa.org/en/publications/national-strategic-plan-advancement-women-2013-2022


(Endnotes)

1 Myanmar School of Politics Core Programme Curriculum, 2015 (NIMD, Demo Finland)

2 Myanmar School of Politics Core Programme Curriculum, 2015 (NIMD, Demo Finland)

3 Ref: Vote for Women: Determinants of Voter's Choice & Women's Participation in Election in Myanmar 2015, Socio-Economic and Gender Research Institute (SERGI)

4 Ref: Gender Equality and Women's Rights in Myanmar: A Situation Analysis, Ministry of Social Welfare, Relief and Resettelment, Asian Development Bank, United Nations Development Programme, United Nations Population Fund, and the United Nations Entity for Gender Equality and the Empowerment of Women, 2016

5 https://asiafoundation.org/resources/pdfs/StateandRegionGovernmentsinMyanmarCESDTAF.PDF

6 Myanmar School of Politics Core Programme Curriculum, 2015 (NIMD, Demo Finland)

9 https://www.weforum.org/reports/the-global-gender-gap-report-2018

10 https://www.un.org/sustainabledevelopment/wp-content/uploads/2018/09/Goal-5.pdf

11 https://blogs.imf.org/2018/11/28/economic-gains-from-gender-inclusion-even-greater-than-you-thought/

12 https://www.un.org/womenwatch/uncoordination/antiharassment.html

13 Ref: https://www.un.org/womenwatch/uncoordination/antiharassment.html

14 ttp://www.unwomen.org//media/headquarters/attachments/sections/library/publications/2018/towards-an-end-to-sexual-harassment-en.pdf?la=en&vs=4236

16 https://www.ohchr.org/EN/NewsEvents/Pages/DisplayNews. aspx? News ID=24279 & LangID=E

17 Shwe Shwe Sein Latt, Kim N. B. Ninh, Mi Ki Kyaw Myint and Susan Lee 2017: Women's Political Participation in Myanmar. Experiences of Women Parliamentarians 2011-2015

20 Shwe Shwe Sein Latt, Kim N. B. Ninh, Mi Ki Kyaw Myint and Susan Lee 2017: Women's Political Participation in Myanmar. Experiences of Women Parliamentarians 2011-2015

21 https://www.idea.int/sites/default/files/publications/online-political-crowdfunding.pdf

22 https://news.yale.edu/2012/09/24/scientists-not-immune-gender-bias-yale-study-shows

23 https://www.who.int/gender-equity-rights/understanding/gender-definition/en/

25 https://www.un.org/womenwatch/osagi/gendermainstreaming.htm

26 http://www.fao.org/3/a-i6854e.pdf

28 http://www.wom.fi/Tasa-arvon_valtavirtaistaminen_opas_2011.pdf

29 https://www.wikigender.org/wiki/gender-budgeting/

30 https://www.wikigender.org/wiki/gender-budgeting/

31 https://www.unescap.org/sites/default/files/SDD_Gender-Responsive_Budgeting.pdf

32 https://www.weforum.org/agenda/2019/03/do-the-math-include-women-in-government-budgets

33 https://www.ipu.org/news/news-in-brief/2019-03/womens-political-leadership-striving-50-cent-balance-in-2030

34 https://www.idea.int/data-tools/data/gender-quotas

35 https://myanmar.unfpa.org/en/publications/thematic-report-gender-dimensions

36 https://demofinland.org/wp-content/uploads/2015/06/Gender_equality_within_political_parties_and_womens_crossparty_cooperation_WEB.pdf

37 https://demofinland.org/wp-content/uploads/2015/06/Gender_equality_with in_political_parties_and_womens_crossparty_cooperation_WEB.pdf

38 https://www.un.org/sustainabledevelopment/gender-equality/

40 https://www.un.org/sustainabledevelopment/

41 Shwe Shwe Sein Latt, Kim N. B. Ninh, Mi Ki Kyaw Myint and Susan Lee 2017: Women’s Political Participation in Myanmar. Experiences of Women Parliamentarians 2011-2015

42 https://en.wikipedia.org/wiki/List_of_countries_by_Fragile_States_Index

43 http://asiapacific.unwomen.org/en/digital-library/publications/2018/07/ advancing-gender-equality-within-a-federal-governance-model-in-myanmar

45 https://myanmar.unfpa.org/sites/default/files/pub-pdf/NSPAW2013-2022_0.pdf

47 http://studentvote.ca/federal2015/wp-content/uploads/2015/08/FED-SEC-EN-Handout-1.11.pdf